# ရွှေဥဒေါင်း

## ဝတ္ထုတို ၅ ပုဒ်



ဝတ္ထုတို ၅ ပုဒ်၊ ရွှေဒေါင်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၁၄၁ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ဝတ္ထုတို ၅ ပုဒ်

ရွှေဥဒေါင်း

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

# မာတိကာ


၁။ မောင်သိန်းတင်၊ မသိန်းရှင် ၁

၂။ နိုင်ငံရေးစာတစ်စောင် ပျောက်ဆုံးမှု ၂၉

၃။ ဒိန်းဒလိန်းနတ်နှင့် ပတ်သက်သော သူရသတ္တိ ၇၀

၄။ မာနကြီး ၉၂

၅။ မင်းတုန်းမင်း၏ ရွှေဖလား ၁၁၈


❑



# မောင်သိန်းတင်၊ မသိန်းရှင်*

ကျောင်းဒကာ ဦးဖော့၊ ကျောင်းအမ ဒေါ်သော့၊ သမီးခင်ပွန်းတို့သည် မိမိတို့၏အိမ်နီးချင်းပွဲစားကြီး ဦးဘမောင်၊ ပွဲကတော်ကြီး ဒေါ်သာယာတို့နှင့် ငယ်စဉ်ကပင် ရပ်ဆွေရပ်မျိုးဖြစ်ကြသည့်အလျောက် ဘုရားသွားဖော် ကျောင်းတက်ဖက် ရေစက်အတူ ကြည်ဖြူလေးမြတ်စွာနှင့် တစ်ဦး၏ကိစ္စကို တစ်ဦး အထူးဆောင်ရွက်လျက် အရာရာတိုင်း၌ပင် တိုင်ပင်နီးနှောလေ့ ရှိကြလေ၏။

ကျောင်းဒကာကြီး ဦးဖော့၌ မောင်သိန်းတင် အမည်ရှိသောသားတစ်ယောက်ရှိလေရာ ပွဲစားကြီးလင်မယား၌လည်း မသိန်းခင်၊ မသိန်းရှင်ဟု သမီးနှစ်ယောက်ရှိလေ၏။ သမီးအကြီး မသိန်းခင်မှာ ဘီအေ (B.A) အောင်ပြီး၍ အငယ်မသိန်းရှင်မှာမူ အပျိုပေါက်ကလေးပင် ရှိသေးလေ၏။ မောင်သိန်းတင်နှင့် မသိန်းရှင်တို့မှာ

---

* ပထမဆုံး မြန်မာဝတ္ထုတိုအဖြစ် ပညာရှင်များ ဖော်ညွှန်းကြပြီး သူရိယမဂ္ဂဇင်းတွင် စတင်ဖော်ပြခဲ့စဉ်က စာရေးသူအမည်ကို 'ရေးသူဆုရသည်' ဟုသာ အမည်ပေးခဲ့သည်။

ငယ်စဉ်ကပင် ကစားဖော် ကစားဖက်ဖြစ်ကြ၍ တစ်ဦးနှင့်တစ်ဦး မောင်နှမအရင်းအချာကဲ့သို့ ချစ်ခင်စုံမက်လျက်ရှိခဲ့ကြရာ မောင်သိန်းတင်မှာ လူပျိုကလေးဖြစ်၍ မသိန်းရှင်မှာလည်း ရှက်ကြောက်တတ်သည့် အရွယ်သို့ပင် ရောက်သော်လည်း ၎င်းတို့နှစ်ဦးမှာ ငယ်စဉ်ကကဲ့သို့ပင် ခေါ်ခေါ်ပြောပြော အရောတဝင်နေထိုင်ကြလေ၏။ အမိအဖတို့လည်း နှစ်သက်ကြဟန် လက္ခဏာနှင့် တားမြစ်ပိတ်ပင်ခြင်းမရှိဘဲ အမှတ်တမဲ့သာလျှင် နေကြလေ၏။ မောင်သိန်းတင်မှာ အင်္ဂလိပ်စာ ၉ တန်းတွင် သင်ကြားလျက်ရှိရာ အဖ ကျောင်းဒကာကြီးသည် ၎င်းအား ပညာတိုးပွားစေခြင်းငှာ မောင်ဘလှိုင်ရှိရာ ပွဲစားကြီး၏အိမ်သို့ နားမလည်သောအရာရှိလျှင် အလွယ်တကူ မေးမြန်းနိုင်ရန် ညတိုင်းသွား၍ စာကျက်စေလေ၏။

တစ်နေ့သ၌ မောင်သိန်းတင်သည် စာအုပ်များကိုပိုက်လျက် ပွဲစားကြီး၏ အိမ်သို့သွားရာ မောင်ဘလှိုင်နှင့် မသိန်းခင်တို့သည် အရိပ်ပြပွဲသို့သွားရန် ပြင်ဆင်လျက်ရှိနေကြသဖြင့် မောင်သိန်းတင်အားလည်း မိမိတို့နှင့်အတူ လိုက်ရန် တိုက်တွန်းကြသော်လည်း မောင်သိန်းတင်မှာ စာမေးပွဲနီးပြီဖြစ်၍ မလိုက်လိုကြောင်းနှင့် တောင်းပန်ပြီးလျှင် မိမိစာဖတ်နေကျဖြစ်သော စားပွဲတွင် စာဖတ်နေလေ၏။ ပွဲစားကြီးလင်မယားလည်း မှန်အိမ်များကို လက်ဆွဲလျက် ကျောင်းဒကာကြီးတို့နှင့်အတူ ဘုရားဝတ်တက်ရန်သွားကြလေ၏။ မောင်သိန်းတင်လည်း စားပွဲတွင် တစ်ယောက်တည်း စာဖတ်လျက် နေရာမှ ခြေသံကြားသဖြင့် လှည့်၍ကြည့်လိုက်ရာ မသိန်းရှင်သည် လက်ဖက်ရည်တစ်ခွက်ကို ကိုင်လျက်လာသည်ကိုမြင်လျှင်–

"အလို… မသိန်းရှင်၊ ရုပ်ရှင်ပွဲကို မလိုက်ဘူးလား"

"ခေါင်းနည်းနည်းကိုက်လို့ မလိုက်ဘူး မောင်သိန်းတင်ရေ့၊

ကဲ စာဖတ်လို့ တော်တော်မောပြီ ထင်တယ်။ လက်ဖက်ရည်တစ်ခွက် သောက်လိုက်ပါဦး"

ဟုပြော၍ လက်ဖက်ရည်ခွက်ကို မောင်သိန်းတင်၏ရှေ့တွင် ချပြီးလျှင် အနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက်နေလေ၏။ မောင်သိန်းတင်လည်း လက်ဖက်ရည်ခွက်ကို ယူသောက်၍ ကျေးဇူးတင်စကားပြောပြီးလျှင် စာဖတ်မည်ပြုပြန်ရာ မသိန်းရှင်သည် ထိုင်ရာမှ မထသေးဘဲ "အင်္ဂလိပ်စာများ အင်မတန်ခက်သလား" ဟုမေးလျှင်-

"လူမျိုးကွဲစာ သင်ရတယ်ဆိုတာ နည်းနည်းတော့ ခက်တာပေါ့ မသိန်းရှင်၊ မြန်မာစာလောက်တော့ ဘယ်လွယ်မလဲ"

"နည်းနည်းတတ်ချင်ပါတယ်၊ သင်ပေးပါလား။ ကိုကိုက သင်မယ်ဆိုပြီး သင်လည်း မပေးဘူး"

"ကိုကိုက သင်မပေးရင် ဒီက သင်ပေးပါမယ်၊ စာမေးပွဲပြီးတော့ သင်လည်း သင် အားပါလိမ့်မယ်"

တစ်နေ့က ဈေးကပြန်လာတော့ ကောင်ကလေးတစ်ကောင်က မိုင်ဆွီးတားဆိုလား ဘာဆိုလား ပြောတာ ကြားလိုက်တယ်။ ဒါ ဘာဆိုသလဲ ပြောစမ်းပါ မောင်သိန်းတင်ရဲ့"

ဟု တကယ်မသိသော မျက်နှာထားနှင့်မေးလျှင် မောင်သိန်းတင်လည်း စာဖတ်လိုလှသဖြင့် စကားမရှည်လိုသောကြောင့် "နောက်တော့ သင်ပေးပါမယ်၊ အခု ခဏဆိုင်းလိုက်ပါဦး" ဟုပြောသဖြင့် မသိန်းရှင်သည် ထိုင်ရာမှထ၍ ပြတင်းပေါက်မှ မျှော်ကြည့်လိုက်လေလျှင် အပျိုကလေးတချို့တို့နှင့် ကလေးတို့သည် ရွှေလသာလှသည်နှင့် ထုပ်ဆီးတမ်းကစားလျက် နေကြသည်ကိုမြင်သဖြင့် "ဒီမှာ ကြည့်လှည့်စမ်း မောင်သိန်းတင်၊ ပျော်စရာကောင်းလိုက်တာ။ ထုပ်ဆီးတမ်းများ မကစားရတာ ကြာလှပြီ။ ခဏလောက်ဆင်းပြီး ကစားရရင်

မကောင်းဘူးလား” ဟု ခေါ်၍ပြောလျှင် မောင်သိန်းတင်လည်း ထိုင်ရာမှထလာ၍ “ခေါင်းကိုက်တဲ့လူကလည်း ထုပ်ဆီးတမ်းတော့ ကစားနိုင်ရောလား၊ မလုပ်ပါနဲ့ မသိန်းရှင်ရယ်။ စာမေးပွဲက နီးလှပြီ၊ စာကျက်စရာတွေကလည်း များသေးတယ်” ဟု ပြော၍ ပြတင်းပေါက်မှ နှစ်ယောက်သား ခါးထောက်လျက် ကြည့်နေကြလေ၏။ မောင်သိန်းတင်က–

“ခေါင်းကြောင်းစီးတဲ့ဟာက ဘယ်သူလဲ မသိန်းရှင်ရဲ့”

“ဟိုဘက်အိမ်က မမြမေကလေးလေ”

“ဩော်... သူ့အသားကလေးက လရောင်မှာတော့ တယ်ပြီးလှပါကလား၊ ချစ်စရာကလေးပဲနော်။ ဒါ့ကြောင့် မော်လမြိုင်သူများလှတယ် ပြောကြတာထင်ပါရဲ့” ဟု ပြောလျှင် မသိန်းရှင်လည်း အနည်းငယ် မျက်နှာမသာဘဲ

“မော်လမြိုင်သူ ဘယ်လိုပဲလှပေမဲ့ တစ်နေ့က ဦးကျော်ဒွန်းသမီးနားထွင်းမင်္ဂလာတုန်းက နားရှံဖိတ်လို့ သွားကြတာ မောင်သိန်းတင်မြင်လိုက်တယ် မဟုတ်လား”

“ဩော်... မြင်လိုက်တယ်၊ သည်အရပ်က လေးယောက်ဖိတ်တယ် ထင်ပါရဲ့။ မိန်းမချောကလေးတွေ ချည်းပါပေပဲဗျာ၊ တယ်ချောတယ်လှ”

ဟုပြောလျှင် မသိန်းရှင်သည် မောင်သိန်းတင်၏မျက်နှာကို စေ့စေ့ ကြည့်လျက်–

“သည်လေးယောက်ထဲက ဘယ်သူက အချောဆုံးထင်သလဲ မောင်သိန်းတင်ရဲ့”

“နေပါဦး... ဘယ်သူများ သာလိမ့်မည်၊ မမြမေကလေးရယ်၊ မလှရင်ရယ်၊ မလှတင်ရယ်၊ ပြီးတော့ကော”

"ပြီးတော့ ဒီကရယ်..."

"ဩော်... မသိန်းရှင်ရယ်လား၊ အင်း လေးယောက်စလုံးပဲ ကြည့်လို့ ကောင်းကြပါပေတယ်၊ တစ်မျိုးစီပါပဲ"

"တစ်မျိုးစီတော့ ဟုတ်ပါပြီ မောင်သိန်းတင်ရဲ့၊ သေသေချာချာ ပြန်စဉ်းစားကြည့်ပါဦး၊ ဘယ်သူက သာပြီး ကြည့်လို့ကောင်းသလဲ"

"အင်း... မလှရင်ကတော့ နည်းနည်းအသားကလေး ညိုတယ်၊ မလှတင်ကတော့လည်း အရပ်က နည်းနည်းရှည်တယ်"

"မမြမေကကော"

"မမြမေကတော့ မဆိုစလောက်ကလေး အရပ်ပုတယ်"

ဟုပြောပြီးလျှင် မသိန်းရှင်အား ခြေဆုံးခေါင်းဆုံးကြည့်လျက် နေရာမှ–

"မသိန်းရှင်ကတော့ အပြစ်ရှာစရာ ကြည့်လို့ မမြင်ပေဘူးဗျာ" ဟု ပြုံးလျက်ပြောလိုက်ရာ–

"ခုတင်ကတော့ မမြမေကလေးက လှတယ်ဆို"

"လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံးတဲ့၊ မော်လမြိုင်သူ ဘယ်လိုပင် လှပေမဲ့ သည်က ရွှေမန်းသူတော့ ဘယ်မီနိုင်မလဲ"

ဟု ပြောင်သလိုလို မျက်နှာထားနှင့် ပြောလိုက်သောအခါ မသိန်းရှင်သည် မိမိ မေးမိသည်ကို အရှက်ရ၍ မျက်နှာပူပူနှင့် ဦးခေါင်းကို အောက်ချလျက် နေလေ၏။

မောင်သိန်းတင်လည်း မိမိ ပြောမိသည့်စကားအဓိပ္ပာယ်ကို စေ့စေ့ပြန်၍ စဉ်းစားမိလျှင် အနည်းငယ်မျက်နှာပူသည်နှင့် ပြတင်းပေါက်မှ အိမ်သို့ လှမ်း၍ကြည့်လိုက်ရာ "မုန့်ဖက်ထုပ်၊ မုန့်ဖက်ထုပ်" ဟု ဟစ်၍ရောင်းနေသော မုန့်သည်ကြီးကို မြင်လျှင် "မုန့်ဖက်ထုပ်က ကောင်းပုံပေါ်သည်" ဟု အရှက်ပြေပြောပြီးလျှင် မုန့်သည်ကြီးကို အိမ်

ပေါ်သို့ခေါ်၍ မုန့်အနည်းငယ် ဝယ်ယူစားသောက်ကြလျှင် မုန့်သည် မိန်းမကြီးလည်း ၎င်းတို့နှစ်ဦးကို သေချာစွာ ကြည့်လျက် "တယ်ပြီး ရှေ့သွားနောက်လိုက် ညီပါပေတယ်တော်၊ ကြည့်လို့ မငြီးပါပေဘူး၊ ယခု မုန့်ဖက်ထုပ်ဝယ်စားရတဲ့အကျိုး၊ တစ်ယောက်အပေါ်၌ တစ် ယောက် မုန့်ကဲ့သို့ ချိုပြီးလျှင် အိုအောင် မင်းအောင် ပေါင်းရပါစေ" ဟု ဆုတောင်းပြီးလျှင် မုန့်ဗန်းကိုပင့်၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။ မသိန်းရှင်လည်း မုန့်သည်အဒေါ်ကြီး အထင်လွဲ၍ပြောသွားသည်ကို ကြားသဖြင့် များစွာ မျက်နှာထားခက်လျက် ရှိရသည့်အတွက် မောင်သိန်းတင်က "အဒေါ်ကြီးက ဘယ့်နှယ်များ အောက်မေ့သွားပါ လိမ့်မည်၊ ကြားလိုက်တယ် မဟုတ်လား မသိန်းရှင်၊ အဒေါ်ကြီး ပြောတာ ဘယ့်နှယ်သဘောရသလဲ" ဟု ခပ်ပြုံးပြုံး မျက်နှာထားဖြင့် မေးလိုက်လျှင် မသိန်းရှင်သည် မောင်သိန်းတင်၏ မျက်နှာကို မော်ကြည့်ပြီးလျှင် လက်ဖက်ရည်ပန်းကန်ကိုယူ၍ ထသွားလေ၏။

မောင်သိန်းတင်၊ မသိန်းရှင်တို့သည် ငယ်စဉ်မှစ၍ တစ်မိ ဝမ်းတွင်း အတူဆင်းကြသည့် မောင်ရင်းနှမသဘော အရောတဝင် ခေါ်ငင်ပေါင်းသင်းလျက် လာခဲ့ကြရာ ထိုနေ့မှသည် တစ်ဦးကိုတစ်ဦး မခေါ်ဝံ့ မပြောဝံ့၊ တစ်ဦးရှိရာတစ်ဦး မလာဝံ့ကြဘဲ အမူကွဲပြားလျက် ရှိကြကုန်၏။ ထိုသို့ပင်ရှိကြသော်လည်း တစ်ဦးကိုတစ်ဦး ရှေးကထက် နှစ်ဆထမ်းပိုး မြတ်နိုးချစ်ခင် မမြင်လျှင် မနေနိုင်ခမန်း ရှိကြသည် အဖြစ်ကို နှစ်ဦးလုံးပင် သိရှိကြလေ၏။

ဤသို့ ၂ လကျော် ၃ လခန့်ရှိခဲ့လေရာ မောင်သိန်းတင်မှာ ၉ တန်း စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုပြီးဖြစ်သဖြင့် မောင်သိန်းတင်၏ အမိအဖတို့မှာလည်း သားအား ပညာဆက်လက်သင်ကြားရန် မတတ် နိုင်မူ၍ ရွှေဘိုမြို့ အရေးပိုင်မင်းရုံးတွင် စာရေးအလုပ်တစ်ခု လစ်လပ်

သည်နှင့် မောင်သိန်းတင်အား လျှောက်ထားစေရာ မောင်သိန်းတင်လည်း ၎င်းအလုပ်ကို ရရှိလေ၏။ ၎င်းအကြောင်းကို မသိန်းရှင်တို့၏အဖပွဲစားကြီး ကြားသိလေလျှင် များစွာ ပြစ်တင်ပြောဆို၍ မောင်သိန်းတင်ကို ရန်ကုန်ကောလိပ်ကျောင်းတွင် ပညာသင်ကြားနိုင်စေရန် မိမိကပင် စရိတ်ကြေးငွေ စိုက်ထုတ်ချေးငှားပါမည်ဟု ကျောင်းဒကာကြီးအား အတန်တန် ပြောဆိုပါသော်လည်း ကျောင်းဒကာကြီးမှာ သားတစ်ယောက်တည်းဖြစ်သည့်ပြင် မိမိ၌လည်း အိုမင်းမစွမ်းရှိသည်ဖြစ်၍ ကျောထောက်နောက်ခံဆိုဘိသကဲ့သို့ ရစေခြင်းငှာ မိမိတို့မသေမီအတွင်း သားနှင့် ကြာရှည်စွာ ခွဲခွာ၍မနေလိုကြောင်းနှင့် ပြောဆို၍ ပွဲစားကြီးအားလည်း မိတ်ဆွေတို့ ဝတ္တရားရှိသည့်အတိုင်း စောင်မကြည့်ရှုပေသည်ကို များစွာ ကျေးဇူးတင်စကားပြောပြီးလျှင် သားအမိ သားအဖသုံးယောက်တို့သည် ရွှေဘိုသို့သွားရန် ပြင်ဆင်ကြလေ၏။

မောင်သိန်းတင်လည်း ညှိုးငယ်သော မျက်နှာဖြင့် ပွဲစားကြီးအိမ်သို့ သွားရောက်၊ အသီးသီးတို့အား ထိုက်သည့်အားလျော်စွာ ဝမ်းနည်းကြောင်း ပြောဆိုပြီးလျှင် မသိန်းရှင်ကို မမြင်ရသေးသည်နှင့် ခပ်ဆိုင်းဆိုင်းလုပ်၍နေရာ မသိန်းခင်လည်း မောင်သိန်းတင်၏ မျက်နှာထားကို ရိပ်မိသဖြင့် ညီမအငယ်ရှိရာသို့ တက်သွားပြီး တအောင့်ကြာလျှင် ပြန်ဆင်းလာ၍ နှမ မသိန်းရှင်မှာ ခေါင်းကိုက်၍နေသဖြင့် ဆင်းမလာနိုင်ကြောင်းကို ပြောလေလျှင် မောင်သိန်းတင်လည်း မသာယာသော မျက်နှာဖြင့် ပြန်ခဲ့ရလေ၏။ အိမ်ပြင်သို့ရောက်လျှင် မသိန်းရှင်အား မမြင်ရလျှင် မနေနိုင်မူ၍ အိမ်ဘက်သို့ လှည့်ပြီးလျှင် ပြတင်းပေါက်သို့ကြည့်လိုက်ရာ မသိန်းရှင်လည်း တံခါးကြားမှ ချောင်း၍ ကြည့်နေသည်ဖြစ်သောကြောင့် မျက်နှာကို မမြင်ရဘဲ အကျီစ

ကလေးကိုသာ မြင်လိုက်ရသဖြင့် မောင်သိန်းတင်လည်း သက်ပြင်းချပြီးလျှင် အမိအဖတို့နှင့်အတူ မီးရထားဘူတာရုံသို့ သွားရလေ၏။

ရွှေဘိုသို့ ရောက်ကြလျှင် ကျောင်းဒကာကြီး လင်မယားတို့သည် မောင်သိန်းတင်ကို မိတ်ဆွေတစ်ယောက်အိမ်တွင် အပ်နှံ၍ မိမိတို့မှာ မန္တလေး၌ ကိစ္စအနည်းငယ်ဆောင်ရွက်ရန် ရှိသေးသည်နှင့် ရတ်တရက် ခရွှေ့ပြောင်းနိုင်သေးသဖြင့် မန္တလေးသို့ ပြန်ကြလေ၏။

မောင်သိန်းတင်လည်း ရွှေဘိုသို့ရောက်၍ အလုပ်အကိုင် ဝင်ရောက် လုပ်ကိုင်ရသော်လည်း အလုပ်၌ များစွာစိတ်မပါသည်နှင့် အမှားမှားအယွင်းယွင်း အချွတ်ချွတ် အချော်ချော်ဖြစ်ပြီးလျှင် အထက်လူကြီးတို့၏ ငြိုငြင်ခြင်းကို ခံရလေ၏။ တစ်နေ့သ၌ မောင်သိန်းတင်သည် မိမိနှင့် ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်နှင့် တွေ့ဆုံမိရာ ကျောင်းသားတို့ဘာဝ မိမိတို့ ကျောင်းနေစဉ်အခါက အဖြစ်အပျက်များကို ပြန်လည် ပြောဆိုကြပြီးနောက် ၎င်းသူငယ်ချင်းသည် မောင်သိန်းတင်အား မိမိအိမ်သို့ အလည်လိုက်ရန် တိုက်တွန်းပြီးလျှင် မိမိနှင့်အတူခေါ်၍ သွားလေ၏။ ၎င်းသူငယ်ချင်းများမှာ ရွှေဘိုသားဇာတိဖြစ်သဖြင့် မိမိ၏ အမိအဖတို့နှင့်အတူ နေထိုင်လျက်ရှိရာ ထိုအခါ၌ အထက်အရပ်များတွင် အင်္ဂလိပ်ပညာတတ်များလည်း ရှားသေးသည်ဖြစ်သောကြောင့် ၎င်း၏အမိအဖတို့သည် မောင်သိန်းတင်အား ယခုအခါ ဘီအေများကို ညွှတ်ခံဘိသကဲ့သို့ အရေးတယူ ပျူပျူငှာငှာ ညွှတ်ခံ၍ စကားပြောပြီးလျှင် အမိအဖတို့နှင့် ဝေးကွာ၍နေရသည်အတွင်း ၎င်းတို့အား အမိအဖကဲ့သို့ အားကိုးပြီးလျှင် တိုင်ပင်ရန်ရှိကလည်း တိုင်ပင်၍ အားမငယ်ရန်အကြောင်း ပြောလေ၏။ မောင်သိန်းတင်လည်း ဝတ္တရားရှိသည့်အတိုင်း မိမိအားလည်း သားကလေး၊ တူကလေးကဲ့သို့ အောက်မေ့ပြီးလျှင် ရုံးကိစ္စမှစ၍ လူငယ်နှင့်

လျော်သော အခြားကိစ္စတို့၌လည်း ကြည့်ရှုခိုင်းစေပါက ဝမ်းမြောက်စွာ ဆောင်ရွက်ပါမည်အကြောင်းကိုပြောလျှင် မောင်ဘစိန်၏ အမိအဖတို့လည်း မိမိတို့၏အိမ်သို့ မောင်ဘစိန် မရှိသော်လည်း ဝင်ထွက်လည်ပတ်ရန် ပြောဆိုကြလေ၏။

မောင်သိန်းတင်လည်း ရောက်ခါစဖြစ်သည်နှင့် အသိအကျွမ်းနည်းပါးသည်အခိုက် မောင်ဘစိန်တို့၏ အမိအဖတို့က ဤကဲ့သို့လိုလားကြပေသည်ကို ကျေးဇူးတင်ဖွယ်ရှိပေသဖြင့် ညနေရုံးမှပြန်၍ ထမင်းစားပြီးလျှင် မောင်ဘစိန်၏ အိမ်သို့သွားရောက်၍ စကားစမြည် ပြောဆိုနေကြပြီးလျှင် အိပ်ချိန်ကျရောက်မှ ပြန်ခဲ့လေ၏။ ဤသို့ ညစဉ်သွားရောက်၍ စကားအကျွမ်းတဝင် တိုင်ပင်နှီးနှောနေကြသည်မှာ ၁၅ ရက်ခန့်ရှိလေလျှင် ပထမတွေ့စဉ်အခါ၌ လောကဝတ်စကားဖြင့်သာလျှင် ချစ်ခင်အားကိုးပါဟု ပြောဆိုလိုက်သည်မှာ ယခုအခါ၌မူကား အကယ်ပင် လူကြီးကလည်း လူကြီးအလျောက်၊ လူငယ် ကလည်း လူငယ်အလိုက် များစွာချစ်ခင်ကြင်ကြင်နာနာ ရှိကြကုန်၏။ မောင်ဘစိန်၌ အရုပ်အရည်နှင့်ပြည့်စုံ၍ ရွှေဘိုမြို့ပေါ်တွင် 'ထိပ်ကျ' သည်ဟု ခေါ်လောက်ပေသော ၁၈ နှစ်အရွယ် အစ်မတစ်ယောက် ရှိလေ၏။ မောင်သိန်းတင်သည် အိမ်သို့ အလည်လာရောက်သည့်အခါ မသင်းကြည်လည်း အမိအဖတို့နှင့် အတူထိုင်၍ စကားစမြည် ရောနှောပြောဆိုလေ့ ရှိကုန်၏။ မောင်သိန်းတင်လည်း မိမိကျောင်း၌ သင်ကြားဖူးခဲ့သော ကမ္ဘာမြေကြီး၏ အခြေအနေမှစ၍ ပထဝီတွင် ပါရှိသော လူအမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုးနှင့်တကွ အင်္ဂလိပ်ရာဇဝင်၊ အိန္ဒိယရာဇဝင်တို့ကို နားထောင်၍ မငြီးရအောင် ကူးပြောင်း လဲလှယ်ပြောဆိုလေလျှင် မောင်ဘစိန်၏ အမိအဖတို့နှင့်တကွ မသင်းကြည်တို့သည် လွန်စွာနှစ်ခြိုက်အရေးစိုက်ပြီးလျှင် သဘောကြိုက်တွေ့၍

နေကြကုန်၏။ မောင်သိန်းတင်လည်း မိမိပြောဟောသည့် အရာတို့ကို မှတ်သားလိုသော လက္ခဏာနှင့် နားစိုက်လျက်နေကြသည်ကို သိလျှင် မန္တလေးသားဇာတိ လူကြီးလူကောင်း၏ သားသမီးဖြစ်သည့် အပျောက်စကားအရာ၌ လိမ္မာချောင်ရှိသည်နှင့် လူကြီးကြိုက် တစ်သွယ်၊ လူငယ်ကြိုက်ကလည်း တစ်မျိုး အကျိုးနှင့်အကြောင်း အဆိုးနှင့်အကောင်းတို့ကို ကွဲကွဲပြားပြား ခြားခြားနားနား ကြည်လင်ပြတ်သားသော အသံဖြင့် မရပ်မနားဘဲ ပြောဆိုလေလျှင် မသင်းကြည်သည် ဤမျှလောက် ဗဟုသုတပညာနှင့် ပြည့်စုံ၍ စကားချိုသာ ပီယဝါစာဖြစ်အောင် ပြောဆိုတတ်သူကို တစ်ကြိမ်တစ်ခါမျှ မတွေ့စဖူးဟု အောက်မေ့သည်နှင့် မောင်သိန်းတင်၏ မျက်နှာကို စေ့စေ့ကြည့်လျက် မှတ်သားနာယူလေ့ရှိကုန်၏။ တစ်ခါတစ်ရံ မောင်သိန်းတင်သည် ရုံးဆင်းမိုးချုပ်သဖြင့် အိမ်သို့ မလာရောက်နိုင်ရှိသည့်အခါ မသင်းကြည်သည် မသာမယာသော မျက်နှာဖြင့် မိမိ၏အခန်းတွင်းသို့ စောစောစီးစီး ဝင်၍ အိပ်လေ၏။

ဤသို့ တစ်လကိုးသီတင်းမျှ ကုန်လွန်၍ သွားလေလျှင် တစ်နေ့သ၌ မောင်သိန်းတင်၏ အမိအဖတို့သည် ရွှေဘိုသို့ လာရောက်ကြလေ၏။ မောင်သိန်းတင်လည်း အမိအဖတို့ရှိစဉ်အခါ အိမ်မှ ထွက်ခွာ၍ အခြားအရပ်သို့ လည်ပတ်သည်ကို အမိအဖတို့ မသိစေလိုသဖြင့် မသင်းကြည်တို့၏ အိမ်သို့ မသွားရောက်ဘဲနေခဲ့ရာ ခုနစ်ရက် တစ်ပတ်ခန့် ရှိလေလျှင် မသင်းကြည်မှာ တစ်နေ့တခြား ညှိုးနွမ်းလျက် အစားအသောက် ဆုတ်ယုတ်၍ တွေဝေထိုင်းမှိုင်းသော အမူအရာနှင့်သာ နေလေ၏။ အမိဖြစ်သူလည်း သမီး၏ အမူအရာကို သင်္ကာမကင်းရှိသည်နှင့် သမီးအခန်းသို့ဝင်၍ ယုယချစ်ခင်သော မိခင်ဖြစ်သည့်အလျောက် သမီးအား ချော့မော့မေးမြန်းလေလျှင် မသင်းကြည်သည်

မျက်ရည်ဝိုင်းလျက် ဘာမျှ မဖြစ်ကြောင်း ပြောဆိုသော်လည်း မိခင်သည် ပျိုရာမှ အိုခဲ့သည်ဖြစ်သောကြောင့် အနည်းငယ်ရိပ်မိလေသဖြင့် ဖွင့်၍ မေးလိုက်လေ၏။ မသင်းကြည်လည်း မိခင်ပင်ဖြစ်သော်လည်း လွန်စွာမှ ရှက်ဖွယ်ကောင်းသည့် အရာမျိုးဖြစ်သဖြင့် မိခင် ထင်သည့်အတိုင်း မှန်ကြောင်းကို ဖွင့်၍ မပြောဘဲ မိခင်၏ လည်ပင်းကို ဖက်လျက် ဦးခေါင်းကို အောက်ချ၍ ရှိုက်ကြီးတငင်နှင့် ငိုလေ၏။ မိခင်လည်း သမီးအား ပြစ်တင်စကားများစွာ မပြောဆိုဘဲ သမီးအကြိုက်ကို အလိုက်သင့်ချော့မော့၍ ပျော့ပျောင်းသိမ်မွေ့သောအမူအရာဖြင့် မိခင်ပီပီ ပြောဆိုပြီးလျှင် သမီးအခန်းမှ ထွက်လာပြီးနောက် ခင်ပွန်းဖြစ်သူနှင့် တစ်နာရီမျှ တီးတိုးတိုင်ပင်ကြလေ၏။

နောက်တစ်နေ့ညနေ၌ မောင်သိန်းတင်သည် ရုံးမှ ပြန်လာ၍ အမိအဖတို့နှင့် စကားစမြည်ပြောဆိုနေကြစဉ် မသင်းကြည်တို့၏ အိမ်မှ အစေခံတစ်ယောက်သည် အိမ်ပေါ်သို့ တက်လာ၍ မောင်သိန်းတင်အား အိမ်သို့အလည်ကြွရန် ပင့်ဖိတ်၍ ပြန်သွားလေ၏။ မောင်သိန်းတင်လည်း မရောက်သည်မှာ ကြာပြီဖြစ်၍ မည်သည့် အကြောင်းရှိလေသနည်းဟု အမိအဖထံ ခွင့်ပန်ပြီးလျှင် လိုက်သွားလေ၏။ အိမ်သို့ရောက်လျှင် မသင်းကြည်၏ အမိ အဖတို့သည် ရှေးကထက်ပင် ခရီးဦးကြိုပြုကြပြီးလျှင် နေရာထိုင်ခင်းပေး၍ ၁၅ မိနစ်ခန့် စကားပြောဆိုနေကြရာမှာ မသင်းကြည်တစ်ယောက်ကို မမြင်ကြောင်း မေးလျှင် အမိအဖတို့သည် တစ်ဦး၏ မျက်နှာကို တစ်ဦးကြည့်ပြီးမှ မသင်းကြည်တစ်ယောက် နေမကောင်းသဖြင့် အိပ်ရာသို့ စောစောဝင်၍ အိပ်နေကြောင်း ပြောလေ၏။ မောင်သိန်းတင်လည်း အိမ်ရှင်တို့၏မျက်နှာထားသည် ခါတိုင်းနှင့်မတူ၊ အမူကွဲပြားခြားနားရလေခြင်းမှာ မည်သည့်အတွက်ကြောင့် ဖြစ်လေသနည်းဟု ဆင်ခြင်တွေးတောလျက် စကား

မပြောဘဲရှိလေလျှင် ယောကျ်ားဖြစ်သူသည် ဇနီး၏ မျက်နှာကို ကြည့်ပြီးလျှင် ထိုင်ရာမှ ထသွားလေ၏။ မသင်းကြည်၏ မိခင်လည်း ကွမ်းအစ်ကို တွန်း၍ တည်သည်ဟန်နှင့် အနီးသို့ ချဉ်းကပ်၍ ထိုင်ပြီးလျှင် မောင်သိန်းတင်၏ မိဘအခြေအနေတို့ကို တီးခေါက်၍ ကြည့်လေ၏။ မောင်သိန်းတင်လည်း မိမိ၏ အဖမှာ အရွယ်ကောင်းစဉ်အခါက အလုပ်ကြီး အကိုင်ကြီး လုပ်ကိုင်ခဲ့ဖူးသော်လည်း ယခုမှာ အရွယ်ကြီးရင့် နားချိန်သင့်ပြီဖြစ်၍ ဘုရားသွား ကျောင်းတက် ဝတ်မပျက် နေထိုင်ကြောင်း ပြောလေ၏။ ၎င်းနောက် မောင်သိန်းတင်၏ အသက်နှင့်တကွ နေ့နံတို့ကို မေးမြန်းပြီးလျှင် မိမိတို့၏ အခြေအနေအမျိုးအဆွေမှစ၍ ကြေးငွေ အင်အား ရွှေသားက မည်ရွေ့ မည်မျှ၊ အိမ်ခြံကျွဲနွား စပါးလယ်မြေက ဧကပေါင်း မည်ရွေ့မည်မျှ ရှိကြောင်းတို့ကို ပြောဆိုပြီးလျှင်ကာလဒ္ဓ ယောကျ်ားကောင်းဟူ၍လည်း အလွန်နည်းပါး၊ မိန်းမကောင်းဟူ၍လည်း အလွန်ရှားကြောင်းနှင့် သမီးမသင်းကြည်လည်း မိဘ၏ဝတ္တရားကို များစွာကျေပွန်လွန်စွာ သိတတ်သော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ပြောဆိုလေ၏။

မောင်သိန်းတင်လည်း ပထမ၌ မည်သည့်အဓိပ္ပာယ်နှင့် စုံစမ်းမေးမြန်းနေသည်ကို မရိပ်မိဘဲ ရှိရာမှ သမီးဖြစ်သူသည် လိမ္မာရေးခြားအကင်းပါး၍ စကားချေင်ခြင်းစသော ဂုဏ်ဒြပ်တို့နှင့် ပြည့်စုံကြောင်းချီးမွမ်းပြောဆိုသည်ကို ကြားရလေလျှင် ဆိုလိုသည့် အဓိပ္ပာယ်ကိုရိပ်မိလေသဖြင့် အလွန်တရာ ကရုဏာရှိသော မျက်နှာထားဖြင့် မပြောတန်သည့် စကားကို မိန်းကလေး၏ မိခင်အားမပြောစေလိုမူ၍ ယောကျ်ားကောင်းရှားသည့်အနက် မိမိသည် တစ်ယောက် အပါအဝင်ဖြစ်သည်ဟု သဘောပိုက်ပေသည်ကို အထူးပင်ဝမ်းမြောက်ပါကြောင်း၊ မသင်းကြည်သည်လည်း တည်ကြည်သော ဣန္ဒြေနှင့် အသရေရှိသော

အမိအဖတို့၏ သမီးတစ်ယောက်ဖြစ်ကြောင်းကို ပြောမပြမီကပင် အကဲခတ်မိပါကြောင်း၊ ယခုကဲ့သို့ အရုပ်အရည်နှင့်တကွ မိကောင်းဖခင်သမီးပီပီ တည်တည်တံ့တံ့ အမျိုးလည်းသန့်သော မိန်းကလေးဆို၍ နှစ်ဦးသာလျှင် တွေ့ဖူးပါကြောင်း၊ တစ်ဦးမှာ မိမိ မန္တလေးမှာ နေစဉ်အခါက မောင်နှမအရင်းအချာကဲ့သို့ တစ်ဦးနှင့်တစ်ဦး အထူး ကြင်နာမေတ္တာသက်ဝင် ချစ်ခင်စုံမက် နှစ်သက်ခဲ့ကြသည်မှာ နှစ်လရှည်ကြာပြီဖြစ်၍ နှစ်ဦးနှစ်ဝလုံး၏ အမိအဖတို့ကလည်း မိမိတို့နှစ်ဦးအားသဘောတူမျှ စိတ်က ကြံရွယ်လျက် ရှိနေကြဟန် လက္ခဏာရှိကြောင်းများကို ဝါကြွားလိုသော ဆန္ဒရှိသည့် မျက်နှာထားမပါစေဘဲ မိမိ၏အဒေါ်အရင်းအား အကြောင်းမျိုးစုံ ပြန်ကြားဘိသကဲ့သို့ တိုင်ပင်သလိုပြောဆိုလေ၏။

မသင်းကြည်၏ မိခင်လည်း မိမိသမီးအတွက် များစွာ စိတ်နှလုံး မသာမယာဖြစ်ရာသော်လည်း မိမိမှာ မိန်းကလေးရှင်ဖြစ်လျက်စကားခင်း၍ ပေးရသည်ကို မောင်သိန်းတင်သည် လူလိမ္မာကလေးတို့၏ သဘောပီပီ ထူယောင် အယောင်လည်း မဆောင်၊ ဘေးတိုက်လည်း မကျစေအောင် စကားဖြင့် နောက်ဆုတ်မှန်းမသိ ဆုတ်၍ သွားတတ်ပေသည်ကို ဝမ်းတွင်း၌ များစွာ ကျေးဇူးတင်မိလေ၏။ ဖခင်လုပ်သူ ထွက်၍လာလျှင် မောင်သိန်းတင်သည် ယခင်က စကားစပ်ကိုရပ်၍ အခြားစကားများကိုသာ ရယ်မောပြောဆိုပြီးလျှင် ဦးနှင့် အဒေါ်အား အခွင့်ပန်၍ အိမ်သို့ ပြန်ခဲ့လေ၏။

မောင်သိန်းတင်၏ မိဘတို့သည် နောက်နေ့နံနက်၌ မန္တလေးသို့ပြန်သွားကြသော်လည်း မောင်သိန်းတင်သည် မသင်းကြည်တို့၏ အိမ်သို့ ရှေးကကဲ့သို့ ဝင်ထွက်သွားရန် မသင့်မလျော်ဟု အောက်မေ့ပြီးလျှင်ရုံးမှ ပြန်သော်လည်း အိမ်၌သာလျှင် စာဖတ်၍ နေလေ၏။

မောင်သိန်းတင်သည် မသင်းကြည်တို့၏ အိမ်မှ ပြန်လာ၍ ၁၀ ရက် ခန့်ရှိရာ တစ်ညနေ မောင်သိန်းတင်သည် စားပွဲတွင် ထိုင်၍ မသိန်းရှင်ထံသို့ ပေးရန် စာတစ်စောင်ကို စီကုံးလျက်နေစဉ် ယခင်က တစ်ကြိမ်လာဖူးသော မသင်းကြည်တို့၏ အိမ်မှ အစေခံသည် အိမ်ပေါ်သို့တက်လာ၍ အိမ်သို့ ခေတ္တလာရောက်ရန် အကြောင်းနှင့် စေခိုင်းလိုက်ကြောင်း ပြောလေလျှင် မည်သည့်အကြောင်း ရှိလေသနည်းဟု မေးမြန်းရာ မသင်းကြည်သည် အသည်းအသန်ဖြစ်၍နေကြောင်းနှင့် ပြောလေ၏။ မောင်သိန်းတင်လည်း မိန်းကလေးအား များစွာ ကရုဏာ ရှိလှသည်နှင့် ရေးနေသောစာကို ပိတ်ပြီးလျှင် ပျာယီးပျာယာနှင့် လိုက်လာရာ အိမ်ဦးခန်းတွင် အဖဖြစ်သူနှင့် တွေ့လေ၏။ မချမ်းသာသော မျက်နှာကို မြင်လျှင် မောင်သိန်းတင်သည် စောစောက ကြိုတင်၍ မသိရခြင်းကြောင့် ဝမ်းနည်းပါကြောင်း၊ အစေခံ ပြောသလောက်လည်း ဟုတ်မည်မထင်၊ နေမကောင်း ထိုင်မသာ ဖြစ်သည်ဟုသာလျှင် မျှော်လင့်ပါကြောင်းနှင့် ပြောလျှင် ဖခင်ဖြစ်သူသည် ဦးခေါင်းကို ယမ်းလျက် စကားတစ်ခွန်းမျှ မပြောဘဲ မျက်ရည်ကိုသာလျှင် သုတ်လျက် နေလေ၏။ မောင်သိန်းတင်လည်း ဖခင်၏ ယူကျုံးမရ သောက မီးတောက်လောင်လျက်ရှိသော မျက်နှာထားကို မြင်သဖြင့် ထပ်၍ စကားမပြောဝံ့ဘဲ အပူဓာတ် ရိုက်ပြီးလျှင် ငြိမ်ဝပ်စွာနေလေ၏။ ဤသို့ ၅ မိနစ်ခန့်ကြာလတ်သော် ဖခင်ဖြစ် သူသည် မျက်ရည်များကို တစ်ဖန် သိမ်းဆည်းပြန်၍ မောင်သိန်းတင်အားလည်း အနီးသို့တိုး၍ ထိုင်စေပြီးလျှင် ...

"ဦးတော့ ဘယ်လိုများ အပူကြီးပူလိုက်တယ်ဆိုတာ ပြောလို့ ပြနိုင်စရာတောင် မရှိပါဘူးမောင်ရယ်၊ သည်သမီးဟာ အစစအရာရာ အင်မတန် လိမ္မာရေးခြားရှိလွန်းလို့ ငယ်ငယ်ကတည်းက အလုံးစုံ

ယုံကြည်ပြီး ငွေခန်း ကြေးခန်းမှစ၍ အရာရာ မျက်နှာလွှဲရတဲ့ သမီးကလေးပါ မောင်ရယ်။ လိမ္မာလိုက်တာများကလည်းလေ ငေါက်လို့တောင် ဆုံးမရတယ် မရှိဖူးဘူး။ မျက်နှာပြလိုက်တာနဲ့ တစ်ခါတည်း သိပြီးဖြစ်နေပြီ။ မိဘမျက်နှာကဲများလည်း ဘယ်လောက် သိတတ်တယ် ပြောစရာ မရှိဘူး။ ဩော်... မသင်းကြည်ရေ... ငါ့သမီး မနေရတော့ဘူးနော်။ ငွေနဲ့များ အသက်ဝယ်လို့ရရင် ရှိတဲ့ စည်းစိမ် အကုန်ပေးပြီး အဖေရော၊ အမေရော ကျွန်ခံလိုက်ပါသေးရဲ့ သမီးရယ်။ ဆရာဝန်များကလည်း သည်ရောဂါလောက်ကမှ မတတ်နိုင်ကြဘူးနော်။ သည်အရပ်ထဲမှာ သူများတကာလည်း ကျောက်ပေါက်ကြပါရဲ့။ ကျုပ်သမီးမတော့ စိတ္တဇရောဂါနဲ့ ယှဉ်ပြီးဖြစ်လို့မို့ ဆရာဝန်များက ကျောက်ရောဂါကလည်း သည်လောက်အတွက် မရှိ၊ စိတ်မကောင်းတဲ့ ရောဂါနဲ့ ယှဉ်တဲ့အတွက်သာပြီး ဆိုးတယ်လို့ ပြောကြတယ် မောင်ရယ်၊ မောင့်နှယ် ရွှေဘိုကိုလာမှ လာပါပေတယ် မောင်ရယ်၊ သည့်ပြင်မြို့များ အလုပ်ရှားလို့လား" ဟု ပြောဆဲတွင် ခုနစ်နှစ်အရွယ် မိန်းကလေး တစ်ယောက်သည် ဖခင်အနီးသို့ လာ၍ ...

"ဖေဖေ မမ ဘာဖြစ်လို့တုန်း၊ ကျွန်မ မကြည့်ရဘူးလား"

ဟု မေးလျှင် ဖခင်သည် ကလေးကို ကောက်ချီ၍ နမ်းရှုပ်ပြီးမှ မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင် ...

"ဒင်းကလေးတော့ ရှိသေးတယ်။ မျက်နှာပုံချင်းကလည်း ခပ်ဆင်ဆင်ပဲ။ သို့သော် အကင်းပါးပုံ၊ မိဘစကား နားထောင်ပုံများတော့ မတူနိုင်ဘူး ထင်တယ် သမီးရယ်။ တကယ် တူပါဦးတော့ ဒင်းတို့ကတော့ ကောင်းစားမှ ပေါ်လာကြတဲ့ ဟာတွေ၊ ဟိုဟာကလေးက ကောင်းအတူ ဆိုးအတူ၊ ဆင်းရဲဖော် ကောင်းစားဖက်၊ ကံတူအကျိုးပေးလည်း ဖြစ်တယ်။ ရှေး ဟိုတုန်းက အမိအဖများ နွမ်းပါးလို့

တောင်သူလုပ်ရတုန်းကလည်း ထမင်းထုပ်ကလေး မနိုင့်တနိုင့်နဲ့ လယ်တောလာပြီး ထမင်းပို့၊ အဖ လယ်ထွန်ရာက မောမောပန်းပန်း သစ်ပင်အောက် ထမင်းထုပ်ဖြေပြီးစားတော့ အနားက ထိုင်ပြီး ခေါင်းခု ကလေးနဲ့ ကျောကချွေးများ သုတ်ပေးရင်း သည်ဟင်းရွက်ကလေးက ကျွန်မရူးတာ အဖေရဲ့။ သည်ငရုတ်သီးကလေးက ကျွန်မ ထောင်းခဲ့တာ အဖေရဲ့နဲ့ တွတ်တီးတွတ်တာ ပြောဖော်ရလိုက်တာလေ။ အဖေက ငါ့သမီး ငရုတ်သီးထောင်းနဲ့ ဟင်းရွက်ပြုတ်ကလေးက ကောင်းလွန်းလို့ အဖေတယ် ထမင်းစားမြိန်တယ်လို့ ပြောလိုက်ရင်ပဲ ဝမ်းသာရာလွန်းလို့လေ။ နက်ဖြန်ကျသည့်ထက်များများ ရူးခဲ့ဦးမယ် အဖေရဲ့တဲ့။ အဖေ လုပ်တဲ့လူကကော ဟင်းရွက်ပြုတ်နဲ့ပေမဲ့ သမီး ဟင်းရွက်ပြုတ်မို့ တကယ်ကို စားလို့ မြိန်သဗျ။ သမီးအကြောင်းများတော့ ပြောလို့ မဆုံးနိုင်ပါဘူး မောင်ရယ်"

ဟု ပြောရင်း မျက်ရည်များကို တစ်ဖန်သုတ်ပြီးလျှင် ကလေးကို အောက်သို့ ချလိုက်ပြီးမှ ...

"ကျုပ် သမီး တကယ် ကံဆိုးတယ် မောင်ရယ်။ လိမ္မာတဲ့ သမီးမို့ ထင်ပါရဲ့ အသက်မရှည်ရှာဘူး။ ကဲ ဒါနဲ့ မောင့် ပြောရဦးမယ်။ ဆရာဝန်ကြီးက ခုတင်က ပြောသွားတယ်။ နက်ဖြန် မိုးမလင်းမီဘဲ အသက်ပျောက် လိမ့်မတဲ့ ပြောသွားလို့ ဦးက သမီးဘာများ ပြောချင် သလဲမေးတော့ ဖေဖေတော့ မပြောဝံ့ဘူး။ မေမေမှ ပြောချင်သတဲ့။ ဒါနဲ့ သူ့အမေ ခေါ်ပေးတော့ သူ့ကိုယ်သူ မနေရဘူးဆိုတာ သိပါ တယ်တဲ့။ ဒါ့ကြောင့် မသေခင် မောင်နဲ့ တစ်ခါလောက် တွေ့ပါရ စေတဲ့။ ကဲ ... လာ၊ ဟိုအခန်းပါပဲ။ ဝင်သာ သွားပေတော့"

ဟု လက်ညှိုးညွှန်၍ ပြလိုက်လျှင် မောင်သိန်းတင်လည်း အိပ် မက်မက်နေရာမှ နိုး၍ လွတ်လိုက်ဘိသကဲ့သို့ ကယောင်ကတမ်းနှင့်

ထသွားလေ၏။

အခန်းတွင်းသို့ရောက်လျှင် နေလည်း ဝင်ပြီဖြစ်၍ အခန်းတွင်း၌လည်း မီးမရှိသဖြင့် မှောင်လျက်နေသည်ကို မြင်လျှင် မောင်သိန်းတင်သည် ခြေသံ မကြားအောင် ဖြည်းညင်းစွာ နင်း၍ လက်ဖြင့်စမ်းလျက်သွားရာ ခုတင် တစ်ခုကို ကိုင်မိလေ၏။ ၎င်းနောက် ရှိုက်၍ ငိုနေသည့်အသံကို ကြားလေလျှင် ...

"မငိုပါနဲ့ မေမေရယ်၊ ကျွန်မအတွက်တော့ မပူကြပါနဲ့။ ကျွန်မမွေးကတည်းက စပြီး အမိအဖ စကားကိုလည်း ဘယ်အခါမဆို နားထောင်ခဲ့ပါတယ်။ မကောင်းမှု ဒုစရိုက်ဆိုရင်လည်း မုသားတောင်မပြောဖူးဘူး။ ဥပုသ်သီတင်းလည်း ဆောက်တည်ခဲ့တယ်။ သည်တော့ကျွန်မ အမှန် ကောင်းရာ ရောက်မှာပဲ။ မေမေတို့ ဖေဖေတို့ ကျွန်မအတွက် ဘာမှ စိတ်မပူကြပါနဲ့"

ဟု အသံယဲ့ယဲ့ဖြင့် ပြောသည်ကို ကြားလျှင် မောင်သိန်းတင်လည်း အမိအဖကို မဆိုထားနှင့် ငါပင်လျှင် နမြောလိုက်ပါဘိ၏ဟု အောက်မေ့လေ၏။ မိခင်ဖြစ်သူလည်း မောင်သိန်းတင်ဝင်လာသည်ကိုသိ၍ ခုတင်နံဘေး တွင် ထိုင်နေရာမှ ထသွားပြီးလျှင် အခန်းပေါက်တွင် ရပ်လျက် နေလေ၏။ မောင်သိန်းတင်လည်း အမိထသွားသော နေရာတွင် ဝင်၍ ထိုင်ရာ မသင်းကြည်သည် လက်ဖြင့် စမ်းသပ်၍ ...

"ဘယ်သူလဲ ၊ မေမေလည်း မဟုတ်ပါဘူး။ ဖေဖေလား"

ဟု မေးရာ "မောင်သိန်းတင်" ဟု ပြန်ပြောလိုက်လေ၏။

"ဩော်... ကိုသိန်းတင်လား" ဟု ပြော၍ အတန်ကြာ စကားမပြောဘဲ ဆိုင်းနေပြီးလျှင် ...

"ကျွန်မ ဘဝက တယ်ပြီး သီလနည်းခဲ့တယ် ကိုသိန်းတင်ရယ်၊ အခုတော့ဖြင့် သီလနည်းတာလည်း ခပ်ကောင်းကောင်းပဲ ထင်ပါရဲ့

လေ။ နေတယ်လို့လည်း အကျိုးမရှိပါဘူး။ ဒါနဲ့ ရှင့် မန္တလေးက မိန်းကလေး နာမည်က ဘယ်သူတဲ့"

"မသိန်းရှင်တဲ့"

"ဩော် ... မောင်သိန်းတင်-မသိန်းရှင်၊ နာမည်ချင်းကဖြင့် တယ်လိုက်ပါပေတယ်ရှင်။ လူချင်းဖြင့် မဆိုနိုင်ပေဘူး။ မသိန်းရှင်က ချောရင်ဖြင့် လိုက်မှာပေါ့။ ချောရဲ့မဟုတ်လား"

"သနားကမားရှိတယ်လို့ အများကဖြင့် ပြောကြပါတယ်"

"ကျွန်မ ကြည့်စမ်းချင်တယ်ရှင်၊ သည်မိန်းကလေး အင်မတန် လှမှာပဲနော်။ သူများတကာတော့ မနာလိုဝန်တိုဖြစ်တတ်တယ် မဟုတ်လား။ ကျွန်မမှာတော့ မနာလိုလို့လည်း အလကားပါပဲရှင်။ တကယ်လို့ နေရသည်တိုင်အောင် ဝန်တိုတဲ့စိတ် မရှိတတ်ပါဘူးရှင်။ နာမည်ကလေးကြားရတာနဲ့ပဲ အင်မတန်ချစ်ပြီး ကိုသိန်းတင် မေတ္တာရှိတဲ့ မိန်းကလေးဆိုတာနဲ့ ကျွန်မကလည်း မေတ္တာရှိပါတယ်ရှင်။ တစ်ခါလောက် မြင်ချင်လိုက်တာနော်"

"တစ်နေ့တော့ မြင်ရပါလိမ့်မယ် မသင်းကြည်ရယ်၊ ဟိုကလည်း မသင်းကြည်မြင်ရင် ချစ်ခင်မှာပါပဲ။ ကျွန်တော်သိပါတယ်"

ဟုပြောလျှင် မသင်းကြည်သည် ပြန်၍မပြောဘဲနေရာမှ ရှိုက်၍လာသည်ကို မောင်သိန်းတင်ကြားလျှင်-

"ဘာဖြစ်သလဲ မသင်းကြည်၊ မနေသာလို့လား"

"ကျွန်မအကြောင်း ရှင်က မသိရှာသေးဘူးနော်၊ ကျွန်မ သေရတော့မယ် ကိုသိန်းတင်ရဲ့။ မနေရဘူး၊ နေရသည်တိုင်အောင်လည်း ကျွန်မ မသိန်းရှင်ကို မမြင်နိုင်တော့ဘူး။ လက်ပေးစမ်း ကိုသိန်းတင်၊ သည်မှာ ကဲ သိပြဲလား"

ဟုပြောလျှင် မောင်သိန်းတင်သည် တစ်ကိုယ်လုံး တုန်လှုပ်၍

သွားလေ၏။ (တုန်လှုပ်ခြင်းအကြောင်းမှာ မသင်းကြည်သည် မောင်သိန်းတင်၏ လက်ကိုယူ၍ မိမိ၏မျက်နှာကို စမ်း၍ကြည့်စေလျှင် တစ်မျက်နှာလုံး အမာရွတ်ပြီးလျက် ရှိသည်ကို စမ်းမိရသည့်ပြင် မျက်လုံးရှိရာကို စမ်းမိသောအခါ၌လည်း မျက်ခွံတို့သည် မျက်စိအိမ်ခံ မရှိသဖြင့် ပျော့လျက်ဝင်သွားသည်ကို စမ်းမိခြင်းကြောင့် ဖြစ်လေသည်။) မောင်သိန်းတင် တုန်လှုပ်သည်ကို မသင်း ကြည် သိလျှင်–

"ကြောက်သလားရှင့်၊ ကြောက်စရာမရှိပါဘူး၊ ဆရာဝန်ကြီးက ပြောသွားပါတယ်။ သည်အနေရောက်မှတော့ မကူးတတ်ဘူးဆိုလို့ ကျွန်မ ကိုသိန်းတင်ကို အခေါ်ခိုင်းလိုက်ပါတယ်။ အခု ကိုသိန်းတင် ရောက်လာတော့လည်း ကြည့်ချင်လို့မှ မမြင်နိုင်တော့ဘူး ကိုသိန်းတင် ရေ့"

ဟု ပြောပြန်လျှင် မောင်သိန်းတင်လည်း ကူးမည် ကြောက်ရွံ့၍ တုန်လှုပ်သည်မဟုတ်ကြောင်း၊ အကယ်၍ပင် ကူးတတ်စေကာမူ မသင်းကြည်က တွေ့လို၍ အခေါ်ခိုင်းသည်ကို တစ်သက်မျှမက ၁၀ သက်ပင် ဆက်၍ သေသော်လည်း ရဲဝံ့စွာ လာမည်ဖြစ်ကြောင်းတို့ကို ငိုသံပါနှင့် ပြောလေလျှင်–

"ကိုသိန်းတင်က သေဝံ့ပေမဲ့ ကျွန်မကလည်း အသေမခံနိုင်ဘူး။ မသိန်းရှင်ကလည်း အသေမခံနိုင်ပေဘူးရှင့်။ နောက် မသိန်းရှင်နဲ့ တွေ့တဲ့အခါသည်က ကံဆိုးမ မသင်းကြည်ကလေးက လင်နဲ့မယား ချစ်ချစ်ခင်ခင်နဲ့ အိုအောင် မင်းအောင် ပေါင်းရပါစေလို့ မသေခင် ဆုတောင်းသွားတဲ့ အကြောင်းများလည်း ပြောလိုက်ပါရှင့်နော်"

ဟုပြောလျှင် မောင်သိန်းတင်သည် တစ်သက်တွင် ဤမျှ လောက် ဝမ်းမနည်းဖူးသလောက် ချုပ်တည်းဖြေဆည်၍ မရနိုင် လောက်အောင် ဝမ်းနည်းပြီးလျှင် ရှိုက်ကြီးငင်ကြီးနှင့် ငိုမိလေ၏။

"မငိုပါနဲ့ ကိုသိန်းတင်၊ ကျွန်မအကြောင်းနဲ့ ကျွန်မ၊ သူ့ကုသိုလ်နဲ့သူ ဖြစ်ရတာ မဟုတ်လား။ ကျွန်မဖြင့် ဒီလိုဖြစ်လို့ တယ်ကြီးဝမ်းမနည်းလှပေဘူးရှင်။ ဖြေမရတာတစ်ခုတည်း ရှိတယ်။ အခု သည်အခန်းဟာ မှောင်ပြီးနေတယ် မဟုတ်လား။ ဒါ ဘာပြုလို့ တမင်မှောင်အောင်လုပ်ထားသလဲ သိလား။ ကျွန်မမျက်နှာကို ရှင် စမ်းကြည့်တယ် မဟုတ်လား။ ခုတင်က ဘယ့်နှယ်နေသလဲ တွေးမိရဲ့ မဟုတ်လား။ မျက်နှာကလည်း ကျောက်ပေါက်နာတွေနဲ့၊ မျက်လုံးကလည်း ဟောက်တောက်ကန်း၊ ဆံပင်တွေကလည်း မရှိ၊ အင်မတန် ရုပ်ပျက်ဆင်းပျက် ဖြစ်ရတယ်ရှင်။ သည်တော့ သည်ကဲ့သို့ ရုပ်ပျက် ဆင်းပျက်ဖြစ်နေတာကို ကိုသိန်းတင်မြင်မှာ ကျွန်မ ရှက်လို့ အခန်းကို တမင်မှောင်ချပြီး ထားတယ်။ သည်ဟာ ဘယ့်နှယ်စိတ်လည်း ကျွန်မ မပြောနိုင်ဘူးရှင်။ တော်တော်ကြာပဲ သေရတော့မယ်။ သေရမယ့်ဆဲဆဲမှာတောင် ကိုသိန်းတင် မြင်မှာ ရှက်ရသေးတယ်။ သည်ဟာတစ်ခုပဲ ကျွန်မစိတ်ကို ကျွန်မ မနိုင်တယ်။ ကဲ ... ကဲ၊ မေမေတို့ ဖေဖေတို့ကိုလည်း ကျွန်မ နှုတ်ဆက်ရဦးမယ်။ ပြန်ပေဦးတော့ရှင်၊ အခုတင်က ကျွန်မမှာတာ မမေ့နဲ့နော်၊ ပြောဖြစ်အောင် ပြောလိုက်ပါ။ ကဲ မေမေ့အရင် တစ်ဆိတ်လွှတ်လိုက်ပါရှင်"

ဟုပြောလျှင် မောင်သိန်းတင်လည်း ခုတင်နံဘေးတွင်ရပ်လျက် ရတ်တရက် ထွက်၍မသွားနိုင်သေးဘဲ သနားလွန်းမက သနားပြီးလျှင် မည်သည့် စိတ်ရသည်မသိ၊ မျက်ရည်စက်လက်နှင့် မသင်းကြည်၏ နဖူးကလေးကို လက်ဖြင့်စမ်း၍ နမ်းရှုပ်ပြီး အခန်းပြင်သို့ ထွက်သွားလေ၏။

နက်ဖြန်နံနက် ရုံးတက်ချိန်ရောက်လျှင် မောင်သိန်းတင်သည် ရုံးသို့ တစ်ခါတည်း မသွားနိုင်သေးဘဲ မသင်းကြည်တို့၏ အိမ်အနီးမှ

ရပ်လျက် အကဲခတ်နေရာ တစ်အိမ်လုံး ကျွက်ကျွက်ဆူ ငိုကြွေး မြည်တမ်းနေကြသည် ကိုကြားသဖြင့် သက်ပြင်းချပြီးလျှင် ရုံးသို့ သွားလေ၏။ ရုံးသို့ရောက်လျှင် အလုပ်လုပ်ရန် များစွာစိတ်မပါဘဲ စာရွက်တို့ကိုသာ လှန်လျက်နေစဉ် ကြေးနန်းစာပို့ကုလားသည် သံကြိုး တစ်စောင်ကို ကိုင်လာပြီးလျှင်–

"မောင်သိန်းတင် ဆပ်"

ဟု မေး၍ မောင်သိန်းတင်အား ပေးလေ၏။ မောင်သိန်းတင် လည်း မည်သူ့ထံမှ ကြေးနန်းဖြစ်သနည်းဟု တွေးတောလျက် ဖွင့်၍ ကြည့်ရာ "အမြန်လာပါ၊ ယနေ့မရောက်လျှင် မြင်ရတော့မည် မဟုတ်" ဟု ပါရှိသော မသိန်းရှင်၏ထံမှ ကြေးနန်းဖြစ်သည်ကို တွေ့မြင်ရ လေ၏။ မောင်သိန်းတင်သည် ကြေးနန်းစာကို အိတ်ထဲသို့ထည့်ပြီး လျှင် စာရေးကြီးလုပ်သူလည်း ရုံးသို့ မရောက်သေးသည်နှင့် ဝရန်တာ တွင် လမ်းလျှောက်လျက် စောင့်နေရာ ရထားအချိန်နီးလှပြီ ဖြစ်၍ မြင်းရထားတစ်စီးကိုခေါ်ပြီးလျှင် စာရေးကြီးအိမ်သို့ သွားလေ၏။ အိမ်သို့ရောက်လျှင် စာရေးကြီးက အလုပ်ဝင်စအခါဖြစ်သဖြင့် အခွင့် မပေးနိုင်ကြောင်း ပြောလျှင် မောင်သိန်းတင်လည်း "အခွင့်မပေးနိုင်ရင် ခင်ဗျားအလုပ်နဲ့ ခင်ဗျား နေရစ်တော့" ဟုပြော၍ မြင်းရထားပေါ်သို့ တက်သွားလေ၏။ ၎င်းနောက် "စတေရှင်ကိုဂျောင်း"ဟု ကုလားကို ပြောပြီးလျှင် မြင်းရထားပေါ်တွင် အနည်းနည်းအဖုံဖုံ ဆင်ခြင် တွေး တောလျက် မည်သည့်အကြောင်းကြောင့် ဤမျှလောက် အရေးတကြီး ရိုက်ကြားရလေသည်ကို စဉ်းစားလာရင်း မြင်းရထားလည်း ရပ်လေ ၏။ မောင်သိန်းတင်လည်း မြင်းရထားမှ ခုန်ဆင်းပြီးလျှင် လက်မှတ်ယူ မည်ဟု ကြည့်လိုက်ရာ ဘူတာရုံမဟုတ်၊ ဆေးရုံသို့ရောက်လာကြောင်း သိရလေ၏။ ဘူတာရုံသို့မောင်းရန် ပြောသည်ကို အဘယ့်ကြောင့်

ဆေးရုံသို့မောင်း၍ လာရသနည်းဟု ကုလားအား ဆဲရေးကြိမ်းမောင်း၍ ဘူတာရုံသို့ အမြန်မောင်းရန်ပြောပြီးလျှင် နာရီကိုကြည့်လိုက်ရာ ၁၁ နာရီထိုးရန် ၁၀ မိနစ်သာလိုကြောင်း တွေ့ရလေ၏။ ရွှေဘိုမှ မန္တလေးသို့သွားသော နောက်ဆုံးရထားသည် ၁၁ နာရီတိတိတွင် ထွက်သည်ဖြစ်၍ မီမှမီပါဦးမည်လားဟု အောက်မေ့လျက် ကုလားကိုလည်း ဆဲရေးတိုင်းထွာပြီးလျှင် မြင်းကို ကဆုန်မောင်းစေ၏။ ဘူတာရုံသို့ ရောက်လျှင် မောင်သိန်းတင်သည် မြင်းရထားပေါ်မှဆင်းပြေး၍ တဖြည်းဖြည်းထွက်နေသော ရထားပေါ်သို့ မီရာတွဲကို ဖမ်း၍တက်မည်ပြုရာ မြင်းရထားကုလားက အခမရသေးသည်နှင့် ဆွဲ၍ထားသောကြောင့် မတက်နိုင်ဘဲ မီးရထားလည်း ထွက်သွားလေ၏။ မောင်သိန်းတင်လည်း မြင်းရထားကုလားအပေါ်၌ များစွာအမျက်ဒေါသထွက်သဖြင့် လည်ကိုအစ်ပြီးလျှင် ထိုးမည်ပြုရာ ပုလိပ်တို့က တောင်းပန်သဖြင့် မထိုးလိုက်ရဘဲ ဆွေ့ဆွေ့ခုန်၍ ကျန်ရစ်လေ၏။

နောက်တစ်နေ့၌ မောင်သိန်းတင်သည် နံနက်အစောရထားကို မီစေရန် သန်းခေါင်ကျော်ကပင် ဘူတာရုံသို့သွား၍ စောင့်ပြီးလျှင် နံနက် ၄ နာရီ ရထားနှင့် လိုက်ပါသွားလေ၏။ (မီးရထားသည် ပေါက္ကံဘူတာနှင့် ဝက်လက်ဘူတာအကြားသို့ရောက်လျှင် လမ်းချော်၍ ကျသဖြင့် ရထားတစ်စင်းလုံးမှောက်ပြီး များစွာ ခရီးကြန့်ကြာသည့် အကြောင်းများကို ၎င်းနှစ်သတင်း စာတို့တွင် ပါရှိလေသည်။) မောင်သိန်းတင်မှာ ဒဏ်ရာအနာတရ ထိခိုက်ခြင်းမရှိသော်လည်း ရောက်လိုလှသည့်အရပ်ကို မရောက်နိုင်ဘဲ နှောင့်နှေးခြင်းဖြစ်ရလေသည့်အတွက် လွန်စွာ စိတ်နှလုံးမချမ်းသာဘဲ အခြားခရီးသည်တို့နှင့် အတူ စောင့်ဆိုင်း၍မနေမူ၍ စစ်ကိုင်းသို့ရောက်အောင် ခြေကျင်လျှောက်မည်အကြံနှင့် ထွက်လာခဲ့လေ၏။ ပေါက္ကံဘူတာအလွန်တွင်

စစ်ကိုင်းမှ သံကြိုးရရှိသဖြင့် ခရီးသည်တို့ကို တင်ယူရန် အမြန်လာသောရထားနှင့် တွေ့လျှင် မောင်သိန်းတင်မှာ ပေါက္ကံဘူတာနှင့် အတန်ကွာနေပြီဖြစ်၍ ပြန်၍လည်း မသွားနိုင်ဘဲ ခက်ခဘူတာတွင် တွေ့ဆုံကောင်းပါ၏ဟု အမြန်လျှောက်လျက်လာခဲ့လေ၏။ ခက်ခဘူတာနှင့် တစ်မိုင်ခန့်အကွာတွင် မိမိတွေ့လိုက်သောရထားသည် မိမိနှင့်အတူလာသူ ခရီးသည်တို့ကို တင်ဆောင်၍ ပြန်လာသည်ကို တွေ့ပြန်လျှင် ကဆုန်ချ၍ အမီလိုက်ပါသော်လည်း ခရီးကလည်းပန်း၊ စိတ်ကလည်း မချမ်းသာသည်ဖြစ်၍ အနည်းငယ်ပြေးမိလျှင် မောပန်းသည်နှင့် တဖြည်းဖြည်းသာလျှင် လာခဲ့ရလေ၏။ ခက်ခဘူတာ အလံတိုင်သို့ ရောက်လျှင် မီးရထားလည်း ထွက်ရန် အလံပြနေပြီးဖြစ်၍ ရထားကို ရပ်ဆိုင်းရန် ဟစ်အော်၍ ပြေးသွားပါသော်လည်း မိမိနှင့် ပေ ၅၀ ကွာလောက်တွင် ရထားလည်း ထွက်သွားလေ၏။

ဌင်းတစ်ကြိမ် မီးရထားနှင့် လွဲပြန်လျှင် မောင်သိန်းတင်မှာ မိမိကိုယ်ကို မြေပေါ်သို့သာ လှဲ၍ငိုလိုက်ချင်သော်လည်း မတင့်တယ်သဖြင့်သာ စိတ်ကို ချုပ်တည်း၍ ဘူတာရုံဝရန်တာကို မှီလျက်ထိုင်နေရပြန်လေ၏။ မောင်သိန်းတင်၏ စိတ်၌ ငါသည် ဤမျှလောက် ဒုက္ခခံပါလျက်နှင့် တစ်ကြိမ်မှ နှစ်ကြိမ် အလွဲလွဲအချော်ချော်ဖြစ်ရခြင်း အကြောင်းမှာ မသိန်းရှင်နှင့် လွဲစေဖို့ အတိတ်နိမိတ်ပေတည်းဟု အောက်မေ့လျက် အားကိုလျှော့မည်ဟု ကြံဆဲတွင်မှ ယောကျ်ားတို့မည်သည် လုံ့လဝီရိယကို မလျှော့ကောင်းဟု အားတင်းပြီးလျှင် သွားရင်းပင် ခြေတို့၍သွားသော်လည်း မန္တလေးသို့ ယနေ့မရောက်လျှင်မနေဟု ဆက်လက်သွားပြန်လေ၏။

မီးရထားပျက်သောနေရာနှင့် စစ်ကိုင်းမြို့မှာ မိုင်ပေါင်း ၂၀ ကျော်ခန့် ဝေးကွာလေ၏။ မောင်သိန်းတင်မှာ နားချည်တစ်လုည့်၊

သွားသည်တစ်ဖုံ၊ ကဆုန်ပြေး၍လည်းတစ်မျိုးနှင့် လာခဲ့ရာ ညနေ ၅ နာရီအချိန်ခန့်တွင် စစ်ကိုင်းဘူတာရုံသို့ ရောက်လေ၏။ ရွှေကြက်ယက်ဘက်သို့ ကူးတို့ဖြင့် ကူးသော်လည်း ရထားမရှိကြသဖြင့် မန္တလေးဆိပ်ကမ်းသို့အရောက် သမ္ဗန်ငှားပြီးလျှင် သမ္ဗန်သမားကိုလည်း ကြေးငွေအပိုပေး၍ မရပ်မနားဘဲ ခတ်စေရာ ၈ နာရီခွဲ အချိန်တွင် ဂေါဝိန်ဆိပ်သို့ ဆိုက်လေ၏။ ဓာတ်ရထားပေါ်သို့တက်မိလျှင် လူလေးငါးဦးတို့ ပြောနေကြသည်မှာ–

တစ်ဦးသောသူက "ကျွန်တော်တို့အရပ်နားက မိန်းကလေး တစ်ယောက်အကြောင်း ကြားပြီးပြီလား"

အခြားတစ်ဦးက "မကြားရသေးဘူး ဘာဖြစ်လို့လဲ"

ပထမလူက "ပွဲစားဦးဘမောင် သမီးကလေးပေါ့ဗျာ၊ ရုတ်တရက် သေသွားရှာသတဲ့"

ဟုပြောလျှင် မောင်သိန်းတင်သည် လှံနှင့် ထိုးလိုက်ဘိသကဲ့သို့ ထိုင်ရာမှ ခုန်ထ၍ ပြောနေသူအနီးသို့ ရွှေ့ထိုင်ပြီးလျှင်–

"ပြောစမ်းပါဦး ခင်ဗျာ၊ ဘယ်သူလဲ၊ ဘယ်ပွဲစားလဲ၊ သမီးနာမည်က ဘယ်သူလဲ"

ဟုမေးလျှင် ပထမပြောနေသူက "အလို ... ကိုသိန်းတင်လား၊ ခင်ဗျားတို့ အိမ်နီးချင်းပေါ့ဗျာ။ ခင်ဗျားမသိသေးဘူး။ ဪ ... ခင်ဗျားက ရွှေဘိုသွားနေတာကိုး။ ဘယ်တော့က ရောက်သလဲ"

"ကဲပါဗျာ၊ ခုတင်က အကြောင်း ပြောစမ်းပါဦး"

"ဪ ... မသိန်းရှင်ကလေးလား၊ ဒီလိုဗျ၊ ပွဲကတော် ဒေါ်သာယာရဲ့မောင် တစ်ဝမ်းကွဲတစ်ယောက်က ပျဉ်းမနားက လာလည်ပြီး ပွဲစားကြီးအိမ်မှာပဲ တည်းတာကိုးဗျ။ သူ့မှာလည်း သားကလေးတစ်ယောက် ပါလာတယ်။ ပိုက်ဆံကလေးကလည်း တော်

တော်ရှိတယ်ထင်ပါရဲ့။ ဒါနဲ့ လေးငါးရက်လောက်ရှိတော့ မောင်နှမ နှစ်ယောက် တိုင်ပင်ကြတာပေါ့လေ။ ဆွေချင်း ခြုံတော့လုံ၊ မျိုးချင်း ထပ်တော့ မြတ်တယ်လို့ သဘောရပြီး မောင်နှမချင်း လက်ဆက်မယ်လို့ ကြံကြတာပေါ့။ ခင်ဗျားတို့ ဘတော်ကြီးများတောင် တိုင်ပင်သေးတယ် ဆိုတာပဲ။ ကောင်ကလေးမိဘများက ငွေ ၃,၀၀၀ ကျပ် တင်ရမတဲ့။ စီမံနေကြတဲ့အတောအတွင်း အမေလုပ်တဲ့ဟာကတော့ သမီးဆို တာ သူပြီးရင်ပြီးတယ်လို့ လုံးလုံးတောင် မတိုင်ပင်ဘူးဆို ထင်ပါရဲ့။ ဒါနဲ့ သမီးက ရိပ်မိလို့ သဘောမကျတဲ့အကြောင်းပြောတော့ ကောင်ကလေး က ဘာမျှဆိုစရာမရှိတဲ့အပြင် ဆွေမျိုးချင်းလည်း ဖြစ်တဲ့အတွက် ငြင်းပယ်ဖို့မရှိတဲ့အကြောင်းပြောပြီး ဖိတ်စာတွေ ဘာတွေရိုက်၊ ခန်းဝင် ပစ္စည်းတွေ ဘာတွေ ဝယ်၊ ဒီကနေ့ည တောင်းဖို့ရမ်းဖို့ပေါ့။ မိန်းကလေး က ဒီကနေ့ညနေ ၆ နာရီလောက်မှာပဲ ရုတ်တရက် သေသွားရှာ တယ်တဲ့။ တစ်ရပ်လုံး ကျွက်ကျွက်ဆူလို့"

ဟု ပြောလျှင် "သေရှာပြီလားဗျာ" ဟု မောင်သိန်းတင်က မေးရာ–

"ကျွန်တော်ကြားတုန်းကတော့ မသေရှာသေးဘူး၊ ဆရာဝန် တွေ ဘာတွေ ဝိုင်းနေတာပဲ။ သို့သော် ရမယ်လို့တော့ မထင်ပါဘူးဗျာ၊ ဒါမျိုး တယ်ခက်တာပဲ"

ဟုပြောသည်ကို မောင်သိန်းတင်ကြားလျှင် ဓာတ်ရထားကိုပင် နေးသည်ဟု အောက်မေ့၍ ခရီးပန်းလာသည်ကိုမှ သတိမရဘဲ ဆင်း၍ သာလျှင် ပြေးလိုက်ချင်၏။

ဓာတ်ရထားမှဆင်းလျှင် မောင်သိန်းတင်သည် မသိန်းရှင်၏ အိမ်သို့ တစ်ဟုန်တည်း ပြေးသွားပြီးလျှင် အိမ်ရှေ့မှ အကဲခတ်လျက် နေရာ တစ်အိမ်လုံး ဆိတ်ငြိမ်စွာရှိသဖြင့် အနည်းငယ်အားတက်၍

အနီးသို့ ချဉ်းကပ်ပြီးလျှင် အိမ်ပေါ်မှ ဆင်းလာသူ အဒေါ်ကြီး တစ်ယောက်အား မေးမြန်းစုံစမ်းရာ အဒေါ် ကြီးက "အလို မောင်သိန်းတင်လား" ဟုပြော၍ လက်ပြပြီးလျှင် အိမ်ပေါ်သို့ တက်သွားပြန်လေ၏။ အတန်ငယ်ကြာလျှင် မသိန်းခင်လည်း အိမ်ပေါ်မှ ဆင်းလာ၍၊ မောင်သိန်းတင်၏လက်ကိုဆွဲပြီးလျှင် "မောင့်ကို ခဏခဏ မေးနေသည်" ဟုပြော၍ အိမ်ပေါ်သို့ တွန်းတင်လိုက်လေ၏။ မောင်သိန်းတင်လည်း လှေကားကို နင်းရသည်မထင်ဘဲ အိမ်ပေါ်သို့တက်သွားလျှင် အမိအဖတို့သည် တစ်ထောင့်၌ မျက်နှာချင်းဆိုင် မှိုင်နေကြသည်။ ဦးဘမောင်နှင့် ဆရာဝန်ကြီးတို့လည်း တစ်ဦးနှင့်တစ်ဦး တီးတိုး တိုင်ပင်ကြလျက် ရှိသည်။ မောင်သိန်းတင်လည်း ခုတင်ပေါ်တွင် ပက်လက်ကလေး မောလျက်နေသည်ကို မြင်လျှင် ဝမ်းတွင်း၌ရှိသော နှလုံးသားတို့သည် လည်ချောင်းသို့အကုန် လာ၍ဆို့ဘိသကဲ့သို့ အသက်ရှူမှားလျက် ခုတင်အနီးသို့သွား၍ ဒူးထောက်ပြီးလျှင် မသိန်းရှင်၏ မျက်နှာကို စေ့စေ့ကြည့်နေလေ၏။ မသိန်းရှင်လည်း မျက်စိကိုမှိတ်နေရာမှ ရုတ်တရက်ဖွင့်ကြည့်ပြီးလျှင် အလွန်တရာ ဝမ်းသာအားရရှိသော မျက်နှာထားဖြင့် "ခုမှလာသလား ကိုသိန်းတင်"ဟု သဲ့သဲ့ကလေး ပြောပြီးလျှင် ရင်ကိုလက်ဖြင့်ဖိ၍ မျက်စိကို ပြန်မှိတ်သွားလေ၏။ ဆရာဝန်ကြီးလည်း သတိရလာသည်ကိုမြင်သဖြင့် အနီးသို့လာပြီးလျှင် အတန်ကြာစိုက်ကြည့်နေရာ မသိန်းရှင်လည်း မလှုပ်ရှားဘဲနေလေလျှင် ဦးခေါင်းကိုခါ၍ အိမ်ပေါ်မှဆင်းသွားလေ၏။ မောင်သိန်းတင်လည်း အဘယ့်ကြောင့် ကြာရှည်စွာ မလှုပ်ရှားဘဲနေဘိသနည်းဟု လက်ကလေးကိုကိုင်လိုက်ရာ အေး၍နေသည်ကို စမ်းမိလျှင် ဝမ်းထဲမှ အစာလည်း မရှိ၊ ခရီးကလည်း ပန်းနေသည့်အတွင်း ချစ်လှစွာသော ရည်းစားသည် မျက်စိအောက်တွင် အသက်ပျောက်၍ သွားချေပြီ


တကားဟု သတိလစ်၍လဲသွားလေ၏။

သတိရ၍ မျက်စိကိုဖွင့်ကြည့်သည့်အခါ အမိအဖတို့သည် အိပ်ရာ၏ဘေး၌ တစ်ဖက်တစ်ချက်တွင် ထိုင်လျက် "လူကလေး၊ လူကလေး" ဟု ခေါ်နေကြသည်ကို ကြားသဖြင့် ရုတ်တရက် အိပ်ရာမှ လူး၍ ထပြီးလျှင် "ဖေဖေတို့ မေမေတို့ ကျွန်တော် အိပ်မက် မက်လိုက်တာ မေမေရယ်။ ဩော် ... အစသတ်တော့ အကုန်လုံး အိပ်မက် ပါကလား။ ဟီ ... ဟီ ... ဟီ၊ ဟော ပြတင်းပေါက်က လက်ယပ် ခေါ်တာ ဘယ်သူလဲ၊ မသိန်းရှင်မဟုတ်လား၊ အဟုတ်သားပဲ။ လာမယ် ဟေ့၊ မသိန်းရှင်ရေ့၊ မောင်လာပြီ" ဟု ပြော၍ ပြတင်းပေါက်ဆီသို့ အတင်းရုန်းထွက်သွားပြီးလျှင် အိမ်ပေါ်မှ ခုန်ချလိုက်လေ၏။

[မောင်သိန်းတင်မှာ ယခုအခါ အနောက်ဘက် စစ်ကိုင်း တောင်ရိုး ဣစ္ဆာသယချောင်တွင် ပဉ္စင်းအဖြစ်ဖြင့် သီတင်းသုံးနေရာ စကားစပ်မိကြသဖြင့် ရှေးဟောင်းနှောင်းဖြစ်များ ပြန်လှန်ပြောဆိုသည် နှင့် ကြားသိခဲ့ရသည့်အတွက် ၎င်းထံ အခွင့်လျှောက်တောင်းပြီးလျှင် ဤသတင်းစာတွင် ရေးသားထည့်သွင်းခြင်းဖြစ်ပါကြောင်း။]

သူရိယမဂ္ဂဇင်း၊ အတွဲ(၁)၊ အမှတ်(၁)၊ မတ်၊ ၁၉၁၇

❑



## နိုင်ငံရေးစာတစ်စောင် ပျောက်ဆုံးမှု

ဒုတိယ စတင်ဖြစ်ပွားသည့် ၁၉၁၉ နှစ်က ကျွန်ုပ်နှင့် ဦးစံရှားတို့သည် လမ်း ၄၀ မှ ဘရုတ်ကင်းလမ်းသို့ ပြောင်းရွှေ့နေထိုင်ကြ၍ အိမ်ဦးခန်း၌ စကားပြောလျက်ရှိကြစဉ် အလံစိုက်ထူထားသော မော်တော်ကားတစ်စင်း ဆိုက်ရောက်လာသည်ကို မြင်သဖြင့် အံ့အားသင့်စွာ ကြည့်နေကြလေ၏။ မကြာမီ မြန်မာပြည်နန်းရင်းဝန်နှင့် ၎င်း၏ အပါးတော်မြဲတို့သည် ကားပေါ်မှဆင်း၍ ကျွန်ုပ်တို့၏တိုက်ခန်းသို့ ဝင်လာကြလေရာ အိန္ဒိယပြည်မှ မဟာရာဇာစော်ဘွားနှင့် အင်္ဂလိပ် အတွင်းဝန်ချုပ်တို့တိုင်အောင် ဧည့်ခံစကားပြောခဲ့ဖူးသော ဦးစံရှားသည် ရှိုးတိုးရှန့်တန့်အမူအရာမျိုးမရှိဘဲ ခပ်အေးအေး မျက်နှာထားနှင့် ဧည့်သည်နှစ်ယောက်တို့အား နေရာထိုင်ခင်း ပေးလေ၏။ ဦးစံရှား၏ ထူးခြားသော အခြင်းအရာတစ်ခုမှာ... အမူနှင့် ပတ်သက်ခဲ့လျှင် ဆိုက်ကားနင်းသမားဖြစ်စေ၊ အင်္ဂလန်ပြည် ဂျော့ဘုရင်ဖြစ်စေ၊ အမူကောင်းလျှင် ကောင်းသည့်အလျောက် အရေးယူဂရုစိုက်တတ်၍ ဂုဏ်ဒြပ်ကြီးမြင့်သည်အတွက်ကြောင့် ရှပ်တန့်တန့် အမူအရာမျိုး ဖော်ပြလေ့ မရှိခြင်း

ပင် ဖြစ်ပေ၏။

နန်းရင်းဝန်နှင့် အပါးတော်မြဲတို့သည် ကုလားဆိုင်တွင်ထိုင်လျက် ရှိကြစဉ်၊ နှစ်ဦးလုံးတို့မှာ အရေးကြီးသော ကိစ္စတစ်ခုအတွက်ကြောင့် ဂနာမငြိမ်သော အမူအရာမျိုး ရှိကြ၍ အထူးသဖြင့် အပါးတော်မြဲမှာ တုန်တုန်ယင်ယင်နှင့် နေမထိ ထိုင်မထိ ဖြစ်နေလေတော့၏။ အပါးတော်မြဲက ရှေးဦးစွာ စတင်၍

ပါး။ ။ "ဒီလိုပါ ဦးစံရှား၊ အလွန်အရေးကြီးတဲ့ စာတစ်စောင်ပျောက်သွားလို့ ဒီကနေ့မနက် သိသိချင်း ဝန်ကြီးမင်းကို တိုင်ကြားပြီး ဝန်ကြီးမင်းက ဦးစံရှားဆီ သွားတိုင်ကြရအောင်ဆိုလို့ လာခဲ့ရခြင်းဖြစ်ပါတယ်"

ရှား။ ။"ပုလိပ်ကို အကြောင်းကြားပြီးပြီလား ခင်ဗျာ"

ဝန်။ ။ "ပုလိပ်ကို တိုင်ရင် လူတွေသိကုန်မှာ စိုးလေတော့မတိုင်ပါဘူး၊ ပုလိပ်အရာရှိ ဆိုတာမျိုးက တစ်ဆင့်ကတစ်ဆင့် ဆိုတာလို ပေါက်ကြားပြီး နောက်ဆုံးမှာ မသိစေချင်တဲ့သူတွေ သိကုန်မှာစိုးတယ်...။ ကျွန်တော်တို့ကိစ္စက လူသိခံနိုင်တဲ့ကိစ္စ မဟုတ်လေတော့ဦးစံရှားနဲ့ ကျိတ်ပြီး အလုပ်လုပ်ရအောင် လာခဲ့ရခြင်းဖြစ်ပါတယ်"

ရှား။ ။ "ဒီစာက ဘာကြောင့် ဒီလောက် အရေးကြီးရတာလဲခင်ဗျာ၊ ဘယ်လို စာမျိုးမို့ပါလဲ"

ဝန်။ ။ "အရေးကြီးဆို ဒီလိုဗျ၊ ဒီစာအကြောင်းကို အချို့လူတွေ သိသွားရင် တိုင်းပြည် သူပုန်ထသည်အထိ ဆူပွက်သွားမှာကို စိုးရိမ်ရပါတယ်။ ဒါကြောင့် ဒီစာအကြောင်းကို လူတွေမသိခင်တိတ်တဆိတ် ပြန်ရအောင် လုပ်ဖို့ အရေးကြီးနေပါတယ်"

အပါးတော်မြဲ ဘက်သို့ လှည့်၍

ရှား။ ။ ဒီစာကို ပျောက်သွားပုံအကြောင်း တစ်ဆိတ် ပြောပြ

စမ်းပါဦး။

ပါး။ ။ "ဒီလိုပါ ဦးစံရှား၊ ဒီစာဟာက အိန္ဒိယနှင့် မြန်မာပြည်ဆိုင်ရာ ဗြိတိသျှအတွင်းဝန်ဆီက ပို့လိုက်တဲ့ အမိန့်စာ ဖြစ်ပါတယ်၊ အင်မတန် အရေးကြီးတဲ့စာ ဖြစ်လေတော့ ရုံးခန်းမှာ မထားခဲ့ဘဲ ကျွန်တော်နဲ့အတူ နေ့တိုင်း အိမ်ကို ယူသွားပြီး သံသေတ္တာကလေးထဲမှာ ထည့်ထားပါတယ်၊ ဒီအမိန့်စာ ရတာ သုံးရက် ရှိသွားပါပြီ၊ မနေ့ညတုန်းက ကျွန်တော့် သံသေတ္တာထဲမှာ ရှိတဲ့အကြောင်းကို ကျွန်တော် သေသေချာချာ သိရပါတယ်။ ကျွန်တော့်မျက်စိနဲ့ကို မြင်ရပါသေးတယ်၊ ဒီကနေ့ မနက်ကျတော့မှ ပျောက်ချင်းမလှ ပျောက်သွားပါတယ်၊ ဒီစာ ထည့်တဲ့ သံသေတ္တာကလေးကို ကျွန်တော့် အိပ်ရာနားက စားပွဲပေါ်မှာ တင်ပြီး အိပ်ပါတယ်။ ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံး အင်မတန် အအိပ်ဆတ်ပါတယ်။ ညဥ့်အချိန်မှာ ဝင်ပြီး ခိုးယူလို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ကျွန်တော်တို့ နိုးကြမှာပါ၊ ဒါပေမဲ့ ဒီကနေ့ မနက်တော့ သေတ္တာ ဖွင့်ကြည့်တဲ့အခါမှာ ဒီစာ ပျောက်သွားကြောင်း တွေ့ရပါတယ်"

ရှား။ ။ "ညက ဘယ်အချိန်မှာ အိပ်ရာဝင်ကြပါသလဲ"

ပါး။ ။ "မနေ့ညက ကျွန်တော့်မိန်းမဟာ ဝန်ကတော်များနဲ့ ဘိုင်စကုတ်လိုက်သွားလို့ ကျွန်တော်က အလုပ်လုပ်နေရစ်ပြီး ၁၁း၀၀ နာရီခွဲလောက်မှာ ပြန်လာလို့ အိပ်ရာဝင်ကြပါတယ်"

ရှား။ ။ "ခင်ဗျား အလုပ်လုပ်တဲ့အချိန်မှာ စာထည့်တဲ့ သံသေတ္တာဟာ စားပွဲပေါ်မှာပဲလား"

ပါး။ ။ "မှန်ပါတယ်"

ရှား။ ။ "ဒီအတောအတွင်း နောက်ဖေးဘက်များ မထွက်ဘူးလား"

ပါး။ ။ "တစ်ကြိမ်တော့ ထွက်မိပါတယ်၊ သို့သော် ဒီအချိန်မှာ ကျွန်တော်တို့တပည့် မောင်ဘအောင် ရှိပါတယ်"

ရှား။ ။ "မောင်ဘအောင်ကတော့ စိတ်ချရဲ့လား"

ပါး။ ။ "ငယ်ငယ်ကလေးကတည်းက သားလို သမီးလို မွေးလာခဲ့တာ အင်မတန်ရိုးတဲ့ သူငယ်ကလေးဖြစ်ပါတယ်"

ရှား။ ။ "သံသေတ္တာထဲမှာ ဒီစာထည့်ထားတဲ့အကြောင်းကို ဘယ်သူများ သိသလဲ"

ပါး။ ။ "ကျွန်တော့်အိမ်သားထဲက တစ်ယောက်မှ မသိပါဘူး"

ရှား။ ။ "ခင်ဗျားမိန်းမတော့ သိမှာပေါ့"

ပါး။ ။ "သူတောင် မသိပါဘူး။ ဒီကနေ့မနက် ပျောက်သွားတော့မှ သူ့ကို ကျွန်တော် ပြောပြမိပါတယ်..."

ထိုအခါ နန်းရင်းဝန်လည်း သဘောကျသော အမူအရာနှင့် ဦးခေါင်းညိတ်လေ၏။

ဝန်။ ။ "ဒီလိုမှပေါ့ဗျာ... မိန်းမသားဆိုတာ... နူတ်ပေါ့ပါဘိ ကနဲ့၊ အရေးကြီးတဲ့ နိုင်ငံရေးကိစ္စဆိုတာ သူတို့ကို အသိမပေးတာ ကောင်းတယ်"

ပါး။ ။ "မှန်ပါတယ် ဝန်မင်း ဒီစာ မပျောက်ခင်တုန်းက ကျွန်တော့်မိန်းမကို ဒီစာအကြောင်းတစ်ခွန်းမှ ကျွန်တော် မပြောမိပါဘူး"

ရှား။ ။ "ခင်ဗျားက မပြောပေမဲ့ သူရှာမတွေ့နိုင်ဘူးလား"

ပါး။ ။ "မတွေ့နိုင်လောက်ပါဘူး၊ ဦးစံရှား၊ သူလည်း မတွေ့နိုင်ပါဘူး၊ ဘအောင်လည်း မတွေ့နိုင်ပါဘူး"

ရှား။ ။ "ဒီအရင်ကကော စာများ ပျောက်ဖူးသလား"

ပါး။ ။ "မပျောက်ဖူးပါဘူး"

ရှား။ ။ "ဒီအကြောင်းကို သိတဲ့လူ ရန်ကုန်မြို့ပေါ်မှာ ဘယ်နှယောက်လောက်ရှိသလဲ"

ပါး။ ။ "ဝန်ကြီးအစည်းအဝေးမှာ တင်ပြဖူးလို့ ဝန်ကြီးတွေရယ်၊ ကျွန်တော်ရယ်၊ ဒီလူစုက လွဲလို့ တစ်ယောက်မှ မသိပါဘူး၊ ရန်ကုန်မြို့ပေါ်မှာဖြင့် ဒီလူစုပဲ သိကြပါတယ်"

ရှား။ ။ "ဒီပြင်မြို့မှာကောဗျာ"

ပါး။ ။ "ဒီစာကိုပို့လိုက်တဲ့ ဗြိတိသျှအတွင်းဝန်ရုံးကတော့ သိကြမလား မဆိုနိုင်ဘူး"

ဦးစံရှားသည် အတန်ငယ် စဉ်းစားစိတ်ကူးနေပြီးနောက် နန်းရင်းဝန်ဘက်သို့ လှည့်၍

ရှား။ ။ "ဒီလိုပါခင်ဗျာ၊ ဒီစာအကြောင်းကို ယခုထက် သေသေချာချာ ကျွန်တော် သိရမှ ဖြစ်လိမ့်မယ်ထင်တယ်၊ ဒီစာအကြောင်းကို တချို့လူတွေသိသွားရင် သူပုန်ထကြလိမ့်မယ်ဆိုတာဟာ ဒီအမိန့်စာထဲမှာ ဘာတွေပါလို့လဲ ခင်ဗျာ"

နန်းရင်းဝန်သည် အပါးတော်မြဲအား လှမ်း၍ တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းဆိုင်က ကြည့်နေကြပြီးနောက်...

ဝန်။ ။ "ဒီလိုဗျ ဦးစံရှား... စာအိတ်က အပြာရောင် ခပ်ရှည်ရှည်ပဲ၊ ချိတ်တံဆိပ်ကတော့ တိုက်တံဆိပ် ရွှေဒင်္ဂါးမှာလို အစိုးရသရဖူတံဆိပ်နှိပ်ထားတယ်... ဒီထက်တော့ ပိုပြီး ကျွန်တော်တို့ ပြောခွင့်မရှိပေဘူး"

ရှား။ ။ "သည်းခံပါခင်ဗျား၊ ကျွန်တော် စုံထောက်ရမယ်ဆိုရင် ဒီလောက်နဲ့တော့ မဖြစ်ပေဘူး ထင်တယ်၊ ဒီထက် စုံစုံလင်လင်သိရမှ ခြေရာကောက်နိုင်လိမ့်မယ် ထင်ပါတယ်၊ ဒီအမိန့်စာထဲမှာ ဘယ်လို အကြောင်းအရာတွေ ရေးသားထားပါသလဲ"

ဝန်။ ။ "အင်မတန် အရေးကြီးတဲ့ နိုင်ငံရေးကိစ္စ ဖြစ်လေတော့ လျှို့ဝှက်စွာ အလုပ်လုပ်ကြရမှာမို့ ပြောလို့မဖြစ်ပေဘူး ဦးစံရှား... ဒီထက်ပိုပြီး ခင်ဗျားသိဖို့လည်း လိုမယ်မထင်ပါဘူး၊ စုံထောက်တဲ့ပညာမှာ ခင်ဗျား အင်မတန်တော်တယ်လို့ ကျွန်တော်တို့ကြားဖူးတဲ့အတိုင်း ကျွန်တော် ပြောပြတဲ့ စာအိတ်ကို အတွင်းစာနဲ့တကွ ပြန်ရအောင် လုပ်ပေးနိုင်ရင်တော့ ဘုရင်ခံဆီက ဆုလာဘ်များများကြီးရအောင် ကျွန်တော် ထောက်ခံပေးပါ့မယ်... ဦးစံရှား"

ဦးစံရှားသည် မျက်နှာထားချိုစွာနှင့် ထိုင်ရာမှထလျက် "ဝန်မင်းတို့မှာလည်း တိုင်းရေးပြည်ရေးနဲ့ အင်မတန် အလုပ်များတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ပါပေလိမ့်မယ်၊ ကျွန်တော့်မှာလည်း ကျွန်တော့်ဟာကလေးနဲ့ ကျွန်တော် အလုပ်များသားပဲခင်ဗျ၊ ဒီလောက်သိရရုံနဲ့ ကျွန်တော် တတ်နိုင်မယ် မထင်ပါခင်ဗျာ၊ ဒီလို ဝန်မင်းများရော၊ ကျွန်တော့်မှာရော အချည်းနှီး အချိန်ကုန်ကြရုံရှိလိမ့်မယ် ထင်ပါတယ်"

ထိုအခါ နန်းရင်းဝန်သည် ထိုင်ရာမှ ရုတ်တရက်ထ၍ မျက်မှောင်ကြုတ်ကာ ဦးစံရှားအား လှမ်းကြည့်လိုက်ရာမှ များစွာသော ဌာနချုပ်အရာရှိကြီးများသည် ၎င်းမျက်နှာထားကို မြင်ရသည့်အခါ ထိုင်ရမလို ထရမလိုနှင့် ယောင်တောင်တောင် ဖြစ်တတ်ကြသော်လည်း ဦးစံရှားမူကား ခပ်ပြုံးပြုံးမျက်နှာနှင့် လက်ပိုက်ရပ်ကာ ကြည့်နေလေ၏။

နန်းရင်းဝန်လည်း "ခင်ဗျား..." ဟူ၍ ဒေါသတကြီးနှင့် စကားစလိုက်ပြီးမှ ရုတ်တရက် သတိရဟန်နှင့် အမျက်ကို ချုပ်တည်း၍ နှုတ်ခမ်းကိုက်ကာ ငြိမ်ဝပ်စွာ ထိုင်နေလေ၏။ ကျွန်ုပ်တို့လေးဦးသားသည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ တစ်မိနစ်ခန့်ကြာသည့်တိုင်အောင် ဆိတ်ငြိမ်စွာ ထိုင်နေကြပြီးနောက်... နန်းရင်းဝန်

သည် အမျက်ပြေပျောက်သည့် လက္ခဏာနှင့်...

ဝန်။ ။ "မပြောမဖြစ်ဘူးဆိုရင်လည်း ပြောရပေမှာပေါ့ ဦးစံရှား၊ ခင်ဗျားပြောသလို အစုံအလင် မသိရရင် စုံထောက်လို့ မဖြစ်နိုင်ပေဘူး ဆိုတာလည်း ဟုတ်ပါပေလိမ့်မယ်..."

ပါး။ ။ "မှန်ပါတယ် ဝန်မင်း"

ဝန်။ ။ "သို့သော် ဒီလိုလေဗျာ ဦးစံရှား၊ ခင်ဗျားရော ဒီက ခင်ဗျားမိတ်ဆွေ ဦးသိန်းမောင်ရော နှုတ်လုံတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လိမ့်မယ်လို့ ကျွန်တော် အားကိုးပါတယ်၊ ကျွန်တော် ဒီလောက် လျှို့ဝှက်နေနေတာက တခြားကြောင့် မဟုတ်ဘူးဗျ၊ မတော်တဆ ပေါက်ကြားသွားရင် ကျွန်တော်တို့ ကြိုးစားခဲ့သမျှတွေ အလကားဖြစ်ပြီး တိုင်းပြည်ကြီး ကျွမ်းသန္တာလန်သွားမှာစိုးလို့ ချိန်ဆခဲ့ရခြင်းဖြစ်ပါတယ်..."

ရှား။ ။ "ကျွန်တော်နဲ့ မိတ်ဆွေဦးသိန်းမောင်အတွက်တော့ ကျွန်တော် တာဝန်ယူပါတယ်... စိတ်ချပါ"

ဝန်။ ။ "ဒီလိုပါဗျာ... တခြား မဟုတ်ပါဘူး... ဗြိတိသျှ အတွင်းဝန်ကြီး ဒီတိုင်းပြည်မှာရှိတဲ့ သခင်ခေါင်းဆောင်တွေ ဟူသမျှကို အားလုံး ဖမ်းပြီး ထောင်ထဲထားရမယ်လို့ အမိန့်ပေးလိုက်တဲ့စာ ဖြစ်ပါတယ်... ဒီအခါမှာ ဂျာမနီက အင်္ဂလန်ကို တိုက်တော့မလိုဖြစ်နေလို့ ကျွန်တော်တို့မြန်မာပြည်မှာ သခင်တွေ လှုပ်လှုပ်ရှရှ ဖြစ်နေတုန်း အင်္ဂလိပ်အစိုးရက ဖြုန်းခနဲ လိုက်မယ်ဆိုရင် မိတဲ့လူမိ လွတ်တဲ့လူ လွတ်သွားပြီး... ဟိုဂတ် စီးလား... သည်ဌာန တိုက်လားနဲ့ အင်မတန် ဆူပွက်သွားကြလိမ့်မယ်၊ သူတို့လူစုက နဂိုကမှ ဆူချင်လွန်းလို့ အကြောင်းရှာနေတဲ့အထဲမှာ ကျုပ်တို့ စ,ဖမ်းလိုက်ရင် ငိုချင်ရက်လက်တို့ ဆိုတာမျိုးလို တစ်ပြည်လုံးပွက်ပွက်ရိုက်သွားတော့မှာပဲ၊ ဒါကြောင့် ကျွန်တော်တို့ ဝန်ကြီးအဖွဲ့က ဘုရင်ခံနဲ့ တိုင်ပင်ပြီး ဗြိတိသျှအတွင်း

ဝန်ထံ ဒီကိစ္စကို ပြန်စဉ်းစားဖို့ ဆင်ခြေကန်ထားတယ်... ခါတိုင်းဆို ရင်တော့ ဒီလိုဆင်ခြေ မကန်ဘူးပေါ့ဗျာ... လုပ်ဆိုလုပ်ရမှာပေါ့၊ အခုတလောမှာတော့ သူတို့မှာလည်း ဟစ်တလာ ရန်က နေ့လား ညလား ဆိုတာလို ဖြစ်နေတော့ ကျွန်တော်တို့ အစိုးရကလည်း အတွင်း ဝန်ကြီးကို ပြန်စဉ်းစားဖို့ အစီရင်ခံဝံ့တာပေါ့၊ ဒီအချိန် စာပျောက်သွား လို့ ဒီအကြောင်းကို သခင်တွေသိသွားရင် ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြလိမ့်မယ်။ တော်တော်ကြာတော့ အတွင်းဝန်ကြီးက ဖမ်းသာ ဖမ်းလို့ အမိန့်ပြန်လာတဲ့အခါမှာ သခင်ခေါင်းဆောင်တစ် ယောက်မှ ရှာမတွေ့ဘူးဆိုရင် ကျွန်တော်တို့တော့ ဘာမှမပြောနဲ့ ရာထူး နုတ်ထွက်ရုံ ရှိတော့မှာပဲ၊ အဲဒါလောက် အရေးကြီးတဲ့ကိစ္စဖြစ်လို့မို့ ဦးစံရှားကို ကျွန်တော်တို့ ရုတ်တရက် မပြောခဲ့ဘဲ ချိန်ဆနေခဲ့ခြင်း ဖြစ်ပါတယ်"

ထိုအခါ ဦးစံရှားသည် စက္ကူတစ်ရွက်ပေါ်တွင် နာမည်အချို့ကို ရေး၍ နန်းရင်းဝန်လက်သို့ ကမ်းလိုက်ပြီးနောက် "ဖမ်းရမယ့် အထဲမှာ က ဒီလူစုပါတယ် မဟုတ်လားခင်ဗျာ" ဟု မေးလိုက်ရာ နန်းရင်းဝန် က "မှန်ပါတယ်" ဟု ပြောလေ၏။

ရှား။ ။ "သခင်တွေက အတွင်းဝန်ရုံးမှာ သူလျှိုတွေများ ချထားသလား ခင်ဗျား"

ဝန်။ ။ "သူတို့ကလည်း ပညာတတ်ကလေးတွေမို့ ဉာဏ် သွားသားပဲ ခင်ဗျ၊ ရှိချင်မှ ရှိမှာပဲ၊ ဒါကြောင့် ကျွန်တော်တို့က ဒီစာ ကို သိပ်ဂရုစိုက်ပြီး သိမ်းပါရက်နဲ့ ဒီလိုဖြစ်ရတာ သိပ်ခွကျနေတာပဲ"

ရှား။ ။ "တကယ်လို့ ဒီစာ ပျောက်သွားတယ်ဆိုပါတော့ ဘယ်သူ့လက်ထဲကို ရှေးဦးစွာ ရောက်သွားလိမ့်မယ် ထင်လဲ"

ဝန်။ ။ "ရန်ကုန်မြို့မှာ လျှို့ဝှက်စွာ လုပ်ထားတဲ့ သခင်သုံး

လေးယောက် အသင်းရှိတယ်လို့ ပြောတယ်”

ရှား။ ။ “အဲဒီ သုံးလေးယောက် နာမည်ကို ကျွန်တော် ရနိုင်မလား”

ဝန်။ ။ “နိုင်ငံတော်စုံထောက်အဖွဲ့ကတော့ ဒီလူတွေကို မျက်ခြည်မပြတ် လိုက်နေတာပဲ။ ခင်ဗျား သိချင်ရင်၊ ကျွန်တော် တောင်းပေးပါ့မယ်”

ရှား။ ။ “ဟုတ်ကဲ့၊ ရန်ကုန်ကအဖွဲ့ကို ကျွန်တော် သိချင်ပါတယ်၊ သုံးယောက်တဲ့ မများဘူး ပြောတယ်”

ဝန်။ ။ “ဟုတ်ပါလိမ့်မယ်၊ ဒါဖြင့် ကျွန်တော်တို့ပြန်သွားပြီး ချက်ချင်း တယ်လီဖုန်းနဲ့ ပြောလိုက်ပါ့မယ်”

ရှား။ ။ “သို့သော် တစ်ခုတော့ ရှိတယ်။ ဝန်မင်း ပျောက်သွားတာ ဒီကနေ့မနက်ဆိုတော့ ခုအချိန်မှာ သူတို့လက်ထဲမှာ ဒီစာ ရောက်သွားရင် ပြေးတဲ့လူပြေး ပုန်းတဲ့လူပုန်း ဖြစ်ကုန်လောက်ပြီ ထင်တယ်။ သူတို့လူစု လက်ထဲကို မရောက်သေးဘဲ တစ်နေရာရာမှာ တင်နေသေးတယ် ဆိုရင်တော့ မျှော်လင့်စရာရှိသေးရဲ့။ နို့မဟုတ်ရင်တော့ လွန်ကုန်လောက်ပါပြီခင်ဗျာ၊ ကျွန်တော်ဖြင့် မျှော်လင့်စရာ သိပ်မရှိဘူး ထင်တာပဲ”

ဝန်။ ။ “ကျွန်တော်တို့လည်း ဒီလို စဉ်းစားတာပဲ၊ သို့သော် သူတို့လက်ထဲမရောက်သေးဘဲနဲ့ တင်နေလိုနေငြားပေါ့ခင်ဗျာ”

ရှား။ ။ “ဒါတော့ ကြိုးစားကြည့်ရတာပေါ့ခင်ဗျာ၊ ဒါထက် နေစမ်းပါဦး၊ သေတ္တာထဲက ပျောက်ပုံကြည့်ရတာတော့ ခင်ဗျား အိမ်သားထဲက လွဲလို့ ဒီစာကို ဘယ်သူမှ ယူနိုင်ဖို့ မရှိပါလားဗျာ.. အိမ်သားတွေ ပြောစမ်းပါဦး”

ပါး။ ။ “အိမ်သားတွေဆိုရင်တော့ ကျွန်တော် မယားရယ်၊

ခုနက ဘအောင်ရယ်၊ ဒေါ်သီဆိုတဲ့ ထမင်းချက် မိန်းမကြီးရယ်.... ဒါပဲ ရှိတာပဲခင်ဗျ"

ရှား။ ။ "မိန်းမကြီးက ဘူးလုံးနာမထွင်းပါ ခင်ဗျာ၊ ပါးရည်နပ်ရည်လည်း မရှိ၊ ဒီလိုဟာမျိုး လုပ်တတ်မယ် မထင်ပါဘူး"

ရှား။ ။ "ဘာပြောပြော... ဒီသုံးယောက်ထဲက တစ်ယောက်ယောက် ဖြစ်ရမှာပဲဗျ၊ အစေခံနှစ်ယောက် မဟုတ်ဘူးဆိုရင်... ခင်ဗျား မိန်းမပဲရှိမှာပဲ"

ပါး။ ။ "ကျွန်တော် ပြောပြခဲ့တဲ့အတိုင်း... ဒီစာအကြောင်းကို သူ လုံးလုံး မသိဘူးဗျ"

ရှား။ ။ "မသိဘူး ထင်တယ်လို့ ဆိုပါဗျာ"

ပါး။ ။ "မပြောတတ်ပါဘူးခင်ဗျာ၊ တွေးချင်သလိုသာ တွေးပြီး လုပ်ချင်သလိုသာ လုပ်ပါ၊ ပေါ်ပေါက်ရင် ကျွန်တော်တို့တော့ ကြိုက်တာပါပဲ"

၎င်းနောက် နန်းရင်းဝန်က ရန်ကုန်မြို့၌ လျှို့ဝှက်စွာ ဖွဲ့စည်းထားသော သခင်ခေါင်းဆောင် သုံး, လေးယောက်တို့၏ အမည်၊ နေရပ်များကို တယ်လီဖုန်းနှင့် ပြောလိုက်ပါမည်ဟု မှာထား၍ တိုက်ပေါ်မှ ဆင်းသွားကြလေ၏။

* * *

ညှော်သည့်များ ဆင်းသွားကြသောအခါ ဦးစံရှားသည် ဆေးတံမီးညှိ၍ ဆေးနှစ်ဆုံ ကုန်သည့်တိုင်အောင် စဉ်းစားစိတ်ကူးရင်း အငွေ့တခြောင်းခြောင်းနှင့် သောက်ရှုလျက်ရှိရာ ကျွန်ုပ်မှာ ဦးစံရှား၏ ဝါသနာကို သိသည်ဖြစ်၍ အနှောင့်အယှက်မပေးဘဲ ကျွန်ုပ်၏ နေရာတွင် ထိုင်လျက် ငြိမ်သက်စွာ စောင့်ဆိုင်းနေလေ၏။ နောက်များ

မကြာမီအတွင်း တယ်လီဖုန်းနှိုးစက်မြည်သဖြင့် ဦးစံရှားသည် တယ်လီဖုန်းကို ကောက်ယူ၍ နားထောင်သည်တွင် နန်းရင်းဝန်ထံမှ နာမည်သုံးခုကို စာရွက်ကလေးတစ်ခုပေါ်တွင် ရေးမှတ်ထားလိုက်လေ၏။ ထိုအတောအတွင်း၌ ကျွန်ုပ် ရန်ကုန် ဂေဇက်အင်္ဂလိပ်သတင်းစာကို ဖတ်ရှုလျက်ရှိစဉ် တိုက်ဂါအလီလမ်း၌ ယမန်ညဉ့်က ဖြစ်ပွားသော လူသတ်မှုတစ်မှုအကြောင်းကို တွေ့ရသည်နှင့်...

နုပ်။ ။ "နေစမ်းပါဦးဗျ၊ ဦးစံရှား၊ ခင်ဗျား ခုနက ရေးမှတ်နေတဲ့အထဲမှာ တိုက်ဂါအလီလမ်းက သခင်ထွန်းအောင်ဆိုတဲ့လူပါသလား"

ရှား။ ။ "ပါတယ်ဗျ ဘာကြောင့်လဲ"

နုပ်။ ။ "ဒါဖြင့် ခင်ဗျားစာရင်းထဲက တစ်ယောက် ပြုတ်သွားပြီ"

ရှား။ ။ "ဘာကြောင့်လဲဗျ"

နုပ်။ ။ "မနေ့ညက ၁၀း၀၀ နာရီလောက်မှာ ခင်ဗျား သခင်ထွန်းအောင်ကို လူသတ်သွားပြီတဲ့ဗျ"

ဦးစံရှားသည် ကျွန်ုပ်ပြောသော စကားကိုကြားရသောအခါ အံ့ဩသော မျက်နှာထားနှင့် ကုလားထိုင်မှ ရုတ်တရက် ထလိုက်လေရာ၊ ကျွန်ုပ်မှာ ဦးစံရှားက ကျွန်ုပ်အံ့ဩလောက်အောင် ပြောသောစကားများကိုသာ အခါခပ်သိမ်း ကြားခဲ့ရ၍ ဦးစံရှား အံ့ဩလောက်အောင် ကျွန်ုပ်က တစ်လှည့်တစ်ပတ် ပြောဆိုနိုင်သည့်အတွက် အလွန်ကျေနပ်သည်နှင့် အရသာခံလျက် ဦးစံရှား၏မျက်နှာကို ကြည့်နေမိသေး၏။ နောက်ဆုံး၌ ကျွန်ုပ်သည် အင်္ဂလိပ်သတင်းစာ၌ ဖော်ပြပါရှိသော အဖြစ်အပျက်များကို ဦးစံရှားအား ညွှန်ပြလိုက်ရာ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

## တိုက်ဂါအလီလမ်း လူသတ်မှု

ယမန်နေ့ည ၁၀း၀၀ နာရီခွဲ အချိန်ခန့်တွင် ရန်ကုန်မြို့၊ တိုက်ဂါအလီလမ်းနံပါတ်.. နေအိမ်တွင် အလွန်ထူးဆန်းသော လူသတ်မှုတစ်ခု ဖြစ်ပွားကြောင်း၊ ၎င်းအိမ်မှာ တိုက်ခံအိမ်ကလေးဖြစ်၍ သခင်ထွန်းအောင်ဆိုသူတစ်ယောက် နေထိုင်လျက်ရှိရာ ထိုသူမှာ မည်သည့်အလုပ်မျိုး လုပ်ကိုင်သည်မှာ သေချာစွာ မသိရသော်လည်း အိမ်ထောင်ပစ္စည်းများနှင့် နေထိုင်ဖို့ အဆင့်အတန်းမှာ လခ မနည်းသော လူတစ်ယောက်၏ အနေအထိုင်မျိုးဖြစ်သည်ဟု ခန့်မှန်းကြရ၏။ သခင်ထွန်းအောင်မှာ အသက် ၃၀ ကျော်ရှိ၍ ၎င်း၏နေအိမ်တွင် မောင်ထွေးနှင့် ၎င်း၏ မယားမမေတို့သည် သခင်ထွန်းအောင်၏ ကိစ္စကြီးငယ်တို့ကို ဆောင်ရွက်လျက် တပည့်များအဖြစ်နှင့် နေထိုင်ကြသည်ဆိုကြောင်း၊ သခင်ထွန်းအောင်သည် မောင်ထွေးတို့လင်မယားအား အိမ်လခအပြင် အရပ်ရပ် အသုံးစရိတ်အတွက် တစ်လလျှင် ငွေတစ်ရာပေး၍ မောင်ထွေးတို့ လင်မယားက သခင်ထွန်းအောင်၏ စားမှုသောက်မှု တာဝန်နှင့် အရပ်ရပ်ကိစ္စတို့ကို ဆောင်ရွက်ပေးကြရသည်ဆို၏။ လွန်ခဲ့သောညဉ့်က မောင်ထွေးတို့ လင်မယားသည် သခင်ထွန်းအောင်ထံမှ ခွင့်တောင်း၍ မြို့ထဲသို့ ဘိုင်စကုတ်ကြည့်ရန် သွားကြသဖြင့် သခင်ထွန်းအောင်မှာ မိမိ၏နေအိမ်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်ဆိုကြောင်း၊ ၁၁း၀၀ နာရီအချိန်ခန့်တွင် ၎င်းရပ်ကွက်၌ ပတ်တရောင် လှည့်ကြသော ဆာဂျင်မောင်များနှင့် ပုလိပ်သားနှစ်ယောက်တို့သည် တိုက်ဂါအလီလမ်းပေါ်၌ လျှောက်လာကြစဉ် သခင်ထွန်းအောင်၏နေအိမ်မှာ အိမ်တံခါးများပွင့်လျက် မှန်အိမ်မလင်းတလင်း ရှိနေသဖြင့် ခါတိုင်းနှင့်မတူ အမူအရာ ထူးခြားသည်ဟု အောက်မေ့သည်နှင့် ဆာဂျင်မောင်များတို့ လူစုသည် အိမ်ဝင်း

တံခါးကို ခေါက်ကြည့်ကြသည် ဆိုကြောင်း၊ သို့ရာတွင် အိမ်တွင်းမှ လူသံမကြားသည်နှင့် မောင်များတို့ လူစုသည် ဝင်းတံခါးကိုဖွင့်၍ အိမ်တစ်လုံး မလင်းတလင်း ထွန်းထားသော သခင်ထွန်းအောင်၏ နေအိမ်အောက်ထပ်မှာ အိမ်ထောင်ပစ္စည်း ဖရိုဖရဲ ကြဲပြန့်လျက်ရှိသည်ကို တွေ့ကြရသည်ဆိုကြောင်း၊ ကုလားထိုင်တစ်လုံးမှာ အခန်းထောင့်၌ လဲလျက်ရှိသည့်ပြင် စားပွဲပေါ်မှာ စာအုပ်များမှာလည်း အနှံ့အပြား ကြဲပြန့်လျက်ရှိသည်ကို တွေ့ကြရသည်ဆိုကြောင်း၊ အခန်း၏အလယ်၌ ချည်ဖြင့်ရက်လုပ်၍ အဖြူနှင့် အပြာ အကန့်လိုက်ရှိနေသော ရွက်ထည်ကြီးတစ်ခု ခင်းထားလေရာ၊ ၎င်းရွက်ထည်ပေါ်တွင် သခင်ထွန်းအောင်မှာ ခပ်ကွေးကွေး လဲလျက်ရှိသည်ကို တွေ့ကြရသည်ဆိုကြောင်း၊ သခင်ထွန်းအောင်၏ ရင်ဘတ်တွင် ဓားမြှောင်မှာလည်း သခင်ထွန်းအောင်၏ စားပွဲအံဆွဲတွင်ထားလေ့ရှိသော လက်နက်ဖြစ်သည်ဟု မောင်ထွေးလင်မယားက ထွက်ဆိုကြကြောင်း၊ အခန်းတွင်း၌ စားပွဲတင်နာရီနှင့်တကွ သခင်ထွန်းအောင် လက်တွင် ရွှေလက်ပတ်နာရီတို့ကို တွေ့ကြရ၍ အခြားပစ္စည်းကို ယူလိုသည့် လက္ခဏာမရှိဟု တွေးထင်ကြကြောင်း၊ သခင်ထွန်းအောင်၏ စားပွဲအံဆွဲတွင် ငွေငါးဆယ်ကျော်မျှ အလွယ်တကူ တွေ့ရသည် ဖြစ်သောကြောင့် ၎င်းကို သတ်သော လူများသည် ငွေရလိုသော ရည်ရွယ်ချက်မရှိသည့် အကြောင်းမှာ သာ၍ ထင်ရှားကြောင်း။

ရန်ကုန်ဂေဇက်တွင်ပါရှိသော အထက်ပါအကြောင်းအရာများကို ကျွန်ုပ်က ပြသဖြင့် ဖတ်ရှုပြီးနောက် ဦးစံရှားက –

ရှား။ ။ "ဘယ့်နှယ်လဲ ကိုသိန်းမောင်... ခင်ဗျား ဘယ်လိုထင်သလဲ"

နုပ်။ ။ "ဘယ်လိုမှတော့ မထင်တတ်ဘူး၊ ဗျို့... သို့သော်

နန်းရင်းဝန်ဆီက စာရင်းပေးလိုက်တဲ့ လူသုံးယောက်အနက်မှာ တစ်ယောက် ဒီလို ဖြစ်နေတယ် ဆိုတာတော့ တော်တော်ထူးဆန်းတာပဲ"

ရှား။ ။ "ထူးဆန်းလိုက်ပုံတော့ ဘာပြောကောင်းမလဲ ကိုသိန်းမောင်၊ အပါးတော်မြဲအိမ်မှာ အလွန်အရေးကြီးတဲ့ စာ တစ်စောင် ပျောက်တယ်၊ ပျောက်လို့ ကျုပ်တို့ဆီကို လာတိုင်တယ်၊ လာတိုင်လို့ ဒီကိစ္စနဲ့ ပတ်သက်မယ်ထင်တဲ့ လူသုံးယောက်ရဲ့ နာမည်ကို ကျုပ်တောင်းတယ်၊ တောင်းလို့မှ ရရုံရှိသေး၊ ဒီသုံးယောက်အနက်က တစ်ယောက် သေတယ်လို့ ကြားရတယ်၊ ဒီတော့ကာ ဒီစာပျောက်တာနဲ့ သခင်ထွန်းအောင် သေတာနဲ့ဟာ အဆက်အသွယ် မရှိဘူးဆိုရင် ဘယ်လိုဟာမျိုး အဆက်အသွယ် ရှိဦးမှာလဲ"

နုပ်။ ။ "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုတာမျိုးလို မဖြစ်နိုင်ဘူးလားဗျာ"

ရှား။ ။ "ဘယ်ကလာ ဖြစ်နိုင်မှာလဲ ကိုသိန်းမောင်၊ ဒီလူ သေတာနဲ့ ဒီစာ ပျောက်တာနဲ့ဟာ တစ်ဆက်တည်း ဖြစ်ရမယ်လို့ ကေန် ကျုပ် ဆိုဝံ့တယ်"

နုပ်။ ။ "ဒီလိုဆိုရင် ပုလိပ်တွေလည်း ဒီလိုပဲ တွေးကုန်ကြတော့မှာပေါ့"

ရှား။ ။ "ဘယ်ကလာ တွေးနိုင်မှာလဲဗျ၊ သူတို့က သခင်ထွန်းအောင်သေတာကိုသာ သိကြမှာကိုး၊ ဟိုစာပျောက်သွားတဲ့ အကြောင်းကို သိမှမသိကြဘဲ၊ ဒီတော့ကာ ဒီအဆက်ကို ကျုပ်တို့သာ မြင်တာဗျ အလို၊ ဘယ်သူများ လာပြန်တာလဲ ဗျို့ လှေကားပေါ်က ခြေသံကြားတယ်..."

ကျွန်ုပ်တို့သည် တံခါးခေါက်သံကြားသဖြင့် ဖွင့်ပေးလိုက်ရာတွင် မိန်းမတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။

ကျွန်ုပ်သည် ထိုမိန်းမ၏ ရုပ်အဆင်းကို တွေ့မြင်ရသောအခါတွင် အံ့အားသင့်လျက် ငေးကြည့်မိနေလေတော့၏။ ဇင်းမယ်လုံချည် ကတ္တီပါဖိနပ်နှင့် ရှုံသားအင်္ကျီအစရှိသော ထိုမိန်းမအဝတ်အစားများမှာ အခြားမိန်းမများ၏ အဝတ်အစားများနှင့် ခြားနားခြင်း မရှိသော်လည်း ၎င်း၏လက်တွင် ကိုင်ထားသော ဗာနတီဘက်ခေါ် ဘိုမများကိုင်လေ့ရှိသည့် လက်ဆွဲသားရေအိတ်ကလေးနှင့် ၎င်းမိန်းမ၏ ခန့်ညားသော အမူအရာတို့မှာ အထက်တန်းစား အရာရှိတစ်ယောက်နှင့် သားသမီးဖြစ်၍ အထက်တန်းစား အရာရှိတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားခဲ့သော သားမယားဖြစ်သည့်အကြောင်းကို ကောင်းစွာ အကဲခတ်နိုင်ပေ၏။ ထိုမိန်းမမှာ ရုပ်ဆင်းသဏ္ဌာန်အားဖြင့် အမှန်ပင်ချောမောလှပါပေ၏။ သို့ရာတွင် ရုပ်ဆင်းလှပခြင်းထက် အမူအရာခန့်ညားခြင်းက သာလွန်ထင်ရှားပေသည်။

ထိုမိန်းမသည် အခန်းတွင်းသို့ဝင်လာ၍ သားရေအိတ်ကလေးကို ကိုင်ကာ ကျွန်ုပ်တို့နှစ်ယောက်ကို ကြည့်နေပြီးနောက် မည်သူသည် ဦးစံရှားဖြစ်သည်ကို ရိပ်မိဟန် လက္ခဏာနှင့် ဦးစံရှားကိုကြည့်လျက် "ကျွန်မ အတွင်းဝန် ဦးသန်းကြွယ်မိန်းမ ခင်ခင်ကြီးပါ" ဟု ပြောလိုက်ရာ ၎င်း၏ အသံနေအသံထားနှင့် ကိုယ်ဟန်အမူအရာတို့မှာ ကိစ္စအကြီးအကျယ် ရှိသည့်အတွက်ကြောင့် တုန်တုန်ယင်ယင်နှင့် ကပျာကသီ ရှိနေသည့်အဖြစ်ကို ကျွန်ုပ် အကဲခတ်မိလေ၏။

ခင်။ ။ "ကျွန်မယောကျ်ား ဦးသန်းကြွယ် ဒီကို လာတယ် မဟုတ်လား ဦးစံရှားရှင်"

ရှား။ ။ "မှန်ပါတယ် လာပါတယ်"

ခင်။ ။ "တစ်ခုတော့ ကျွန်မ တောင်းပန်ပါရစေရှင်၊ ကျွန်မ ဒီကို လာတဲ့ကြောင်း ကျွန်မယောကျ်ားကို မပြောပါနဲ့နော်... ဦးစံရှား"

ဦးစံရှားသည် ရုတ်တရက် အဖြေမပေးသေးဘဲ ကုလားထိုင် တစ်လုံးကို ညွှန်ပြီးမှ…

ရှား။ ။ "ထိုင်ပါခင်ဗျာ၊ ထိုင်ပါ အဖြစ်အပျက်ကို အစုံအလင် မသိရသေးခင် မပြောဘူး၊ ပြောမယ်လို့ ကျွန်တော် ကတိထားဖို့တော့ ခဲယဉ်းတယ်မှတ်တယ်"

ခင်ခင်ကြီးသည် ရုတ်တရက် မထိုင်သေးဘဲ ကုလားထိုင်ကို ပြတင်းပေါက်အနီးသို့ ရွှေ့ပြီးလျှင် အလင်းရောင်ကို ကျောခိုင်းလျက် မိမိ၏မျက်နှာကို အမှောင်ဘက်သို့ လှည့်ထားပြီးမှ ထိုင်လေ၏။

ခင်။ ။ (လက်ဆွဲအိတ်ကလေးကို စားပွဲပေါ်တွင် ချထားလိုက် ပြီးနောက်) "ဒီလိုပါ ဦးစံရှားရှင့် ကျွန်မက ပွင့်ပွင့်လင်းလင်း ပြောသလို ဦးစံရှားကလည်း ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောလိမ့်မယ်လို့ မျှော် လင့်ပါတယ်၊ ကျွန်မယောကျ်ားကိုသန်းကြွယ်ဟာ နေရာတကာမှာ ကျွန်မကို အလုံးစုံ ယုံကြည်ပါတယ်။ ဘာမဆို ကျွန်မကို ဖွင့်ပြီးတော့ တိုင်ပင်လေ့ရှိပါတယ်။ သို့သော် နိုင်ငံရေးနဲ့ ပတ်သက်တဲ့ကိစ္စ တစ်ခု တည်းပဲ ကျွန်မကို ဖွင့်မပြောဘဲ ထားတတ်ပါတယ်။ ဒီပြင်ကဖြင့် ဘာမဆို ကျွန်မ မေးတိုင်း ပြောတာပဲ နိုင်ငံရေးဆိုရင်ဖြင့် ကျွန်မအပေါ် မှာ သိပ်ပြီး နှုတ်လုံတာပဲ၊ ဘာတစ်ခုမျှ ဖွင့်လို့ မပြောဘူး မေးလို့ လည်း မရဘူး၊ တိုင်ပင်တယ်လို့လည်း မရှိဘူး၊ ကျွန်မတို့အိမ်မှာ မနေ့ညက နိုင်ငံရေးနဲ့ ပတ်သက်လို့၊ အင်မတန်အရေးကြီးတဲ့ စာ တစ်စောင် ပျောက်သွားတယ်ဆိုတာ ကျွန်မ သိရပါတယ်။ ကျွန်မ ယောကျ်ားက အင်မတန် အရေးကြီးလို့ ဘယ်သူ့ဆီက စာ ဖြစ်တယ် ဆိုတာကိုတောင် မပြောပါဘူး၊ အခု သူ ပျောက်သွားတယ်ဆိုတဲ့ စာဟာ ဘယ်လိုစာမျိုး ဖြစ်တယ်ဆိုတာကို ကျွန်မ သိလိုပါတယ်၊ ဒီ အကြောင်းကို ရှင်တော့ သိမှာပါပဲ၊ ဒီတော့ကာ ပျောက်နေတဲ့စာဟာ

ဘယ်လိုစာမျိုးဖြစ်လို့ ဒီစာကို မတွေ့ရင် ဘယ်လို ဖြစ်လိမ့်မယ် ဆိုတာကို ကျွန်မ သိပါရစေ ဦးစံရှားရှင့်"

ရှား။ ။ (ဦးခေါင်းယမ်းလျက်) "ဒီမေးခွန်းကိုတော့ ကျွန်တော် ဖြေနိုင်တဲ့ အခွင့်အရေး မရှိဘူး မှတ်တယ်"

ထိုအခါ ခင်ခင်ကြီးသည် အလွန်စိတ်ရှုပ်သော အမူအရာနှင့် ၎င်း၏ဆံပင်များကို ဆွဲ၍ ဖွလိုက်လေ၏။ စင်စစ်မှာ ခင်ခင်ကြီးသည် သပ်ရပ်စွာ မဖြီးမလိမ်းနိုင်ဘဲ ကပိုကရိုနှင့် လာခဲ့ခြင်းဖြစ်သောကြောင့် ၎င်း၏ဆံပင်မှာ မင်းကတော်များ ထုံးစံအတိုင်း သပ်ရပ်စွာ ထုံးမထားဘဲ နောက်စေ့တွင် ဘီးကလေးနှင့် ညှပ်၍ပတ်ထားခြင်းမျှသာ ဖြစ်လေသည်။ ဦးစံရှားသည် ခင်ခင်ကြီး၏ စိတ်ရှုပ်သော အမူအရာကို မြင်သည်နှင့်...

ရှား။ ။ "အရာရှိကတော်ဆိုတော့ ကျွန်တော် ဆောင်ရွက်ရတဲ့ အလုပ်ဝတ္တရားအကြောင်းကို ရိပ်မိလောက်ထင်ပါရဲ့၊ ကျွန်တော့် အမှုသည် ဖြစ်နေတဲ့ ခင်ဗျားယောကျ်ား ဦးသန်းကြွယ်က ခင်ဗျားကို ဖွင့်မပြောသင့်ဘူးထင်လို့ ဖွင့်မပြောတဲ့ ကိစ္စတစ်ခုမှာ ကျွန်တော်က ဖွင့်ပြောလို့ မဖြစ်ပေဘူး ဆိုတာကို သိလောက်သင့်တယ် ထင်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိထားလိုက်ရပြီးဖြစ်ပါတယ်၊ ဒါကြောင့် သိချင်လို့ မေးမယ်ဆိုရင် ကျွန်တော့်ကို မမေးဘဲ ခင်ဗျားယောကျ်ား ဦးသန်းကြွယ်ကိုသာ မေးသင့်တယ် ထင်ပါတယ်"

ခင်။ ။ "ကျွန်မ သူ့ကို မေးပြီးပြီရှင့်၊ မေးမရလို့ နောက်ဆုံးမှာ ဦးစံရှားဆီ လာရခြင်းဖြစ်ပါတယ်၊ သို့သော် ကျွန်မကို အားလုံး မပြောရင် ရှိပါစေတော့ ကျွန်မ သိချင်တဲ့ အချက်ကလေးတစ်ခုတော့ မေးပါရစေရှင်..."

ရှား။ ။ "ဘာလဲဗျာ"

ခင်။ ။ "ဒီစာပျောက်သွားတဲ့အတွက် ကိုသန်းကြွယ်ရဲ့ ကြီးပွားမှုကို ထိခိုက်လိမ့်မလားရှင်"

ရှား။ ။ "ဟုတ်ကဲ့ ဒီစာကို ပြန်မတွေ့ရင်တော့ ထိခိုက်မယ့် လက္ခဏာရှိတယ်"

ထိုအခါ ခင်ခင်ကြီးသည် "အို" ဟု ဆို၍ မိမိ၏ဆံပင်ကို ဒုတိယအကြိမ် ဆွဲဖွပြန်လေ၏။

ခင်။ ။ "တစ်ခွန်းတည်း ကျွန်မ မေးပါရစေဦး ဦးစံရှား။ ဒီစာပျောက်ပျောက်ချင်း ကိုသန်းကြွယ်ပြောပုံ ထောက်ကြည့်လိုက်တော့ ဒီအတွက်ကြောင့် တိုင်းပြည်မှာ ဒုက္ခအကြီးအကျယ် ရောက်လိမ့်မယ်လို့ ကျွန်မ သိရပါတယ် ဒီအတိုင်း ဟုတ်ပါသလားရှင်"

ရှား။ ။ "သူက ဒီလိုပြောရင် ကျွန်တော်က ဘာငြင်းစရာလိုသလဲ ခင်ဗျာ"

ခင်။ ။ "ကိုင်း... ဒါဖြင့် တော်ပါပြီရှင်... ဦးစံရှား ပြောခွင့်မရှိတာကို ကျွန်မ မမေးတော့ပါဘူး၊ သို့သော်... ကျွန်မ ယောကျ်ားက မသိစေချင်တာကို ကျွန်မ မေးသည့်အတွက် ကျွန်မအပေါ်မှာ တလွဲမထင်ဖို့ ကျွန်မ တောင်းပန်ပါတယ်၊ ပြီးတော့ ကျွန်မ ပြောတဲ့အတိုင်း ဦးစံရှားဆီကို ကျွန်မ လာတဲ့အကြောင်းကို ကိုသန်းကြွယ် မသိပါစေနဲ့လို့ ကျွန်မ ထပ်လောင်းပြီး တောင်းပန်ခဲ့ပါရစေရှင်"

ခင်ခင်ကြီးသည် ထိုင်ရာမှထ၍ သားရေအိတ်ကလေးကို စားပွဲပေါ်မှ ကောက်ယူပြီးလျှင် တံခါးရှိရာသို့ သွားလေရာ တံခါးပေါက်မှ ထွက်ခါနီးတွင် ကျွန်ုပ်တို့ဘက်သို့ နောက်ဆုံးအကြိမ် လှည့်၍ ကြည့်လိုက်သော မျက်နှာကို မြင်လိုက်ရခြင်းဖြင့် ကျွန်ုပ်၏စိတ်ထဲ၌ အလွန်လှ၍ အလွန်ခံ့ညားသော မိန်းမတစ်ယောက်သည် အလွန် စိတ်ရှုပ်

လျက် ရှိသည်ဟူသော အခြင်းအရာ တစ်ခု ဖွဲ့မြဲလျက် ကျန်ရစ်လေတော့၏။

ရှား။ ။ "ကိုင်း... ကိုသိန်းမောင် မိန်းမအကြောင်းတော့ ခင်ဗျားက ကျုပ်ထက် နားလည်ပါတယ်၊ ဒီမိန်းမရဲ့ကိစ္စက ဘာလဲ၊ သူ ဘာကို လိုချင်တာလဲ"

နုပ်။ ။ "သူ ပြောခဲ့တာ အရှင်းသားပဲဗျာ သူ့ အမူအရာက လည်း တုန်လှုပ်ချောက်ချားနေတာ မြင်ရသားပဲ"

ရှား။ ။ "ဒီမိန်းမက အထက်တန်း လူကြီးတစ်ယောက်ရဲ့ သမီး အထက်တန်းစား အရာရှိ တစ်ယောက်ရဲ့ မယားဖြစ်လေတော့ သူ့စိတ်သဘောကို တော်တော်နဲ့ ဖော်ပြတဲ့ အတန်းစား မဟုတ်ဘူးဗျ၊ တော်တော်ကြီး ချုပ်တည်းနိုင်တဲ့အထဲကပဲ၊ ဒါနဲ့တောင် ကျုပ်တို့ မြင်နိုင်လောက်အောင် တုန်လှုပ်ချောက်ချားနေတာကို ထောက်ခြင်းအားဖြင့် သူ့ကိစ္စဟာ အင်မတန် အရေးကြီးဟန်တူတယ်၊ သူ့ယောကျ်ားရဲ့ စာတစ်ရွက် ပျောက်သွားရုံနဲ့ သူ ဒီလောက် တုန်လှုပ်ဖို့ အကြောင်းမရှိဘူး ထင်တယ်..."

နုပ်။ ။ "ဟုတ်ကဲ့ အင်မတန် တုန်လှုပ်နေပြီး မေးလိုက်တာကလည်း မရမက သိပ်မေးတာပဲ"

ရှား။ ။ "ပြီးတော့ ကုလားထိုင်မှာ ထိုင်ပုံကို ခင်ဗျား သတိထားမိရဲ့လား၊ ပြတင်းပေါက်ဘက်ကို ကျောခိုင်းပြီး သူ့မျက်နှာကို ကျုပ်တို့ အကဲမခတ်စေလိုကြောင်း ထင်ရှားတယ်"

နုပ်။ ။ "ဒါကိုလည်း ကျွန်တော် သတိပြုမိပါတယ်"

ရှား။ ။ "မိန်းမကို အကဲခတ်ရတာ ယောကျ်ားများနဲ့ မတူဘူးဗျ၊ ကြိုးကြာကန်ရှာ အမှုတုန်းက အိမ်ရှင်မရဲ့ မျက်နှာထားမှာ သနပ်ခါး ကွက်နေတာ မြင်တာနဲ့ ကျုပ်က ကောက်နုတ်ချက် ထုတ်ခဲ့

ဖူးတယ် မဟုတ်လား၊ သူတို့ဟာက သိပ်ခက်တယ်၊ အရေးမကြီးသလို ဟာကလေးထဲက အရေးကြီးတဲ့ အဓိပ္ပာယ်ထွက်ချင်ထွက်လာတယ်၊ မှန်တစ်ချပ် ဘီးတစ်ချောင်းနဲ့ ပတ်သက်ပြီး အရေးကြီးချင်လည်း ကြီးနေတယ်၊ အရေးကြီးယောင်နဲ့ အရေးမကြီးဘဲ ဖြစ်ချင်ဖြစ်နေတယ်၊ အဲဒါမျိုးတွေ သိပ်များတာပဲဗျာ၊ ဒါကြောင့် ဂရုစိုက်ရတယ်၊ ကိုင်း နေရစ်ပေဦးတော့ဗျာ၊ ကျုပ် သွားလိုက်ဦးမယ်"

နုပ်။ ။ "ဘယ်ကိုလဲဗျ"

ရှား။ ။ "တိုက်ဂါအလီလမ်းက သခင်ထွန်းအောင်တို့အိမ်ဆီ သွားပြီး ကိုအုံးဖေတို့လူစုနဲ့ ရောကြည့်လိုက်ဦးမယ်၊ ဒီစာပျောက်တဲ့ ကိစ္စဟာ သခင်ထွန်းအောင်နဲ့ ပတ်သက်တယ်ဆိုတာကို ကျုပ်က တထစ်ချ ယူဆထားတယ်၊ ဘယ်ပုံ ဘယ်နည်း ပတ်သက်တယ် ဆိုတာကိုတော့ မပြောနိုင်သေးဘူး"

* * *

ဦးစံရှားသည် ထိုနေ့မှစ၍ သုံးရက်တိုင်တိုင် နေအိမ်မှ ထွက်ချီဝင်ချီ ပြုလုပ်၍ ကျွန်ုပ်အားလည်း စကားမပြောဘဲ ဆေးတံတဖွာဖွာနှင့် စိတ်ကူးလျက်ရှိလေ၏။ ကျွန်ုပ်မှာမူ ဦးစံရှား၏ ဝါသနာကို သိပြီးဖြစ်သည်နှင့် သူက မပြောမချင်း မမေးဝံ့ဘဲ အရိပ်အကဲကိုသာ ကြည့်နေရလေ၏။ ရံဖန်ရံခါ မျက်မှောင်ကြုတ်လျက်ရှိသော ဦးစံရှား၏ မျက်နှာထားကို မြင်ရခြင်းအားဖြင့် စာပျောက်သော အမှုနှင့် ပတ်သက်၍ အခြေမလှပဟူ၍လည်း အောက်မေ့မိ၏။ ဦးစံရှားသည် သခင်ထွန်းအောင် အမှုအကြောင်းကိုပင် ကျွန်ုပ်အား ပြောဖော်မရတော့သဖြင့် ကျွန်ုပ်မှာ ၎င်းအမှုအကြောင်းကို သတင်းစာများမှာ ဖတ်ရှုရာတွင် သခင် ထွန်းအောင်၏ တပည့်မောင်ထွေးကို ပုလိပ်က မသင်္ကာမှုနှင့်

ဖမ်းထားပြီးမှ လွှတ်လိုက်ပြန်သည့် အကြောင်းများကို တွေ့ရလေ၏။ သခင်ထွန်းအောင်၏ စာပေးစာယူများကို ပုလိပ်အရာရှိများ ကြည့်ရှုသည့်အခါ သာမန်နိုင်ငံရေးသမား တစ်ယောက်သာမက နိုင်ငံရေးနှင့် ပတ်သက်၍ အလွန် အလုပ်လုပ်သော လူတစ်ယောက် ဖြစ်ကြောင်းကိုသာ တွေ့ရ၍ သမီးရည်းစား ပေးစာမျိုးကိုမူ မတွေ့ရဟု သိရှိရ၏။

သခင်ထွန်းအောင်သည် ကုမ္ပဏီတစ်ခုတွင် စာရေးအလုပ်ကို လုပ်၍ လူအားလုံးနှင့် သင့်မြတ်သဖြင့် ရန်သူဟူ၍ မရှိကြောင်း အသက် ၃၀ ကျော်သော်လည်း သားမယား မရှိကြောင်းများကိုလည်း သိရှိရ၏။

ပုလိပ်အရာရှိများသည် မောင်ထွေးကို ဖမ်းကြသော်လည်း မောင်ထွေးလင်မယားမှာ ထိုည၌က မြန်မာဘိုင်စကုတ်ရုံတစ်ခုတွင် အမှန်ကြည့်ခဲ့ကြကြောင်းကို သက်သေလုံလောက်စွာ ပြနိုင်သဖြင့် လွှတ်လိုက်ရ၏။ မောင်ထွေး လင်မယားသည် ဘိုင်စကုတ်ရုံမှ ပြန်လာကြသောအခါ မိမိတို့၏ဆရာ သခင်ထွန်းအောင်သေဆုံးနေသည့် အဖြစ်ကို တွေ့ကြရသည်ဆို၏။ မောင်ထွေးမှာ သခင်ထွန်းအောင်နှင့် အတူ မြောင်းမြမှ လိုက်ပါလာသည့် တစ်ရပ်တည်းသားဖြစ်ကြောင်း ကိုလည်း သိရ၏။ တစ်ခါက သခင်ထွန်းအောင်သည် ခွင့်တစ်လ ယူ၍ မြောင်းမြသို့ ပြန်သွားစဉ် မောင်ထွေးလင်မယားမှာ ၎င်းနှင့်အတူ မလိုက်ကြရဘဲ အိမ်စောင့် နေရစ်ကြသည်ဆို၏။

ကျွန်ုပ်သည် အထက်ပါ အခြင်းအရာများကို သတင်းစာများတွင် ဖတ်ရှုရခြင်းဖြစ်လေရာ ဦးစံရှားမှာမူ ၎င်းအမှုနှင့် ပတ်သက်၍ မည်မျှလောက် ပိုမိုသိရှိသည် မဆိုနိုင်။ ကျွန်ုပ်အားမူ အလျဉ်းပင် ဖွင့်ဟပြောဆိုခြင်း မပြုချေ။ စတုတ္ထနေ့၌ သခင်ထွန်းအောင် အကြောင်းနှင့်ပတ်သက်၍ မြောင်းမြမြို့ ပုလိပ်အရာရှိများက ထောက်လှမ်းစုံစမ်းသဖြင့် သိရှိရသော အခြင်းအရာများကို သတင်းစာတစ်စောင်တွင်

အောက်ပါအတိုင်း ပါလာသည်ကို ဖတ်ရှုရလေ၏။

ရန်ကုန်မြို့ တိုက်ဂါအလီလမ်း လူသတ်မှုနှင့် ပတ်သက်၍ မြောင်းမြပုလိပ်တို့သည် မြောင်းမြသားဖြစ်သော သခင်ထွန်းအောင် အကြောင်းကို ၎င်းမြို့ရှိ ထောက်လှမ်းစုံစမ်းသဖြင့် အောက်ပါအတိုင်း သိရှိရကြောင်း ပုလိပ်ဌာနအနီး၌ နေထိုင်လျက်ရှိသော ကျောင်းဆရာမ ကလေး မသန်းတင်ဆိုသူမှာ ရုတ်တရက်ရောင်တခင် ရှုးသွပ်သော ရောဂါ စွဲကပ်လာ၍ တိုက်ဂါအလီလမ်း လူသတ်မှုနှင့် ပတ်သက်သည်ဟု သင်္ကာမကင်းလောက်သည့် အချက်အလက်များကို တွေ့ရှိရကြောင့် ကွယ်လွန်သူ သခင်ထွန်းအောင်မှာ မသန်းတင်နှင့် ချစ်ကြိုက်ကြ၍ မြောင်းမြမြို့တွင်း တစ်လခန့်မျှ အတူတကွ နေထိုင်ကြဖူးသည်ဟု သိရှိရကြောင်း၊ မသန်းတင်မှာ အလွန်ဒေါသကြီးသော မိန်းမ တစ်ယောက်ဖြစ်၍ ဈေးထဲ၌ ဈေးသည်များနှင့် ခိုက်ရန်ဖြစ်ပွားဖူးသည့်ပြင် မိမိ၏ ကျောင်းသားကလေးများကိုလည်း အလွန်အမင်း ရိုက်နှက်မှုကြောင့် ကလေးသူငယ်များ၏ မိဘများက အရေးယူခြင်း ခံရဖူးကြောင်း၊ မသန်းတင်သည် မိမိအား လှည့်စားသွားဟန်တူသော သခင်ထွန်းအောင်ကို ရန်ကုန်မြို့သို့လိုက်၍ ဒေါသအလျောက် သတ်ခဲ့မိဟန်တူကြောင်း၊ ဆရာမ မသန်းတင်သည် ဒေါသတကြီးနှင့် ရှုးသွား၍ သခင်ထွန်းအောင်ကို သတ်ခြင်းပေလော၊ သို့တည်းမဟုတ် သတ်ခဲ့ပြီးသည့်နောက်မှ ရှုးသွပ်သွားခြင်း ဖြစ်လေသလော အမှန် မပြောနိုင်သေးကြောင်း မသန်းတင်၏ အခြေအနေမှာ သွက်သွက်ချာရှုးသွပ်လျက်ရှိခြင်းကြောင့် ဆရာဝန်များနှင့် ပုလိပ်တို့၏ မေးခွန်းများကို ဖြေဆိုရန် မတတ်နိုင်ကြောင်း ရန်ကုန်မြို့ တိုက်ဂါအလီလမ်းမှ သခင်ထွန်းအောင်၏ ငြိမ်နီးချင်းတစ်ယောက်ကလည်း လူသတ်မှုဖြစ်ပွားသော ညက သခင်ထွန်းအောင်၏ အိမ်ရှေ့တွင် မိန်းမတစ်ယောက်

ခေါက်တုံ့ခေါက်ပြန် စကြံ့လျှောက်နေသည်ကို တွေ့မြင်ရသည်ဟု ဆွက်ဆိုကြောင်း။

ထိုနေ့နံနက်တွင် ကျွန်ုပ်သည် သတင်းစာတွင် ပါရှိသော အထက်ပါအခြင်းအရာကို ဦးစံရှားအား ဖတ်ပြပြီးနောက် "ဘယ့်နှယ် ထင်သလဲဗျ ဦးစံရှား" ဟု မေးလိုက်၏။

ရှား။ ။ "မေးမယ်ဆိုလည်း မေးထိုက်ပါပေပြီဗျာ၊ သုံးရက် လုံးလုံး ခင်ဗျားကို ကျုပ် ညှဉ်းထားတာ အခံရတော့ တော်တော် ခက်ပေမှာပဲ။ သို့သော် ဒီလိုပါ ကိုသိန်းမောင်။ ခင်ဗျားကို ကျုပ် ပြောမပြတာက ပြောစရာကို ဘာမှ မရှိသေးလို့ မပြောဘဲ နေတာပါ ဗျာ။ လူသတ်မှုနဲ့ ပတ်သက်လို့ မြောင်းမြပုလိပ်က ဒီအကြောင်းတွေ သိရတယ်ဆိုတာတောင် ကျုပ်တို့ စာပျောက်တဲ့ ကိစ္စမှာ ဘာမှ အထောက်အပံ့ မရသေးဘူးဗျ"

နုပ်။ ။ "သခင်ထွန်းအောင်ကို သတ်တဲ့ တရားခံကိုတော့ သေချာပြီ မဟုတ်လားဗျ"

ရှား။ ။ "ကျုပ် လိုက်နေတာက လူသတ်မှုအတွက် မဟုတ် ဘူးဗျ၊ စာအတွက် လိုက်နေတာ၊ ဒီစာကို ပြန်မရရင် တိုင်းပြည်မှာ သူပုန်အကြီးအကျယ် ထလိမ့်မယ်ဆိုလို့ လူသတ်မှုကို အသာထားပြီး ဒီစာနောက်ကို သက်သက်ဖိပြီး လိုက်ခဲ့ခြင်း ဖြစ်တယ်၊ လူသေတာ ကတော့ သေပြီးပြီကိုးဗျ၊ ကျုပ်တစ်ခု စဉ်းစားတာက ဒီစာဟာ သူတို့ စိုးရိမ်နေတဲ့ လူစုလက်ထဲကို ရောက်သွားရိုးမှန်ရင် ခုလောက်ရှိ သူပုန် ထလောက်ပြီတဲ့ဗျ၊ ဘယ်ဆီက ဘာမှမထကြွသေးတာ သိရခြင်းအား ဖြင့် ဒီစာဟာ သူတို့စိုးရိမ်ရတဲ့ လူစုလက်ထဲကို မရောက်သေးဘူးနဲ့ တူတယ်၊ မရောက်သေးရင် ဘယ်ဆီမှာ ရှိသလဲ၊ ဘာကြောင့် ယခုတိုင် မပို့သေးဘဲ ထားသလဲ အဲဒီအချက်တွေကို ကျုပ်စဉ်းစားနေတာဟာ

ဦးခေါင်းများကို မူးမတတ် ဖြစ်နေပြီ၊ သခင်ထွန်းအောင် သေတာနဲ့ ဒီစာပျောက်တာနဲ့ဟာ မပတ်သက်ဘဲများ ဖြစ်နေမလား၊ ဒီစာ သူ့ဆီ ရောက်ရဲ့လား၊ ရောက်ခဲ့ရိုးမှန်ရင် ဘယ့်နှယ်ကြောင့် ရှာမတွေ့သလဲ၊ ဆရာမ မသန်းတင်ဆိုတာက သူ့ကို သတ်ပြီး ယူသွားရော့သလား၊ ယူသွားရင် သူ့အိမ်မှာများ ရှိမလား၊ မြောင်းမြကို လိုက်ပြီးဘယ်လို များ ရှာမလဲ၊ အဲဒီအချက်တွေကိုလည်း ကျုပ် စဉ်းစားနေရတယ်ဗျ..."

ထိုနေ့၌ အတွင်းဝန်ရုံးမှ မင်းစေတစ်ယောက်ရောက်လာ၍ စာတစ်စောင်ကို ဦးစံရှားအား ပေးလေရာ... ဦးစံရှားသည် စာကို ဖွင့် ဖတ်ပြီးနောက် "နန်းရင်းဝန်ဆီကတော့ ကျုပ်ဆီကို နောက်ဆုံး အခြေ အနေအကြောင်း ခဏခဏ သတင်းပို့ပေးတာပဲ၊ ကျုပ်တို့ မိတ်ဆွေ ဦးအုံးဖေက လူသတ်မှုနဲ့ပတ်သက်ပြီး သဲလွန်စတစ်ခု တွေ့နေပြန် ပြီဆိုတာပဲဗျို့၊ ကိုင်း... လာ ကိုသိန်းမောင် အကျီဝတ်၊ ကျုပ်နဲ့ လိုက်ခဲ့ ပေဦးတော့..."

ကျွန်ုပ်သည် တိုက်ဂါအလီလမ်း လူသတ်မှုဖြစ်ပွားရာ အရပ်သို့ ဦးစံရှားနှင့်အတူ လိုက်သွားလေရာ... လမ်းဘက်သို့ မျက်နှာလှည့် ၍ ဆောက်လုပ်ထားသည့် အလွန်သေးငယ်သော တိုက်ခံအိမ်ကလေး တစ်လုံးတွင် အင်စပက်တော်ဦးအုံးဖေသည် ဦးစံရှားကို စောင့်မျှော် လျက် ရှိပေ၏။ ကျွန်ုပ်တို့သည် လူသတ်မှုဖြစ်ပွားသည့် ဧည့်ခန်းသို့ ဝင်သွားကြသောအခါ သခင်ထွန်းအောင်၏အလောင်းမှာ သင်္ဂြိုဟ် ပြီးဖြစ်သဖြင့် ဧည့်ခန်းအလယ်တွင် ခင်းထားသော တရုတ်ကော်ဇော ဟောင်းတစ်ချပ်တွင် စွန်းပေလျက်ရှိသည့် သွေးကွက်ကြီးမှတစ်ပါး လူသတ်မှု အထိမ်းအမှတ်ဟူ၍ မတွေ့ရတော့ချေ။ ၎င်းဧည့်ခန်း၏ ကြမ်းပြင်မှာ နောက်ပေါ် အိမ်ပုံစံများတွင် ခင်းကျင်းလေ့ရှိသည့်အတိုင်း ကျွန်းပြင်များကို အကွက်ဖော်လျက် ခင်းထားလေရာ နဂိုအတိုင်း လှပ

သော ကြမ်းပြင်တွင် တရုတ်ကပ် ကော်ဇောဟောင်းကြီးကို ခင်းထား သည့်အတွက် နေရာမကျချေတကားဟု ကျွန်ုပ် အောက်မေ့မိ၏။ အခန်းထဲတွင်း၌ ကုလားထိုင်တစ်စုံနှင့် စားပွဲတစ်လုံးမှာ တစ်ဖက်သော နံရံတွင် ကပ်လျက်ရှိကြလေ၏။

အုံး။ ။ "ဘယ့်နှယ်လဲဆရာ၊ မြောင်းမြက သတင်း ဖတ်ပြီးပြီ လား"

ရှား။ ။ "ဟုတ်ကဲ့၊ ကိုသိန်းမောင် ဖတ်ပြလို့ ကြားခဲ့ရပါပြီ"

အုံး။ ။ "မြောင်းမြက လူတွေ မညံ့ဘူးဆရာရေ၊ သူတို့တွေးတဲ့ အတိုင်းပဲ မသန်းတင်လာပြီး ဆူဟန်ရှိတယ်၊ မိန်းမကလည်း ဒေါသ ကြီးကြီး ကိုထွန်းအောင်ကလည်း အကြောင်းမကြားဘာမကြားနဲ့ လိုက် လာရပ့ါမလားလို့ ဒေါသတကြီးနဲ့ ပြန်ကြိမ်းရာမှာ မသန်းတင်က ရင်ဝကို ဓားနဲ့ထိုးလိုက်ဟန် တူတယ်... သို့သော် တော်တော်နဲ့ ထိုးမိ ဟန်မတူဘူး ဆရာရေ့၊ အခန်းထဲမှာ ကုလားထိုင်တွေ ကျွမ်းပြန်နေတာ ကို တွေ့ရတယ်...။ တစ်ယောက်နဲ့တစ်ယောက် ပူးကြလုံးကြသေး ထင်ပါရဲ့၊ ဒါပါပဲ ဆရာ အမှုက ရှင်းနေပါပြီ"

ရှား။ ။ "ဒါဖြင့် ကျုပ်က ကူညီဖို့ မလိုဘူးပေါ့"

အုံး။ ။ "အကူအညီတော့ မလိုပါဘူး ဆရာ၊ သို့သော် ဆရာ ကြိုက်တတ်တဲ့ ခပ်ဆန်းဆန်း အချက်ကလေး တစ်ခု တွေ့ထားလို့ ပြောပြချင်သေးတယ်"

ရှား။ ။ "လုပ်စမ်းပါဦးဗျာ"

အုံး။ ။ "အမှုအတွင်းဖြစ်လို့ ကျွန်တော်တို့က ဒီအိမ်မှာ နေ့ရော ညရော ပုလိပ်တစ်ယောက်ကို ထုံးစံအတိုင်း အစောင့်ချထားရာမှာ ဒီကနေ့ မနက် ဟောဒီတရုတ်ကော်ဇောကို လှန်လိုက်တော့..."

ရှား။ ။ "လှန်လိုက်တော့ ဘာတွေ့သလဲဗျ"

အုံး။ ။ "ကျွန်တော်တွေ့တာတော့ ဆရာတစ်နေ့လုံးလုံးထိုင်ပြီး စဉ်းစားလို့တောင် တွေးမိမှာ မဟုတ်ပါဘူး ဆရာ၊ ဟောဟို တရုတ်ကော်ဇောကြီးကို မြင်လားဆရာ၊ အလောင်းဟာ ဒီအပေါ်မှာ လဲသေတော့ သွေးတွေစီးကျရင် ကြမ်းပေါ်ကို စိမ့်ကျရမယ် မဟုတ်လား ဆရာ"

ရှား။ ။ "ဟုတ်တာပေါ့ဗျ၊ ဒါဘာဖြစ်မလဲ"

အုံး။ ။ "ကော်ဇောပေါ်က သွေးကွက်ဟာ ရှည်လျားလျားနေရင် ကြမ်းပြင်ပေါ်က သွေးကွက်ဟာလည်း သူ့ပုံသဏ္ဍာန်အတိုင်း ရှည်လျားလျားပဲ နေရမယ် မဟုတ်လားဆရာ"

ရှား။ ။ "ဟုတ်တာပေါ့ဗျ"

အုံး။ ။ "အခုတော့ အပေါ်မှာသာ သွေးစွန်းတွေ့ရတယ်... ကြမ်းပေါ်မှာ သွေးစွန်း မတွေ့ရဘူး ဆရာ"

ဦးစံရှားသည် ကော်ဇောကို လှန်ကြည့်၍ အောက်ပိုင်းတွင် စိမ့်ထွက်နေသော သွေးကွက်ကို တွေ့ရသော်လည်း ကြမ်းပေါ်၌ကား သွေးကွက်မရှိသဖြင့် မျက်မှောင်ကြုတ်လျက်ရှိရာ ကိုအုံးဖေသည် စုံထောက်ကြီးဦးစံရှားကို တစ်ခါတစ်ရံဦးခေါင်းရှုပ်အောင် လုပ်ပေးနိုင်သည့်ဟန်ဖြင့် ခပ်ပြုံးပြုံးမျက်နှာ ရှိလေသည်။

အုံး။ ။ "ကြမ်းပေါ်မှာ သွေးမစွန်းတာက ဟော ဒါကြောင့် ဆရာရဲ့... သွေးစွန်းက ဟောဒီမှာ ရောက်နေတယ်"

ယင်းသို့ ပြောပြောဆိုဆိုနှင့် ကိုအုံးဖေသည် ကော်ဇောကို အခြားအစွန်းတစ်နေရာမှ ကိုင်မြှောက်ပြရာ ကြမ်းပေါ်တွင် သွေးစွန်းလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ရှား။ ။ "ဒါဖြင့် ဒီကော်ဇောကို မူလအတိုင်း မခင်းဘဲ လှည့်ခင်းလိုက်လို့ ဖြစ်မှာပေါ့ဗျ"

အုံး။ ။ "ဒါလောက်တော့ ကျွန်တော်လည်း တွေးနိုင်ပါတယ်၊ သို့သော် ကျွန်တော် သိချင်တာက ဘယ်သူက ဘာအတွက်ကြောင့် ဒီကော်ဇောကို လှည့်ခင်းရသလဲဆိုတာ... အဲဒါ ကျွန်တော် သိချင်တာပဲ"

ကျွန်ုပ်သည် ဦးစံရှား၏မျက်နှာကို လှမ်းကြည့်လိုက်သောအခါ ၎င်း၏ စိတ်ထဲ၌ အပြင်းအထန် စဉ်းစားနေသဖြင့် လှုပ်လှုပ်ရှားရှား ရှိနေသည့်အဖြစ်ကို ကျွန်ုပ် ရိပ်မိ၏။

ရှား။ ။ "ဒီအိမ်မှာ ခင်ဗျား အစောင့်ချထားတဲ့ ပုလိပ်တွေဟာက နေ့ရော ညပါ စောင့်သတဲ့လား"

အုံး။ ။ "စောင့်တာပေါ့ ဆရာ ကျွန်တော် ခိုင်းတာပဲ"

ရှား။ ။ "မဟုတ်ဘူး ကိုအုံးဖေ၊ ခင်ဗျားလူကို သေသေချာချာ စစ်ကြည့်ဦး၊ ကျုပ်တို့ရှေ့တော့ မမေးနဲ့ ကျုပ်တို့ ဒီက စောင့်နေမယ်... ခင်ဗျားလူကို အိမ်နောက်ဖေးခေါ်ပြီး စစ်ကြည့်စမ်းပါဦး၊ သို့သော်... ဒီအိမ်ထဲကို ဘယ်သူဘယ်ဝါ ဝင်သလဲလို့ မမေးနဲ့၊ လူတစ်ယောက် ယောက် ဝင်တာကို တပ်အပ်သေချာသိတယ်လို့ ခင်ဗျားက ပြော၊ ဘယ်သူဝင်တယ်ဆိုတာကို ဖြောင့်ချက်ပေးရင် ပေး အလုပ်ဖြုတ်ပစ် မယ်လို့ ပြော သွား... သွား မေးစမ်းချေဗျာ..."

ကိုအုံးဖေသည် ဦးစံရှားစေခိုင်းသည့်အတိုင်း ပုလိပ်သားကို အိမ်နောက်သို့ ခေါ်၍ ငေါက်ငမ်းကာ စစ်ဆေးလျက်ရှိသော ကိုအုံးဖေ ၏အသံကို ကျွန်ုပ်တို့ ကြားရလေ၏။

ကိုအုံးဖေ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ဦးစံရှားသည် ကြမ်းပေါ်တွင် ဒူးထောက်၍ ကော်ဇောကိုလှန်ပြီးလျှင် ခင်းထားသော ကြမ်းပြင်အကွက်ကလေးများကို တစ်ခုစီ လက်သည်းဖြင့် ကုတ်လှန်ကြည့်ရာ ကော်ဇောအလယ်ပိုင်းနား၌ရှိသော ကြမ်းပြင်ကလေးတစ်ချပ်သည်

အထက်သို့ ကြွတက်လာ၍ အောက်၌ အခေါင်းကလေးတစ်ခု ဖြစ်ပေါ် လာလေ၏။ ဦးစံရှားသည် ၎င်းအပေါက်ငယ်အတွင်းသို့ ကပျာကယာ လက်ဖြင့် နှိုက်၍စမ်းသပ်လေရာ ဘာကိုမျှ မတွေ့ရသည်နှင့် စိတ်ပျက် သော အမူအရာနှင့် ပြန်၍ထပြီးမှ ကော်ဇောကို မူလအတိုင်း ဖုံးထား လိုက်လေ၏။ နောက်တစ်နေ့တွင် ကိုအုံးဖေဝင်လာ၍ –

အုံး။ ။ "ဆရာတို့တော့ စောင့်နေရတာ ပျင်းလှပြီမှတ်တယ်... ဖြောင့်ချက်ပေးပါပြီ ဆရာ...။ ဟော့... ဖိုးခင် လာခဲ့စမ်း"

ထိုအခါ ပုလိပ်သားတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာ ၍ "သည်းခံပါ ဆရာ၊ ကျွန်တော် မှားမိပါတယ်၊ မိန်းမတစ်ယောက် ချောကချောပါဘိသနဲ့၊ ကျွန်တော့်အနား လာစကားပြောပြီး လူသတ်မှု အကြောင်းကို သတင်းစာထဲမှာ ဖတ်ရပါတယ်တဲ့၊ သူက ဝတ္ထုရေး ဆရာမကလေးဖြစ်လေတော့ အခန်းပုံသဏ္ဌာန် ဘယ်လိုနေတယ် ဆိုတာ ကြည့်စမ်းချင်လို့ ဒီအခန်းထဲဝင်ကြည့်ပါရစေတဲ့ ပြောတယ် ဆရာ"

ရှား။ ။ "အဲဒါ ဘယ်တုန်းကလဲ"

ခင်။ ။ "မနေ့ညကပါပဲဆရာ"

ရှား။ ။ "ကိုင်း... ဆိုစမ်းပါဦး"

ခင်။ ။ "ဒီတော့ ကျွန်တော်က မိန်းမသားတစ်ယောက်ကို ဒီအခန်းထဲ ဝင်ခွင့်ပြုလို့ ကိစ္စမရှိနိုင်ဘူး အောက်မေ့ပြီး လက်နှိပ်ဓာတ်မီး နဲ့ လိုက်ပြမိပါတယ် ဆရာ၊ အခန်းထဲရောက်ရောက်ချင်း မကြည့်ဝံ့ဘဲ လန့်သွားလို့ ထင်ပါရဲ့၊ ကော်ဇောပေါ် မူးလဲ သွားပါရော့ဆရာ၊ ခေါ်လို့ လည်း မရတော့ဘူး၊ နောက်ဆုံးမှာ မူးမော်တဲ့ လူများမျက်နှာကို ရေ ဆွတ်ပေးရင် သက်သာတယ်လို့ ကြားဖူးလေတော့ အိမ်နောက်ဖေးသွား ပြီး ရေတစ်ခွက် သွားယူရပါတယ်ဆရာ၊ ကျွန်တော်က ရေခွက်ကိုင်

ပြီး ဒီအခန်းထဲဝင်လာတော့ ခုနက မိန်းမ မတွေ့တော့ဘူးဆရာ၊ သူ့ဟာ သူ ရှက်ပြီး ထွက်ပြေးထင်ပါရဲ့"

ရှား။ ။ "မင်း ဝင်လာတော့ ဒီကော်ဇော ဘယ့်နှယ်ဖြစ်နေ သလဲ"

ခင်။ ။ "ကော်ဇောတော့ နည်းနည်းတွန့်နေတယ် ဆရာ၊ ကြမ်းပေါ်မှာ ဒီအတိုင်း ခင်းထားတာ ဖြစ်လေတော့ သူလဲသွားတာနဲ့ မတော်တဆ တွန့်သွားထင်ပါ့ဆရာ"

အုံး။ ။ "အေး... မှတ်ထား... ငါလိုလူကို မင်းလိမ်လို့ မရဘူးကွ၊ မင်း ဘယ်လို လိမ်ပြောပေမဲ့၊ ငါသိတာပဲ၊ ကောင်းပြီ နောက်ကို မင်း ဒီလို မဖြစ်စေနဲ့၊ နားလည်လား၊ နောက်ကို ကြပ်ကြပ်သတိထား"

ခင်။ ။ "ကောင်းပါပြီ ဆရာ"

ရှား။ ။ "နေစမ်းပါဦးကွ၊ သူလာတာ တစ်ခေါက်တည်းပဲ လား"

ခင်။ ။ "တစ်ခေါက်တည်းပါဆရာ၊ ဝတ္ထုရေးဆရာမတဲ့"

ရှား။ ။ "ရုပ်ချောချော အရပ်မြင့်မြင့် ဟုတ်လား"

ခင်။ ။ "မှန်ပါတယ်ဆရာ"

ရှား။ ။ "ကိုင်း ကိုသိန်းမောင် ကျုပ်တို့ ပြန်လိုက်ကြဦးစို့"

ကျွန်ုပ်တို့သည် ထိုအိမ်မှ ထွက်လာကြ၍ ပုလိပ်သားဖိုးခင် လည်း နောက်မှ လိုက်ပါလာလေရာ ဝင်ပေါက်သို့ရောက်သောအခါ ဦးစံရှားသည် အင်္ကျီအိတ်ထဲမှ ဓာတ်ပုံတစ်ခုကို ထုတ်၍ ဖိုးခင်အား ပြလိုက်သည်တွင် ဖိုးခင်သည် အံ့သြစွာနှင့် ကြည့်ပြီးမှ "ဟုတ်ပါတယ် ဆရာ သူပါပဲ" ဟု ပြောလေ၏။

လမ်းခရီး၌ ဦးစံရှားသည် နေအိမ်မှ အတန်ကွာသည့်တိုင်အောင် ဆေးတံသောက်ကာ ဆိတ်ငြိမ်စွာ လျှောက်လာခဲ့ပြီးနောက်

ရှား။ ။ "ကိုင်း ကိုသိန်းမောင်၊ ဒီကိစ္စမှာ သူပုန်ထဖို့လည်း မရှိပါဘူး။ ကျုပ်တို့ အပါးတော်မြဲလည်း ရာထူးလျှော့ကျဖို့ မရှိပါဘူး၊ ကျုပ်တို့ အစိုးရမှာလည်း ပိုက်ဆံ တစ်ပြားတစ်ချပ် ကုန်ဖို့ မရှိဘဲနှင့် အရပ်ရပ် ကိစ္စချောမောပါလိမ့်မယ်" ဟု ပြောလိုက်ရာတွင် ကျွန်ုပ်မှာ စာပျောက်ခြင်းနှင့် ပတ်သက်၍ သဲလွန်စရသည်ဟူ၍ မသိရသေးဘဲ ဤကဲ့သို့ အာမခံရဲသည့်အတွက် စိတ်ဃဲ၌ အံ့ဩမိသွားလေ၏။

နပ်။ ။ "ဒါဖြင့် ဒီကိစ္စကို ခင်ဗျားရှင်းပြီးပြီလား"

ရှား။ ။ "ရှင်းပြီးပြီလို့တော့ မဆိုနိုင်သေးဘူး ကိုသိန်းမောင်၊ တချို့နေရာမှာတော့ ရှုပ်တုန်းပဲ ရှိသေးတာပဲ။ သို့သော် လိုရင်းကိစ္စကိုတော့ ချောမောအောင် လုပ်နိုင်လိမ့်မယ်လို့ ကျုပ် ယူဆတယ်...။ ကိုင်း အပါးတော်မြဲရဲ့ အိမ်ကို တစ်ဆိတ် ဝင်ကြည့်ကြဦးစို့ဗျာ"

ကျွန်ုပ်တို့သည် ဘောင်ဒရီလမ်း၌ရှိသော အပါးတော်မြဲ၏ နေအိမ်သို့ ရောက်ကြသောအခါ ဦးစံရှားက မင်းကတော်ခင်ခင်ကြီးကို တွေ့လိုကြောင်းပြော၍ ဧည့်ခန်းမှ စောင့်နေကြသည်တွင် အပါးတော်မြဲကတော် ခင်ခင်ကြီးသည် အိမ်ရှေ့သို့ ထွက်လာလေ၏။

ခင်။ ။ (စိတ်ဆိုးဟန်လက္ခဏာနှင့်) "ဘယ့်နှယ်လဲ ဦးစံရှားရှင်။ ကျွန်မ ယောကျ်ား သိမှာစိုးလို့ ရှင့်အိမ်ကို ကျွန်မ လာဖူးတဲ့အကြောင်း လူတွေ မသိပါစေနဲ့လို့ မှာထားရက် ကျွန်မအိမ်ကို ရှင်ကိုယ်တိုင် လာရသလားရှင်..."

ရှား။ ။ "ကျွန်တော် နားလည်ပါတယ်... မင်းကတော်။ သို့သော် ကျွန်တော့်မှာ ဒီစာကို ပြန်ရအောင် လုပ်ပေးဖို့ ဝတ္တရားရှိနေတဲ့အတွက် လာခဲ့ရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီစာကို ကျွန်တော့် လက်ထဲ အပ်ဖို့ တောင်းခံပါရစေ"

ခင်။ ။ "ဘယ်လို ပြောလိုက်တာလဲ ဦးစံရှား... ကျွန်မ ဒီစာနဲ့ ဘာဆိုင်လို့လဲ"

ရှား။ ။ "ဒါတွေ လုပ်မနေပါနဲ့ မင်းကတော်။ ကျွန်တော် တောင်းတဲ့ စာကိုသာ ပေးပါ"

ထိုအခါ ခင်ခင်ကြီးသည် အစေခံများကို ခေါ်ယူမည့်ဟန်နှင့် အိမ်ထဲသို့ဝင်သွားမည်ပြုလေ၏။

ရှား။ ။ "မလုပ်ပါနဲ့ မင်းကတော်။ ကျွန်တော်က အရှက်မကွဲတန် မကွဲပါစေနဲ့လို့ ဖုံးဖုံးဖိဖိ လုပ်နေရာမှာ မင်းကတော်က ဒီလိုလုပ်ရင် လူတွေသိကုန်ပါလိမ့်မယ်၊ ကျွန်တော် တောင်းတဲ့စာကို ပေးရင် လူတွေ မသိရအောင် ဖုံးဖိပေးဖို့ ကျွန်တော် ကူညီပါ့မယ်။ နို့မဟုတ်ရင်ဖြင့် မင်းကတော်ပါ အရှက်ကွဲရပါလိမ့်မယ်"

ထိုအခါ ခင်ခင်ကြီးသည် ခံ့ညားသော အမူအရာနှင့် နေရာတွင် ရပ်လျက် ဦးစံရှား၏ မျက်နှာကို စေ့စေ့ကြည့်ကာ အကဲဖြတ်ပြီးမှ

ခင်။ ။ "ဦးစံရှားဆိုတာ ကျွန်မ ကြားဖူးတာကတော့ ဂုဏ်နဲ့ သိက္ခာနဲ့ ဉာဏ်ပညာ အမြော်အမြင်ရှိတယ်လို့ ကြားခဲ့ရဖူးပါတယ်။ ယခုတော့ ရှင်က မိန်းမသား တစ်ဦးတစ်ယောက်ကို ခြောက်လှန့်လား လုပ်ပြီး အစ်နေတာလား။ ရှင်က ဘာများ သိလာခဲ့လို့လဲ"

ရှား။ ။ "ကျွန်တော် သိတာပြောရမှာဖြင့် ကုလားထိုင်မှာ ပြန်ထိုင်ပါဦး မင်းကတော်။ တော်တော်ကြာတော့ မူးလားမေ့လား ဖြစ်သွားပါဦးမယ် အဲ ဟုတ်ပြီ..."

ခင်။ ။ "ရှင် ပြောစရာရှိတာပြော၊ ငါးမိနစ် ခွင့်ပြုမယ်"

ရှား။ ။ "တစ်မိနစ်ဆိုရင် တော်လောက်ပါပြီဗျာ။ ကျွန်တော် သိတာပြောရမှာဖြင့် မင်းကတော်ဟာ သခင်ထွန်းအောင် အိမ်ကို သွားတယ်... နောက်ပြီး ဒီစာကို ပေးတယ်... နောက်ပြီး မနေ့ညက တစ်

ခေါက် ရောက်တယ်။ ပြီးတော့ ဒီစာကို ကော်ဇောအောက်က လှန်ယူတယ်။ အဲဒါလောက်ပါပဲ"

ခင်ခင်ကြီး ပါးစပ်ကို ဟလျက် ဦးစံရှား၏မျက်နှာကို အတန်ကြာ ငေးကြည့်ပြီးနောက်

ခင်။ ။ "ဦးစံရှား ရှင် ရှူးလာတာလား"

ထိုအခါ ဦးစံရှားသည် အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ယူပြီးနောက် ခင်ခင်ကြီးအား ပြလိုက်ရာ၊ ၎င်းမှာ ဓာတ်ပုံတစ်ခုမှ ဖြတ်ယူထားသော ခေါင်းပိုင်းပုံပင် ဖြစ်လေသည်။

ရှား။ ။ "ဟိုအိမ်မှာ စောင့်တဲ့ ပုလိပ်သား ဖိုးခင်ကို ဒီဓာတ်ပုံပြတော့ သူပါပဲလို့ ဖြောင့်ချက်ပေးပါပြီ"

ထိုအခါ ခင်ခင်ကြီးမှာ အခြေမလှကြောင်းကို ရိပ်မိသည့် လက္ခဏာနှင့် မော့ထားသော မျက်နှာသည်အောက်သို့ လျှိုးကျသွားလေ၏။

ရှား။ ။ "လုပ်ပါ မင်းကတော်၊ ကျွန်တော့် ဝတ္တရားက ဒီစာကို ခင်ဗျားယောကျ်ားလက်ထဲ ပြန်ရောက်ရင် ပြီးတာပါပဲ။ ကျွန်တော် အရှက်ခွဲဖို့လည်း မလိုပါဘူး။ ဒါကြောင့် ဒီစာကို အသာတကြည် ထုတ်ပေးရင် လူသူလေးပါး မသိရအောင် ဖုံးဖိဖို့ ကျွန်တော် ကူညီပါ့မယ်"

ခင်ခင်ကြီးသည် လက်မလျှော့လိုသေးသည့် လက္ခဏာနှင့်

ခင်။ ။ "ဦးစံရှား မှားနေတာ ဖြစ်ပါလိမ့်မယ်၊ ပြန်ပြီး စဉ်းစားကြည့်ပါဦးရှင်"

ဦးစံရှား ထိုင်ရာမှထ၍ ပြန်တော့မည် ပြုလေ၏။

ရှား။ ။ "ဒီလိုဆိုရင် လူ မသိရအောင် ကျွန်တော် ဖုံးဖိလေသမျှ အလကား ဖြစ်ကုန်တော့မှာပေါ့၊ ဒီလိုဆိုရင်လည်း ကျွန်တော်ပြန်ရဲ့

ရှိတော့တာပေါ့"

ဦးစံရှားသည် နောက်ဖေးဆောင်ဘက်သို့ လှည့်၍ အစေခံ တစ်ယောက်ကို ခေါ်လိုက်ရာ အပါးတော်မြဲ၏ အစေခံမကလေး တစ် ယောက် ဧည့်ခန်းသို့ ထွက်လာခဲ့လေ၏။

ရှား။ ။ "မင်းတို့ဆရာ ဘယ်အချိန် ပြန်ရောက်မလဲ"

မိန်း။ ။ "ခါတိုင်းတော့ နာရီပြန်တစ်ချက်မှာ လက်ဖက်ရည် သောက်ပြန်ပါတယ်ရှင်"

ရှား။ ။ (လက်ပတ်နာရီကို ကြည့်လျက်) "ဒါဖြင့် ၁၅ မိနစ် လောက် လိုတော့တာပဲ။ ဒီလိုဆိုရင် စောင့်ဦးမယ်..."

မိန်းကလေးသည် အတွင်းဆောင်သို့ ဝင်သွားရာတွင် ဦးစံရှား သည် ကုလားထိုင် တစ်လုံးပေါ်၌ ထိုင်လိုက်ရာ၊ အပါးတော်မြဲကတော် ခင်ခင်ကြီးသည် ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ ပေါင်ပေါ်သို့ တံ တောင်နှစ်ဖက်ကို ထောက်ကာ မျက်နှာကို အောက်ချလျက်

ခင်။ ။ "တောင်းပန်ပါရစေ ဦးစံရှားရှင်၊ ချမ်းသာပေးတော်မူ ပါ။ ကျွန်မတို့ လင်မယားဟာ တစ်ယောက်ကို တစ်ယောက် အင်မတန် ချစ်ခင်လေးစားပါတယ်၊ ဦးစံရှားက ဖွင့်ပြောလိုက်ရင် ကျွန်မတို့ ချစ်ခြင်းကို ခွဲတာနဲ့ အတူတူဖြစ်ပါလိမ့်မယ်"

ရှား။ ။ "ကျွန်တော်က ခင်ဗျားတို့လင်မယား ကွဲတာကိုလည်း မမြင်လိုပါဘူး၊ ကျွန်တော် တောင်းတဲ့စာကိုသာ ပေးပါ"

ခင်ခင်ကြီးသည် အိမ်ထဲသို့ ဝင်သွားပြီးနောက် အတန်ငယ် ကြာသောအခါတွင် အိတ်ပြာတစ်လုံးကို ကိုင်လျက် ထွက်လာ၍ ဦးစံရှားလက်သို့ ပေးအပ်လေ၏။

ရှား။ ။ "မြန်မြန်လုပ်ဗျ၊ အချိန်လည်း မရှိဘူး၊ ဒီစာကို ပြန်ထား ရမယ်။ ဒီစာ ထည့်ထားတဲ့ သံသေတ္တာကလေးဆိုတာ ဘယ်မှာလဲ"

ခင်ခင်ကြီးသည် အိပ်ခန်းသို့ဝင်သွား၍ တောင်ဆုပ်ခန့်ရှိသော သံသေတ္တာကလေးတစ်လုံးကို ကိုင်ကာ ပြန်ထွက်လာလေရာ ဦးစံရှားက သေတ္တာကို အဖွင့်ခိုင်းသည်နှင့် ခင်ခင်ကြီးသည် ဘော်လီအင်္ကျီအိတ်တွင် ဝှက်ထားသော သော့တူတစ်ချောင်းကို ထုတ်၍ သေတ္တာကို ဖွင့်လေ၏။ သေတ္တာထဲ၌ကား အရေးကြီးသော စာများနှင့် ဖိုင်တွဲများရှိလေရာ ဦးစံရှားသည် ထိုစာအိတ်ပြာကလေးကို ဖိုင်တွဲများ၏စာရွက်ကြားတွင် ထိုးညှပ်ပြီးနောက် သေတ္တာကို ယူ၍ နေရာတကျ ပြန်ထားပြီးနောက် အိမ်ပြင်သို့ ထွက်လာရာတွင်...

ရှား။ ။ "ကိုင်း... ခင်ဗျားယောက်ျား ရောက်ဖို့ ငါးမိနစ်တော့အချိန်ရှိသေးတယ်၊ ဖြစ်ပျက်ပုံကို ဟုတ်မှန်တဲ့အတိုင်း ပြောပြစမ်းပါဦးဗျာ"

ခင်။ ။ "ပြောပါတော့မယ်ရှင်၊ ကျွန်မတို့ လင်မယားဟာ တစ်ယောက်နဲ့ တစ်ယောက် အင်မတန် ချစ်ခင်တဲ့အတွက် ကျွန်မအသက်ကို အသတ်ခံရင် ခံမယ်သူ စိတ်ညစ်တာကို ကျွန်မ မကြည့်ရက်ပါဘူး၊ ဒီလိုပါရှင် သူနဲ့ ကျွန်မနဲ့ မညားခင်ကောလိပ်ကျောင်းမှာ ကျွန်မငနေစဉ်က မိုက်မဲတဲ့ အရွယ်ဖြစ်လို့ လူတစ်ယောက်ဆီကို ကျွန်မ စာပြန်ရေးမိပါတယ်၊ အဲဒီစာဟာ သခင်ထွန်းအောင် လက်ထဲကို ဘယ်နည်းနဲ့ ရောက်သွားတယ် မသိ ရောက်သွားပါတယ်။ ဟိုတစ်နေ့က သခင်ထွန်းအောင်က ဒီစာအိတ်ပြာကလေးကို သူ့လက်ထဲ ရောက်အောင် ခိုးပေးရင်ပေး မပေးရင် ကျွန်မ ရေးဖူးတဲ့စာကို ကျွန်မယောက်ျားကို ပြလိုက်မယ်လို့ ခြိမ်းခြောက်ပါတယ်၊ ကျွန်မက ဘယ်လိုစာမှန်းလဲမသိ ဒီစာ ပျောက်သွားရင် ကျွန်မ ယောက်ျား ဘယ်လိုဒုက္ခရောက်မလဲ မသိ၊ ကျွန်မ စာကို သူ မြင်သွားရင် လင်မယားကွဲသွားချေမလားလို့ စိုးရိမ်ပြီး ဒီစာကို သေတ္တာထဲက ခိုးပေးမိပါတယ်။

သူတို့လူစုက အတွင်းဝန်ရုံးမှာ သူလျှိုရှိတယ် ထင်ပါရဲ့... ဒီစာ ရောက်ထားတဲ့အကြောင်းကို သိနေကြလို့ ကျွန်မကို နားပူတောင်းခြင်း ဖြစ်ပါတယ်၊ ဦးစံရှား စဉ်းစားကြည့်ပါတော့ ကျွန်မတို့ မိန်းမသားဆိုတာ လင်မယား ကွဲမှာလောက်ကိုသာ ပူပန်ပြီး တိုင်းရေးပြည်ရေးကို နားမလည်ဘဲ သူတို့ လိုချင်တဲ့စာကို ခိုးပေးမိခြင်း ဖြစ်ပါတယ်"

ရှား။ ။ "အဲဒါ ခင်ဗျားမှားတာပဲ... သခင်ထွန်းအောင်တို့လူစုက ခင်ဗျားဆီကို ခြိမ်းခြောက်တာတွေ ဘာတွေ အားလုံး ခင်ဗျားယောကျ်ားကို ဖွင့်ပြောလိုက်ရင် ဒီလို စိတ်ဒုက္ခရောက်ကြရမှာ မဟုတ်ဘူး"

ခင်။ ။ "ကျွန်မ မိုက်မှားဖူးတဲ့ စာအကြောင်းကို ကျွန်မယောကျ်ားဖွင့်ပြောဖို့ သိပ်ခဲယဉ်းပါတယ်၊ ဦးစံရှား ယောကျ်ားဆိုတာမျိုးက ယင်ဖိုနားတာတောင် မကြည့်နိုင်ဘူးဆိုတာလို ဖြစ်တတ်ကြလေတော့ ကျွန်မက ဒီစာကို သူမမြင်ရင် ပြီးရောဆိုပြီး ကြံမိကြံရာ ကြံစည်မိပါတယ်၊ အမှန်မှာ ဘယ်လောက်အရေးကြီးတဲ့စာ ဖြစ်တယ်ဆိုတာကိုလည်း ကျွန်မ မသိရလို့ပါ၊ ဒါကြောင့် သခင်ထွန်းအောင် အကြံပေးတဲ့အတိုင်း သေတ္တာသော့ကို ဖယောင်းနဲ့ ပုံစံယူပြီး သော့တူကိုတောင် စီမံပေးခြင်း ဖြစ်ပါတယ်"

ရှား။ ။ "စာကို သေတ္တာထဲကယူပြီး ဘယ်နည်း ပို့လိုက်သလဲဗျာ"

ခင်။ ။ "အဲ... ဟိုညက ကျွန်မယောကျ်ား အလစ်မှာ စာကိုယူပြီး ဝန်ကတော်များနဲ့ ဘိုင်စကုတ်ကြည့်သွားမယ့်ဟန်နဲ့ အိမ်ကထွက်လာခဲ့ပြီး ကိုထွန်းအောင်နေတဲ့ တိုက်ဂါအလီလမ်းကို သွားတော့သူ့အိမ်ဝင်ခါနီးမှာ မှောင်ရိပ်က မိန်းမတစ်ယောက် စောင့်ကြည့်နေသလိုလိုတော့ မြင်လိုက်မိပါရဲ့၊ ဒါပေမဲ့ ကိုယ့်ကိစ္စက အရေးကြီးလေတော့

သူ့အိမ်ထဲကို တောက်လျှောက်ဝင်သွားမိတယ်၊ ဧည့်ခန်းထဲရောက်လို့ သူ့စာနဲ့ ကျွန်မစာ လဲလှယ်ပြီးကြတာနဲ့ တစ်ပြိုင်နက် အိမ်ရှေ့က လူသံလိုလိုကြားလေတော့ သခင်ထွန်းအောင်က ကော်ဇောကိုလှန်ပြီး ကျွန်မပေးတဲ့စာကို ကြမ်းအောက်မှာ ဝှက်ထားလိုက်ပါတယ်၊ ဒီနောက်တော့ ကျွန်မ ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေဟာ အိပ်မက်ထဲမှာလို ဗြုန်းဗြုန်းဗျင်းဗျင်းနဲ့ ဖြစ်ပျက်လေတော့ ကျွန်မမှာ ကယောင် ချောက်ချားနဲ့ ယောင်တိယောင်တောင် ဖြစ်နေမိပါတယ်။ ကျွန်မ မှတ်မိသလောက်တော့ ကျွန်မပေးတဲ့ စာကို သခင်ထွန်းအောင်က ကော်ဇောအောက်မှာ ဝှက်ထားပြီးပြီးချင်း မိန်းမတစ်ယောက် အပြေးအလွှားဝင်လာပြီး "လာခဲ့ နင့်ကို မိပြီ၊ မယားကြီးကိုတော့ ခေါ်မယူဘဲ၊ နင်က မယားငယ်နဲ့ ပျော်ပါးနေတာပေါ့လေ..." တဲ့ ပြောပြီး သူတို့နှစ်ယောက် ထွေးလုံး ရစ်ပတ်သတ်ကြပုတ်ကြပါရောရှင်၊ မိန်းမလက်ထဲမှာတော့ ဓားမြှောင်လိုလို လက်ခနဲ ကျွန်မ မြင်လိုက်ရတယ်၊ ကျွန်မလည်း မကြည့်ဝံ့တာနဲ့ အိမ်ထဲက ပြေးထွက်လာပြီး တက္ကစီတစ်စီးနဲ့ ကိုယ့်အိမ်ကိုယ် ပြန်လာခဲ့တော့ နောက်တစ်နေ့မှာ သတင်းစာထဲ သူတို့ အဖြစ်အပျက်တွေ ပါလာပါတယ်။ ဒါပေမဲ့ ကျွန်မ စိတ်ထဲမှာတော့ ကိုယ့်စာကိုယ်ပြန်ရလို့ ဝမ်းသာပြီး သူတို့အဖြစ်အပျက်တွေ ကောင်းကောင်း ဂရုမစိုက်မိဘူး။

"ဒါပေမဲ့ ကျွန်မယောကျ်ားက သူ့စာ ပျောက်တဲ့အတွက် မျက်နှာမသာမယာရှိနေတာ မြင်ရပြန်လေတော့ ဒယ်အိုးထဲနေပြီး မီးထဲ ခုန်ချဆိုတဲ့ အင်္ဂလိပ်စကားပုံလို အပူတစ်ခုက လွတ်မယ် မကြံသေးခင် အပူတစ်ခု ကြုံနေရပြန်တာကိုး ရှင့်။ ကျွန်မက အဖြစ်အပျက်ကို ဟုတ်တိုင်း မှန်ရာ ဖွင့်ပြောပြီး လင်ယောကျ်ားဆီမှာ ဖြောင့်ချက်ပေးမယ်လို့ စိတ်ကူးမိပါရဲ့၊ ဒါပေမဲ့... ယောကျ်ားဆိုတာ ဒီကိစ္စမျိုးမှာ ခဲယဉ်းတဲ့

အကြောင်း စဉ်းစားမိလေတော့ အဲဒီနေ့ မနက်က ရှင့်ဆီကို ကျွန်မ လာခဲ့ပါတယ်၊ ဒီစာကို ပြန်မရရင် ကျွန်မယောကျ်ား ဒုက္ခဖြစ်တော့မယ် ဆိုတာကို ရှင်ပြောပြလို့ သိသိချင်း ဒီစာကို ဘယ်လိုနည်းနဲ့ ပြန်ရအောင် ကျွန်မ လုပ်ရပါ့မလဲ ဆိုတာကို အကြံထုတ်မိပါတယ်။

"ကျွန်မပေးလိုက်တဲ့စာကို သခင်ထွန်းအောင်က ကော်ဇော အောက်မှာ ဝှက်ထားတယ်ဆိုတာကို ကျွန်မ သိရလေတော့ ဒီစာဟာ ဒီနေရာမှာပဲ ရှိသေးတယ်လို့ ကျွန်မ ယူဆပါတယ်၊ ဒါကြောင့် ဒီအိမ် ထဲကို ဘယ်လိုနည်းနဲ့ ကျွန်မ ရောက်အောင် ဝင်ရပါ့မလဲဆိုတာကိုချည်း ကျွန်မ စိတ်ကူးခဲ့ပါတယ်၊ ကျွန်မ သွား သွား ချောင်းသော်လည်း အလစ် မတွေ့ရဘူး၊ မနေ့ညကတော့ ဝတ္ထုရေးဆရာမကလေးပါလို့ ဆိုပြီး ပုလိပ်ကို လိမ်ပြောတော့မှ ကျွန်မ ဝင်ခွင့်ရပြီး အလစ်သုတ်ခဲ့ ရတဲ့အကြောင်းတော့ ရှင် သိပြီးအတိုင်းပါပဲ၊ ဒါနဲ့ဒီစာကို ဆုတ်ပစ်ရ ကောင်းမလားလို့ ချီတုံချတုံ ဖြစ်နေတုန်းမှာ ဦးစံရှား ရောက်လာခြင်း ဖြစ်ပါဘယ်... ဟော ကျွန်မ ယောကျ်ား ပြန်လာပြီ"

ထိုခဏ၌ အိမ်ရှေ့တွင် ကားတစ်စီးဆိုက်၍ နန်းရင်းဝန်နှင့် အပါးတော်မြဲတို့သည် အိမ်တွင်းသို့ ဝင်လာကြလေရာ အပါးတော်မြဲ က "ဘယ်နှယ်လဲ ဦးစံရှားပြန်ရဖို့ လမ်းမြင်သေးသလား" ဟု မေး လိုက်သဖြင့် "ဟုတ်ကဲ့ မျှော်လင့်စရာ ရှိပါတယ်" ဟု ပြန်ပြောလေ ၏။ ၎င်းနောက် အပါးတော်မြဲသည် မိမိ၏ ဇနီးခင်ခင်ကြီးကို နောက် ဖေးဆောင်သို့ ဝင်စေ၍ ဦးစံရှားနှင့် စကားဆွေးနွေးရန် ပြင်ဆင်လေ၏။

ဝန်။ ။ "ဘယ့်နှယ်လဲဗျ၊ ဦးစံရှား၊ မျှော်လင့်စရာ ရှိတယ်ဆို တာတော့ ခင်ဗျား ပြောလို့သိပါပြီ၊ သို့သော် တော်တော် နီးနီးကပ်ကပ် ဟုတ်ပါစေဗျာ"

ရှား။ ။ "နီးကပ်ဆို ဒီလိုပါခင်ဗျား ရောက်သင့်ရောက်ထိုက်တဲ့

နေရာကို ဒီစာမရောက်သေးတဲ့အတွက် မျှော်လင့်ချက်ရှိတယ်လို့ ဆိုရခြင်း ဖြစ်ပါတယ်"

ဝန်။ ။ "ဒီလောက်နဲ့ ဘယ်ဖြစ်မလဲ ဦးစံရှား ဒီထက် သေချာမှ ကျွန်တော် စိတ်ချနိုင်မှာပေါ့ဗျ"

ရှား။ ။ "သေချာဆို ဒီလိုပါ ခင်ဗျား၊ ဒီစာအကြောင်းကို စဉ်းစားကြည့်လေလေ ဒီစာဟာ ဒီအိမ်ထဲက မထွက်သေးတဲ့ အကြောင်းကို သေချာလေလေ ဖြစ်နေပါတယ်"

ထိုအခါ နန်းရင်းဝန်နှင့် အပါးတော်မြဲတို့မှာ အံ့ဩသော အမူအရာနှင့် တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်နေကြလေ၏။

ပါး။ ။ "ဒီအိမ်ထဲက မထွက်သေးဘဲ ဘယ်နေရာမှာ ရှိနိုင်မလဲဗျ"

ရှား။ ။ "ကျွန်တော့်အထင်တော့ ဒီစာဟာ မူလထားတဲ့ နေရာမှာပဲ ရှိမှာပဲလို့ ကျွန်တော် တွက်ကိန်းရပါတယ်"

ပါး။ ။ "မဖြစ်နိုင်တာပဲဗျာ၊ ကျွန်တော်ကိုယ်တိုင် သေသေချာချာ ရှာပြီးသားပါဗျ"

ရှား။ ။ "ရှာပေမဲ့ မျက်စိလျှမ်းလို့ ဖြစ်ချင်ဖြစ်မှာပေါ့ခင်ဗျား"

ပါး။ ။ "မဟုတ်တာ ဦးစံရှားရယ်..."

နန်း။ ။ "ကိုင်းလေဗျာ သူ ကျေနပ်အောင် တစ်ခါထပ်ပြီး ရှာကြည့်စမ်းပါဦး"

ထိုအခါ အပါးတော်မြဲသည် စိတ်မပါသော အမူအရာနှင့် ထိုင်ရာမှ ထသွား၍ သေတ္တာကလေးကို အခန်းထဲမှ ထုတ်ယူခဲ့ပြီးလျှင် သော့နှင့်ဖွင့်ပြီးနောက်

ပါး။ ။ "ဟောဒါက အိန္ဒိယဘုရင်ခံချုပ်ဆီက စာဗျ၊ ဟောဒါ

က အင်္ဂလန်ပြည် နန်းရင်းဝန်ဆီက စာဗျ၊ ဟောဒါက လွတ်လပ်ရေးနဲ့ ပတ်သက်တဲ့ စာပေးစာယူဖိုင်တွဲဗျ၊ ဟောဒါက အစိုးရဖွဲ့စည်းရေးနဲ့ ပတ်သက်တဲ့ စီမံကိန်းဗျ"

ရှား။ ။ "ဖိုင်တွဲထဲမှာ ကြည့်စမ်းပါဦးဗျာ..."

ပါး။ ။ "မဆိုင်တာပဲဗျ၊ ဖိုင်တွဲတခြား စာတခြား ထားတာပါ၊ သို့သော် ခင်ဗျား စိတ်ကျေနပ်အောင် လှန်ရှာရသေးတာပဲဗျာ... အလို"

ထိုအခါ အပါးတော်မြဲသည် ဖိုင်တွဲအတွင်းမှ အလျားရှည်သော စာအိတ်ပြာတစ်လုံးကို တွေ့သည်နှင့် ဆွဲထုတ်ပြီးလျှင် အတွင်း၌ရှိသော စာကို ထုတ်ယူဖတ်ရှုသည်တွင်မှ ဗြိတိသျှအတွင်းဝန်ထံမှ ပေးပို့လိုက်သည့် အမိန့်စာ ဖြစ်နေသည်ကို တွေ့ရသည်နှင့်... နန်းရင်းဝန်ဘက်သို့လည်း မလှည့်... ဦးစံရှားနှင့် ကျွန်ုပ်တို့ကိုလည်း မကြည့်တော့ဘဲ "ခင်ခင်ကြီးရေ... ခင်ရေ... တွေ့ပြီဟေ့၊ ဟောဒီမှာ" ဟု ဆိုကာ ဝမ်းမြောက်ဝမ်းသာနှင့် စာကိုကိုင်လျက် အိမ်ပေါ်သို့တက်သွားလေ၏။

နန်းရင်းဝန်သည် ပြုံးစိစိမျက်နှာထားနှင့် ဦးစံရှားအားကြည့်ပြီးနောက် "လုပ်စမ်းပါဦး ဦးစံရှား၊ ကျွန်တော် ကောင်းကောင်း နားမလည်သေးဘူးဗျာ... ကျွန်တော် သိရအောင် တစ်ဆိတ်လောက်ရှင်းပြစမ်းပါဦး" ဟု ပြောလေရာ၊ ဦးစံရှားသည် စားပွဲပေါ်၌ တင်ထားသော ဦးထုပ်ကို လှမ်းယူလျက် "နိုင်ငံရေးသမားဆိုတဲ့ နန်းရင်းဝန်တို့ ဝန်ကြီးချုပ်တို့ ဆိုတာတွေမှာ လူတိုင်း အသိမပေးနိုင်တဲ့ ကိစ္စမျိုးတွေ ရှိတယ်ဆိုတာလို၊ ကျွန်တော်တို့ စုံထောက်များမှာလည်း လျှို့ဝှက်ထားရတဲ့ ကိစ္စမျိုးတွေ ရှိပါတယ်ခင်ဗျား... ကိုင်း ကိုသိန်းမောင် လာဗျို့... ကျုပ်တို့ ကိစ္စပြီးသွားပြီ" ဟု ဆိုကာ အိမ်ထဲမှ ထွက်လာကြလေ၏။

နောက်တစ်နေ့၌ ဦးစံရှားသည် အစိုးရတံဆိပ်ရိုက်နှိပ်ထားသော စာအိတ်တစ်လုံးကို ရရှိသည်နှင့် ဖွင့်ကြည့်ပြီးနောက် အတွင်း၌ပါသော

စာနှစ်ရွက်ကို ကျွန်ုပ်ထံသို့ ပစ်ပေးလိုက်ရာ တစ်ရွက်မှာ အင်္ဂလိပ် ဘာသာဖြင့် "နန်းရင်းဝန်၏ လေးစားသော အထိမ်းအမှတ်ဖြင့်" ဟူသော စာလုံးများ ရေးသားပါရှိ၍ အခြားတစ်ရွက်မှာ ငွေငါးထောင် တန် ချက်လက်မှတ်ဖြစ်ကြောင်း တွေ့ရှိရလေသတည်း။

ရှုမဝမဂ္ဂဇင်း၊ အတွဲ(၂)၊ အမှတ်(၁၇)၊ အောက်တိုဘာ၊ ၁၉၄၈

❑



# ဒိန်းဒလိန်းနတ်နှင့်ပတ်သက်သော သူရသတ္တိ

ကျွန်ုပ်သည် စစ်မြေပြင်၌အမှုထမ်းစဉ်က ကိုယ်တိုင်စွန့်စားခဲ့သော အဖြစ်အပျက်များကိုသာလျှင် အများအားဖြင့် ရေးသားဖော်ပြခဲ့သည်ဖြစ်သောကြောင့် အချို့သောသူတို့က မော်လမြိုင်သားပီပီ လိုင်းပါပေသည်ဟု ကဲ့ရဲ့ပြောင်လှောင်ကြချေမည်လော မပြောနိုင်ပေ။ ယခုတစ်ပတ်၌မူကား အဆင်ကွဲစေခြင်းငှာတစ်ကြောင်း၊ သူရသတ္တိနှင့်ပတ်သက်၍ မမေ့ထိုက်အောင် အထက်တန်းကျပေသော ပုဂ္ဂိုလ်တစ်ဦး၏ အပြုအမူဖြစ်သည်တစ်ကြောင်းကြောင့် မိမိ၏အဖြစ်အပျက်ကို ရပ်နား၍ သူတစ်ပါး၏စွန့်စားပုံ အခြင်းအရာတစ်ခုကို ရေးသားဖော်ပြလိုက်ရပေအံ့။

(V.C) ဗွီစီ (ဝိတိုရိယ လက်ဝါးကပ်) တည်းဟူသော ဘွဲ့မှာ အင်္ဂလိပ်ကုန်းကြောင်းတပ်၌ဖြစ်စေ၊ ရေကြောင်းတပ်၌ဖြစ်စေ၊ လေကြောင်းတပ်၌ဖြစ်စေ သူရသတ္တိနှင့် ပတ်သက်၍ အထွတ်အထိပ်ဖြစ်သော ဘွဲ့ထူးဘွဲ့မြတ်ဖြစ်ရလေရကား စစ်မှုထမ်းဟူသမျှတို့ အထူးသဖြင့် နှစ်သက်ခုံမင် အလိုချင်ဆုံးသော ဘွဲ့ကြီးဖြစ်ပေ၏။ စစ်ဗိုလ်ချုပ်

ကြီးပင် ဖြစ်လင့်ကစား ၎င်းဘွဲ့ထူးမျိုးရရှိသော သာမညစစ်သား ကလေးတစ်ဦးကိုပင် မထီမဲ့မြင် မပြုဝံ့ချေ။ သူရသတ္တိနှင့် ပတ်သက်၍ ချီးမြှင့်သည့် ဘွဲ့အမျိုးမျိုးရှိလေရာ၊ ဗွီစီဘွဲ့မှာမူ အထူးသတ္တိနှင့် ပြည့်စုံ၍ စင်စစ်အရေးပါအရာရောက်သော ကိစ္စကြီးတစ်ခုခုကို စွမ်းဆောင်နိုင်သော စစ်မှုထမ်းတစ်ဦးအားသာလျှင် ချီးမြှင့်သော ဘွဲ့မျိုး ဖြစ်လေသည်။

စစ်မြေပြင်အရပ်၌ သာမညလူတို့ လက်ဖျားခါလောက်အောင် စွန့်စားသော ပုဂ္ဂိုလ်များမှာ မရှားပါးချေ။ သို့ရာတွင် ဤမျှလောက်သော စွန့်စားခြင်းမျိုးနှင့် ဗွီစီဘွဲ့ကို မလှမ်းနိုင်သေးပေရာ၊ စင်စစ်အားဖြင့် ဗွီစီဘွဲ့ရသော စစ်မှုထမ်းများမှုကား တကယ်ပင် ရှားပါးလှပေ၏။ ဖော်ပြလတ္တံ့သော အဖြစ်အပျက်များမှာ ကက်ပတိန်မော်ဂင်၏ ဗွီစီဘွဲ့ရပုံအကြောင်းအရာများ ဖြစ်ရကား စွန့်စားခန်း ပေါများမည်မှာ မပြောဘဲနှင့် ရိပ်မိနိုင်လောက်ပေ၏။

သူရသတ္တိမည်သည်မှာ ဇာတိပဋိသန္ဓေအားဖြင့် ရဲရင့်ခဲ့သူများလည်း ရှိ၏။ နဂိုက မရဲသော်လည်း ရဲရင့်သူတို့၏ အပြုအမူများကို တုပြိုင်အားကျလျက် တစ်ဆင့်ထက်တစ်ဆင့် ရဲရင့်လာသူများလည်း ရှိ၏။ တစ်စုံတစ်ခုသော အကြောင်းကြောင့် မိမိ၏ အသက်ကို အလျဉ်းနမြောကာကွယ်ခြင်း မရှိတော့ဘဲ ဘယ်နေရာ၌ သေမင်းရှိပါလိမ့်မလဲဟု တမင်ရှာဖွေနေဘိသကဲ့သို့ ရဲရင့်သူများလည်း ရှိ၏။ ကက်ပတိန်မော်ဂင်မှာ ပထမအမျိုးအစားနှင့် တတိယအမျိုးအစားကို နှစ်ရပ်ရောစပ်ထားသော ရဲရင့်ခြင်းမျိုးဖြစ်ပေရာကား အရဲတကာတို့၏ ထိပ်တင်ဘုရင် ဧကရာဇ်ဖြစ်သည်ဟု ဆိုထိုက်ပေသည်။

ကက်ပတိန်မော်ဂင်မှာ မိန်းမနှင့် ပတ်သက်၍ ပြင်သစ်ပြည် စစ်မျက်နှာမှ မက်ဆိုပိုတေးမီးယား စစ်မျက်နှာသို့ ပြောင်းရွှေ့လာရသူ

တစ်ယောက် ဖြစ်လေရာ၊ ၎င်း၏ဗိုလ်စီဘွဲ့မှာ ပြင်သစ်စစ်မျက်နှာတွင် အမှုထမ်းစဉ်က ရခဲ့သော ဘွဲ့ဖြစ်လေသည်။ ၎င်း၏ဘွဲ့မှာ အထက်တွင် ဖော်ပြခဲ့သည်အတိုင်း အလွန်ရှားပါးသော ဘွဲ့မျိုး ဖြစ်သည် တစ်ကြောင်း၊ စစ်မျက်နှာတစ်ခုသို့ ပြောင်းရွှေ့ရသော အရာရှိဟူ၍ နည်းပါးလှသည် တစ်ကြောင်း၊ ရွှေ့ပြောင်းရခြင်း၏ အကြောင်းရင်းမှာလည်း ခပ်ဆန်းဆန်းဖြစ်သည် တစ်ကြောင်းကြောင့် ကျွန်ုပ်တို့ မက်ဆိုပိုတေးမီးယား စစ်မျက်နှာ၌ အရာရှိကြီးများ၏ဝိုင်း၊ အရာရှိကလေးများ၏ဝိုင်း ဟူသမျှတွင် ၎င်း၏အကြောင်းကို မမောနိုင် မပန်းနိုင် ပြန်ပြောင်းပြောဆိုလေ့ရှိကြ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ၎င်း၏ အတ္ထုပ္ပတ္တိကို ခရေစေ့တွင်းကျ သိရှိရပေရာ သိရှိရသည့်အတိုင်း ဝတ္ထုဇာတ်လမ်းဖြစ်အောင် စီစဉ်ရေးသားလိုက်ရပေ၏။

* * *

ကက်ပတိန်မော်ဂင်သည် လက်ဖတင်နင်ဘဝနှင့် ပြင်သစ်စစ်မြေပြင်၌ အမှုထမ်းလျက်ရှိစဉ် တစ်နေ့သ၌ အားလပ်ခွင့်တစ်လ ခံယူ၍ အင်္ဂလန်ပြည်သို့ ပြန်သွား၏။ နေရင်းမြို့ကလေးသို့ ဆိုက်ရောက်သောအခါ အလွန်တရာ ရုပ်ရည်ချောမောလှပသည့် အမေရိကန်ပြည်သူကလေးတစ်ယောက်နှင့်တွေ့၍ မကြာမီ သမီးရည်းစားအဖြစ်သို့တိုင် ရောက်ကြလေ၏။ မော်ဂင်၏ရည်းစား မစ္စမော်လီဆင်မှာ အမေရိကန်ပြည်မှ လာရောက်လည်ပတ်သော ဧည့်သည်တစ်ယောက်ဖြစ်ရာ ၎င်း၏ မိဘများလည်း အတူပါလာကြ၏။

ခွင့်တစ်လအချိန်အတွင်း မော်ဂင်သည် ရည်းစားမော်လီဆင်နှင့် အတူတကွလည်ပတ်ကြည့်ရှုကြ၍ အလွန်ပျော်မြူးစွာ အချိန်ကုန်လွန်စေခဲ့၏။ ၂၅ ရက်ခန့်ကြာလတ်သော် အင်္ဂလိပ် စစ်ဗိုလ်ကြီးတစ်ဦး

သည် စစ်မြေပြင်အရပ်မှ ခွင့်နှင့်ပြန်လာ၍ ၎င်းမြို့ကလေးသို့ လာရောက်နေထိုင်လျက်ရှိသည့် မစ္စမော်လီဆင်နှင့် တွေ့လေ၏။ မုဆိုးဖိုကြီးဖြစ်သော စစ်ဗိုလ်ကြီးသည် မော်လီဆင်နှင့် တွေ့လျှင်တွေ့ချင်း ချစ်ကြိုက်စုံမက်လေရာ မော်လီဆင်မှာ ပထမ၌ လေ့နံ့နှစ်ဖက် နင်းလျက် ရှိ၏။ နောက်ဆုံး၌ စစ်ဗိုလ်ကြီးက တကယ်သဘောနှင့် ကြံစည်နေကြောင်း တွေ့ရှိရသောအခါ မစ္စမော်လီဆင်သည် 'ငါးစိမ်းမြင် ငါးကင်ပစ်' သဘောမျိုးထားလေ၏။ စစ်ဗိုလ်ကြီးမှာ မုဆိုးဖို တစ်ယောက်ဖြစ်သည်မှန်သော်လည်း မစ္စမော်လီဆင်၏စိတ်၌မူကား စစ်ဗိုလ်ကြီးကတော်အဖြစ်နှင့် ပြန်ရခြင်းသည် သာမညလက်ဖတင်နင်ကတော်ကလေးအဖြစ်နှင့် ပြန်ရခြင်းထက် မျက်နှာပန်းလှသည်ဟု သဘောထားဟန်ရှိ၏။ ချစ်ခြင်းကြိုက်ခြင်းဆိုသော အခြင်းအရာမှာမူ လင်ရှာရန်သက်သက်လာသော အမေရိကန့်ပြည်သူများအတွက် လေးနက်သော အဓိပ္ပာယ် မရှိချေ။

တိုတိုနှင့်ချုံးလိုက်သော် မစ္စမော်လီဆင်သည် မော်ဂင်၏လက်စွပ်ကို ပြန်ပေး၍ ၎င်းနေရာ၌ စစ်ဗိုလ်ကြီး၏လက်စွပ်ကို ဝတ်ဆင်ပြီးလျှင် ကာလမကြာမြင့်မီအတွင်း လက်ထပ်ခြင်းကိစ္စ ပြီးစီးကြလေ၏။ မော်ဂင်မှာကား ရင်ကွဲနာကျ တော့မတတ် ပူဆွေးဒုက္ခရောက်လျက် စစ်မြေပြင်အရပ်သို့ ခြေကုန်သုတ်ကာ ပြန်ပြေးရှာလေ၏။

စစ်မြေပြင်သို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် မော်ဂင်သည် ဘေးအန္တရာယ် အထူထပ်ဆုံးသော အလုပ်များကို ရွေးချယ်ဆောင်ရွက်လေရာ ရံဖန်ရံခါ လိုသည်ထက် ပိုမို၍ စွန့်စားသောကြောင့် အထက်အရာရှိကြီးများ၏ သတိပေးခြင်းကိုပင် ခံရလေ၏။ (ဤမျှလောက်အထိမှာမူ ကျွန်ုပ်ကိုယ်တွေ့ အဖြစ်အပျက်များနှင့် တူလှသောကြောင့် ရေးရင်းပင် ပြုံးမိသေး၏)။

တစ်နေ့သ၌ မော်ဂင်၏ အထက်အရာရှိများဖြစ်ကြသော မေဂျာ ကောလင်းဝုနှင့် ကက်ပတိန် မက္ကေးတို့သည် ဂျာမန်တို့ဘက်၌ ရှိသော အမြောက် ၆ လက်အကြောင်းကို စပ်မိစပ်ရာ ပြောလျက်ရှိကြစဉ် မော်ဂင်သည် နားထောင်မှတ်သားလျက်ရှိ၏။ အမြောက်ကြီး ၆ လက်မှာ မီးရထားတွဲများပေါ်တွင် တင်ထား၍ မီးရထားလမ်း တစ်လျှောက် အလိုရှိရာအရပ်သို့ အလွယ်တကူ သယ်ယူပြောင်းရွှေ့နိုင်သည်ဖြစ်သောကြောင့် အလွန်တရာ အလုပ်တွင်ကျယ်လှ၏။ သို့ရာတွင် အမြောက်ကြီးများမှာ ဂျာမန်စစ်သားများ၏ နောက်၌ရှိနေသောကြောင့် သတင်းအရ စကားစပ်မိ၍သာလျှင် ပြောကြရသော်လည်း အင်္ဂလိပ်စစ်တပ်က မည်သို့မျှ အကြံအစည် မထည့်ဝံ့ချေ။

မော်ဂင်မှာမူ အထက်အရာရှိကြီးများ၏ စကားကို သေချာစွာ မှတ်သားပြီးလျှင် ၎င်းအမြောက်ကြီးများရှိရာအရပ်၏ မြေပုံများကို သေချာစွာ ကြည့်ရှုမှတ်သားလေ၏။ နောက်ဆုံး၌ မော်ဂင်သည် ၎င်းနယ်ပယ်၏ မြေပုံကို တူးမြောင်းစသော အသေးအဖွဲ့ကလေးများမကျန် စိတ်ထဲ၌ စွဲမြဲစွာ မှတ်သားပြီးဖြစ်လေ၏။

တစ်နေ့သ၌ မော်ဂင်သည် မေဂျာနှင့် ကက်ပတိန်တို့ စကားပြောနေရာသို့ ဝင်လာ၍

ဂင်။ ။ "ဂျာမန်တွေ လက်ထဲမှာ ရထားတွဲနဲ့တင်ထားတဲ့ အမြောက်ကြီး ၆ လက် ရှိတယ်ဆို မေဂျာ"

ဂျာ။ ။ "သူတို့မှာ ရှိတာ ငါတို့နဲ့ ဘာဆိုင်သလဲ မော်ဂင်"

ဂင်။ ။ "ဒီလိုမေဂျာ၊ အမြောက် ၆ လက်ကို ရထားတွဲမှာ တင်ပြီး အရှေ့ဘက်နဲ့ အနောက်ဘက် လိုရာသယ်ယူပစ်ခတ်တော့၊ ဟောဒီ တံတားကို ကျော်ရမယ် မဟုတ်လား" မော်ဂင်က မြေပုံကို ပြ၏။

ဂျာ။ ။ "ကျော်ရတယ်လေ ဘာဖြစ်သလဲ၊ မောင်မင်းကြီးသား က တံတားကို ဒိုင်းနမိုင်းနဲ့ ခွဲဖျက်ဖို့ ကြံပြန်ပြီမှတ်တယ်"

ဂင်။ ။ (မေဂျာ၏ လှောင်ပြောင်ခြင်းကို ဂရုမထားဘဲ) "မြေပုံ အတိုင်းဆိုလျှင် တံတားအမြင့်က ပေ ၆၀၊ ရေ အနက်က ၁၅ ပေ ဆို ပါလား မေဂျာ"

ဂျာ။ ။ "ဒီတော့ ဘာဖြစ်သလဲ"

ဂင်။ ။ "အခွင့်တောင်းလို့ ရလျှင်တော့ ကျွန်တော် တစ်ဆိတ် စမ်းကြည့်ချင်တာပဲ မေဂျာ"

မေဂျာနှင့် ကက်ပတိန်တို့သည် အံ့ဩလှသော မျက်နှာထားနှင့် တစ်ယောက်ကို တစ်ယောက် ကြည့်ပြီးနောက်

ဂျာ။ ။ "ပေ ၆၀ မြင့်အောင် ဆောက်ထားတဲ့ တံတားတစ်ခုကို ဖောက်ခွဲဖို့ ဒိုင်းနမိုင်း ဘယ်လောက် လိုမလဲ မင်း သိသလား"

ဂင်။ ။ "ခုတော့ မသိသေးဘူး မေဂျာ၊ ပေါင်ချိန် တစ်ထောင် လိုမလား မပြောတတ်ဘူး"

ဂျာ။ ။ "ဒါတွေကို ဟိုရောက်အောင် မင်း ဘယ့်နှယ်လုပ်ပြီး သယ်သွားမလဲ"

ဂင်။ ။ "ကျွန်တော် မသယ်ပါဘူး မေဂျာ"

ဂျာ။ ။ "မင်းကိုယ်တိုင်ကော ဟိုရောက်အောင် ဘယ်လိုလုပ် သွားမလဲ"

ဂင်။ ။ "ဒီလို ကြံဖန်သွားမှာပေါ့မေဂျာ"

ဂျာ။ ။ "ဒိုင်းနမိုင်း ယူမသွားလျှင် မင်းဟာဘာနဲ့ခွဲမှာလဲ"

ဂင်။ ။ "ခင်ဗျားတို့က ဒိုင်းနမိုင်းတွေကို ရထားတွဲကြီးနဲ့ တင်ပြီး စစ်တပ်ကြီးနဲ့ ချီတက်သွားမယ် ထင်လို့လား၊ ကျွန်တော့်ကို ရူးတယ် ထင်ကြပေမဲ့ ဒီလောက်တောင်တော့ မရူးသေးပါဘူး မေဂျာ၊

အခွင့်ရလျှင် ကျွန်တော် တစ်ယောက်တည်း လုပ်မှာပါ စိတ်ချပါ"

ဂျာ။ ။ "နို့ကွယ် မင်းဟာက ........"

ဂင်။ ။ "နားထောင်ပါဦးမေဂျာ အမြောက်တွေ တင်ထားတဲ့ ရထားတွဲ လေးလေးကြီး မောင်းသွားတဲ့အခိုက်မှာ ခေါင်းတွဲရှေ့က သံလမ်းတစ်လမ်းကို ရုတ်တရက် ဖြုတ်လိုက်လျှင် ဘယ့်နှယ်ဖြစ်တတ်သလဲ မေဂျာ"

ဂျာ။ ။ "နို့ပေမဲ့ ... မင်းဟာက ........"

ဂက်။ ။ "ကျွန်တော်က ဒိုင်းနမိုင်း ပေါင်ချိန် တစ်ထောင်လည်း မလိုပါဘူး။ စနက်ကလေးတစ်ခုနဲ့၊ ဘက်ထရီကလေးတစ်ခုနဲ့ ယမ်းကလေး နည်းနည်း လိုတာပါပဲ၊ ဒါကလေးတွေပါလို့ အချက်ကောင်းစောင့်ပြီး နှိပ်လိုက်ရလျှင် ထင်သလောက် ခက်လှမယ့် ကိစ္စဟုတ်မထင်ပေါင် မေဂျာ"

ဂျာ။ ။ "ဒါထက် ဟိုရောက်အောင် မင်းဘယ်လိုလုပ်သွားမလဲကွဲ့၊ အင်္ဂလိပ်အရာရှိတစ်ယောက် သူတို့စစ်တပ်နောက် ရောက်နေတာကို ဂျာမန်တွေက ကြည့်နေမှာတဲ့လား"

ဂင်။ ။ "အင်္ဂလိပ်အရာရှိကို မကြည့်နိုင်ပေမဲ့ ဘယ်လ်ဂျီယံတောသားတစ်ယောက်ဆိုလျှင် ကြည့်နိုင်ရမှာပေါ့ မေဂျာ၊ ကျွန်တော်က ဘယ်လ်ဂျီယံ စကားတတ်ထားတာနဲ့တော့ အဆင်သင့်နေတာပဲ ဟုတ်ဘူးလား ကက်ပတိန်"

တိန်။ ။ "ဟုတ်တော့ ဟုတ်ပါရဲ့၊ နို့ပေမဲ့ ခင်ဗျားအကြံက အပုံတစ်ရာမှာ တစ်ပုံ ရှင်ဖို့ဘက်က မရှိဘူးထင်တယ်"

ဂင်။ ။ "ဒါက အရေးမဟုတ်ပါဘူးလေ၊ ဖြစ်နိုင်ဖို့ နည်းလမ်းရှိတယ်ဆိုလျှင် အပုံတစ်ထောင်မှာတစ်ပုံ ရှင်ဖို့ရှိစေတော့ ကျွန်တော်ကျေနပ်ပါပြီ"

ဂျာ။ ။ "သေဖို့ ရှင်ဖို့ ထားလိုက်ပါဦးကွယ်၊ ပထမအလုပ်က သူတို့ဘက်ရောက်အောင် မင်းဘယ့်နှယ်လုပ်ထားမလဲ"

ဂင်။ ။ "ဒီဟာမှာတော့ ကျွန်တော့်မိတ်ဆွေ ပီတာဆင်နဲ့ တိုင်ပင်ပြီး လုပ်ရမှာပေါ့ မေဂျာ"

ဂျာ။ ။ "တန်ပါကွယ် မင့်အကြံ၊ လူကောင်း ဒီလောက် ရှားနေရတဲ့အထဲမှာ ရှိတဲ့ လူကောင်းကလေးတွေကို မရေမရာ ကိစ္စအတွက်နဲ့ အသုံးမခံနိုင်ဘူး မော်ဂင် မင့်အကြံ လက်လျှော့လိုက်ပါတော့"

၎င်းနောက် မေဂျာနှင့် ကက်ပတိန်တို့သည် အခြားစကားများကို ဆက်လက်ပြောဆိုတိုင်ပင်ကြလေရာ မော်ဂင်မှာမူကား လက်လျှော့သေးဟန်မရှိဘဲ ထိုအကြောင်းကိုပင် ဆက်လက်တွေးတောနေဟန်ရှိလေ၏။

တစ်နေ့သ၌ ကာနယ်မောရစ်နှင့် မေဂျာကောလင်းဝုတို့သည် အရာရှိများ၏ မိုးကာတဲအဝတွင် ဆေးတံကိုယ်စီနှင့် ကိုင်လျက် မေဂျာကောလင်းဝုက မိမိ၏အထက်အရာရှိ ကာနယ်မောရစ်က လက်ဖတင်နှင့် မော်ဂင်၏အကြောင်းကို ပြန်ပြောင်းပြောဆိုလျက်ရှိလေ၏။ မေဂျာ၏ စကားအဆုံး၌ ကာနယ်မောရစ်က၊

နယ်။ ။ "ဒီသူငယ်ခက်နေပါပြီ၊ သေပေါက်ကိုမှ တမင်ရှာရှာပြီး တိုးနေပါပြီကော မေဂျာ၊ ကျုပ်တော့ ဘယ်သူ့မှ အပြစ်မတင်ချင်ဘူး၊ ဟိုမိန်းမ မော်လီဆင်ကိုသာ အပြစ်တင်ချင်တာပဲ၊ ကြည့်ပါဦး မေဂျာ ရုပ်ကလေးကလည်း ချော၊ အပြောအဆိုကလေးကလည်း ရည်မွန်ပါဘိသနဲ့၊ သေခါနီး စစ်ဗိုလ်ကြီးကိုမှ သွားပြီး ကြိုက်ရတာ ဘာလုပ်စရာတဲ့လဲ မေဂျာ"

"သူတို့အမေရိကန်သူတွေက ဂုဏ်အင်မတန်မက်တဲ့ မိန်းမတွေကလား ကာနယ်၊ ခင်ဗျားတို့ ကျွန်တော်တို့ မျက်စိမှာတော့ လက်ဖတင်

နှင့် မော်ဂင်နဲ့ ဂျင်နရယ်ဂိုးရင်းကို ဘယ်မှာလဲနိုင်မလဲ။ သူတို့ကတော့ ဂျင်နရယ်ဆိုတဲ့ ပါဝါကို လိုချင်တာကိုး ကာနယ်ရဲ့"

နယ်။ ။ "မော်ဂင်တို့ကလည်း တယ်ခက်တာကိုး၊ ဒီမိန်းမဆို ဒီမိန်းမပဲ ဒီပြင်မိန်းမ မရှိတော့ဘူးတဲ့ဟာလား မေဂျာ၊ ဟာလို ဒီ အကောင်ကြီး ဒီဘာလာရှုပ်နေသလဲ"

ထိုခဏ၌ ဟောင်းနွမ်းပေကျံသော အဝတ်တို့ကို ဝတ်ဆင်လျက် တောင်ဝှေးစွဲကာ ဒယိမ်းဒယိုင်နှင့် လျှောက်လာသော ဘယ်လ်ဂျီယံ တောသား အဘိုးကြီးတစ်ယောက်သည် တဲအနီးသို့ ချဉ်းကပ်လာလေ၏။ အနီးသို့ ရောက်သောအခါ အဘိုးကြီးသည် အရာရှိနှစ်ယောက် တို့အား ဘယ်လ်ဂျီယံ ဘာသာစကားဖြင့် ကရားရေသွန် ပြောကြားလေ ရာ ၎င်းစကားကို ကောင်းစွာ မတတ်ကျွမ်းသော အရာရှိနှစ်ယောက်တို့ မှာ တစ်ယောက် မျက်နှာကို တစ်ယောက်ငေးကာ ကြည့်နေကြလေ၏။ နောက်ဆုံး၌၊

နယ်။ ။ "မဖြစ်ပါဘူး စကားပြန်ခေါ်ဦးမှာပဲ၊ ဟဲလို အော်ဒလီ"

ကာနယ်သည် အော်ဒလီအား စကားပြန်ကို သွားခေါ်စေ၍ စကားပြန်ရောက်လာသောအခါ

နယ်။ ။ "မေးစမ်းပါဦးကွယ်၊ ဘာတဲ့လဲ ဒီအဘိုးကြီးက"

စကားပြန်သည် အဘိုးကြီးအား မေးမြန်းစစ်ဆေးပြီးနောက် အရာရှိများဘက်သို့ လှည့်၍

ပြန်။ ။ "ဂျာမန်စစ်တပ်နောက်မှာ သူ့ငွေတစ်သောင်း မြှုပ် ထားတာ ရှိတယ်တဲ့ ကာနယ်"

နယ်။ ။ (ရယ်မောလျက်) "မြှုပ်ထားတဲ့ငွေကို ငါတို့လှူပေမဲ့ ငါတို့ သွားမယူနိုင်ဘူးလို့၊ သို့သော် ကျေးဇူးတင်ပါတယ်လို့ ပြောလိုက် ပါကွယ်"

စကားပြန်သည် ကာနယ်၏ပြောစကားကို ဘာသာပြန်ပြော လျက်ရှိစဉ် ကာနယ်သည် အဘိုးကြီးက မျက်စပစ်၍ ပြလိုက်သည်ကို မြင်သည်နှင့် စကားပြန်အား

နယ်။ ။ "ကဲ ကဲ နေပါစေတော့ကွယ် ငါတို့ပဲ တော်အောင် ကြည့်လုပ်လိုက်ပါတော့မယ်၊ မင်း သွားပါတော့"

စကားပြန်လည်း ခပ်အမ်းအမ်း အမူအရာနှင့် ထွက်သွားလေရာ အဘိုးကြီးသည် အရာရှိများ အနီးသို့ ကပ်လာလေ၏။

ဂျာ။ ။ "ဟဲလို၊ ဟဲလို၊ ဟဲလို"

နယ်။ ။ (စိတ်တိုဟန်နှင့်) "ဘယ်လို ရည်ရွယ်ချက်များနဲ့ မောင့်ကိုယ်မောင် ရုပ်ဖျက်ရတာလဲ မောင်၊ ပြောပါဦး"

ဂင်။ ။ "ဘယ်လ်ဂျီယံတောသားကြီးနဲ့ တူ မတူ လက်တွေ့ စမ်းသပ်ကြည့်ချင်လို့ပါ ကာနယ်၊ ယခုတော့ စကားပြန်က ထောက်ခံ ချက် ပေးသွားလို့ ကျွန်တော် ဝမ်းမြောက်ပါတယ်"

နယ်။ ။ "အေး အေး၊ တူလွန်းအားကြီးလို့ သေနတ်နဲ့ အပစ် ခံနေရမှာ စိုးရသေးတယ်၊ ဒါထက် မောင်က အလုပ်နည်းလို့ အပျင်း ပြေ သဘောနဲ့ လူတွေ လိုက်စမ်းနေတာလား၊ ပြောစမ်းပါဦး"

ဂင်။ ။ "အထဲဝင်ကြရင် ကောင်းပါလိမ့်မယ် ကာနယ်၊ ကျွန်တော်တစ်ခု တောင်းစရာရှိပါတယ်"

တဲတွင်းသို့ ရောက်ကြသောအခါ တောသားယောင်ဆောင်ထား သော မော်ဂင်သည် တစ်နာရီခန့်မျှ ကြာသည့်တိုင်အောင် မိမိ၏ အကြံအစည်ကို မြေပုံများနှင့်တကွ ရှင်းလင်းပြောပြလေ၏။ ပထမ၌ အရာရှိနှစ်ယောက်တို့သည် မယုံကြည်နိုင်ခြင်း၊ မကျေနပ်နိုင်ခြင်းတည်း ဟူသော အမူအရာမျိုးပြလျက် ရှိကြရာမှ မော်ဂင်၏ စိတ်အားထက် သန်သော အမူအရာ၊ တည်ကြည်တင်းမာသော မျက်လုံး၊ မိမိအလုပ်

ကို မိမိအလွန်တရာ ယုံကြည်စိတ်ချလှသည့် မျက်နှာထားစသည်တို့ကို တွေ့မြင်ကြရလျှင် အရာရှိနှစ်ယောက်တို့သည် တဖြည်းဖြည်း ငြိမ်၍ ငြိမ်၍ သွားကြလေ၏။ နောက်ဆုံး၌

ဂင်။ ။ "အချုပ်မှာတော့ ကံတစ်ခုပဲ ကာနယ် ကံကောင်း ထောက်မရင်တော့ ကျွန်တော့် အကြံအစည် အောင်မြင်မှာပါပဲ၊ အကြံ အထမမြောက်ရင် ကျွန်တော်တစ်ယောက်ပဲ သေဖို့ရှိတယ်၊ အထ မြောက်ရင် ဘယ်လောက် အကျိုးရှိမယ်ဆိုတာ ကာနယ်တို့သိပြီးပဲ၊ အကျိုးနဲ့ဒုက္ခ မှု မမှုကိုသာ ချင့်ချိန်ပြီး ဆုံးဖြတ်ကြပါတော့"

နယ်။ ။ "မင်း ပြောပုံအတိုင်းဆိုလျှင် မင်းအကြံအထမြောက် ရင်တောင် မင်းရှင်နိုင်ဖို့ ဘယ်မှာရှိသလဲ မော်ဂင်"

ဂင်။ ။ "ကျွန်တော်ပါ တစ်ခါတည်း ပေါက်ကွဲတဲ့ထဲပါသွားဖို့ မှတ်လို့လား၊ ဒီလို မဟုတ်ပါဘူး ကာနယ်၊ လွတ်ဖို့နည်းလမ်းတော့ နည်းတယ်ပေါ့လေ၊ သို့သော် သေချာပေါက် သေဖို့တော့ မဟုတ် ပါဘူး"

နယ်။ ။ "ရူးတော့ရူးတဲ့လူပဲဟေ့၊ သို့သော် လူရူးသက်သက် မဟုတ်ဘဲ အရဲဖက်လေတော့ မိုက်ရူးရဲ ခေါ်ရပေမှာပေါ့ကွယ်"

ဂင်။ ။ "ခေါ်ချင်သလို ခေါ်တာပေါ့ကာနယ်၊ အခွင့်တော့ ပေးမယ် မဟုတ်လား"

နယ်။ ။ "ငါနဲ့ ဆိုင်သလောက်တော့ အခွင့်ပေးတယ်မောင်၊ အထက်က တာဝန်တော့ ငါ မခံနိုင်ဘူး"

ကာနယ်နှင့် မေဂျာတို့သည် အရာရှိကြီးများဖြစ်ကြသည့် အလျောက် တုန်လှုပ်သော အမူအရာမပြကြသော်လည်း တိုင်းပြည်နှင့် ဘုရင်အတွက် အသက်ကို စွန့်လွှတ်မည် ကြံစည်သော မော်ဂင်၏ မျက်နှာထားနှင့် အမူအရာတို့ကို တွေ့မြင်ရခြင်းအားဖြင့် ဝမ်းထဲက

မတုန်လှုပ်ဘဲ မခံနိုင်ကြချေ။

ထိုအချိန်သို့ တိုင်အောင် မော်ဂင်၏ အသက်ကိုစွန့်လွှတ်ခဲ့ဖူးသော အကြိမ်ပေါင်းမှာ ၁၀ ကြိမ်ထက် နည်းမည်မဟုတ်ပေရာ ထူးခြားသော အခြင်းအရာတစ်ခုမှာ မော်ဂင်သည် မိမိစွန့်စားဆောင်ရွက်ခဲ့ဖူးသော အလုပ်များအတွက် ဘယ်အခါမျှ အသားယူကာ ကြွားဝါပြောဆိုဖူးခြင်း မရှိချေ။ သူတစ်ပါးက မေးမြန်းသောအခါတွင်မှ မော်ဂင်သည် ပျင်းရိစွာနှင့် ပြောပြလေ့ရှိ၏။ စွန့်စားရသော အလုပ်တစ်ခုကို ဆောင်ရွက်ရသည့်အခါတိုင်း မော်ဂင်သည် အောင်မြင်ထမြောက်ပါစေဟူ၍ စိတ်အားထက်သန်စွာ ရှိလှဟန် လက္ခဏာမရှိ။ အောင်လျှင် အောင်စေ၊ မအောင်၍ သေလျှင်လည်း ပြီးစေ "စောစောသေ စောစောအိပ်ရသည်" ဟု ဓာတ်သမားများ၏ စိတ်သဘောမျိုး ထားဟန်ရှိ၏။ သေမင်းနှင့် ရင်ဆိုင်ယှဉ်ပြိုင်ရတိုင်း မိမိက အနိုင်ရခဲ့သည်သာလျှင် ရှိနေခဲ့သောကြောင့် *မော်ဂင်က သေမင်းအား "ဘယ့်နှယ်လဲ ဆရာကြီး* ခင်ဗျား နာမည်ကြီးသလောက် မစွမ်းပါပဲတကား၊ ဒီလိုဆိုလျှင် ခင်ဗျားကို လူမလေး ခွေးမခန့် ဖြစ်ကုန်ကြလိမ့်မယ်၊ တစ်ချီတစ်ဘွဲ့ ဘုန်းစွမ်းနဲ့ လူစ ပြလိုက်ဦးမှာပေါ့" ဟူ၍ ပြောသေးဟန် လက္ခဏာ ရှိပေ၏။ ဤမျှလောက် တော်ပြလျှင် မော်ဂင်၏ ပမာမခန့်ရှိသော သတ္တိစွမ်းကို ရိပ်မိတန်လောက်ကောင်းပေပြီ။

ပီတာဆင်ဆိုသူ၏အကြောင်းကို မော်ဂင် ပြောဖူးကြောင်း မှတ်မိကြပေလိမ့်မည်ဖြစ်ရာ ပီတာဆင်မှာ လေယာဉ်ပျံဘက်၌ အမှုထမ်းကောင်းသော မော်ဂင်၏ သူငယ်ချင်းတစ်ယောက်ဖြစ်ပေသည်။ မော်ဂင်သည် အထက်အရာရှိများထံမှ ခွင့်ပြုချက်ရအောင် အမျိုးမျိုး ကပ်ရပ်ကြံစည်၍ လက်မှတ်များ အပြည့်အစုံရရှိသောအခါ ပီတာဆင်နှင့် တိုင်ပင်လေ၏။ မော်ဂင်၏အကြံမှာ မှောင်မိုက်သော ညဉ့်တစ်ညဉ့်

တွင် လေယာဉ်ပျံနှင့် ကောင်းကင်သို့ တက်၍ ဂျာမန်စစ်မျက်နှာကို ကျော်လွန်ပြီးလျှင် ဂျာမန်စစ်တပ်၏ နောက်တစ်နေရာရာ၌ လေထီးနှင့် ဖြုတ်ချရန် ဖြစ်လေသည်။

သို့ဖြစ်၍ မော်ဂင်သည် ပီတာဆင်နှင့် တိုင်ပင်ပြီးလျှင် အထူး မိုးမှောင်ကျသော ညဥ့်တစ်ညဥ့်တွင် အလိုရှိသော ကိရိယာတန်ဆာ များကိုယူ၍ လူနှစ်ယောက်တို့သည် ကောင်းကင်သို့ ပျံတက်ကြလေ ၏။ ဂျာမန်စစ်မျက်နှာကို ကျော်လွန်ကြသောအခါ ကံအားလျော်စွာ ဂျာမန်တို့က သတိပြုမိကြဟန် မရှိချေ။ အကြောင်းမူကား မော်ဂင်တို့ ပျံတက်သောအချိန်မှာ သန်းခေါင်ကျော် နာရီပြန် ၂ ချက် အချိန် ဖြစ်ပေသောကြောင့်တည်း။

လေယာဉ်ပျံသည် ဂျာမန်စစ်မျက်နှာကို ကျော်လွန်၍ နာရီ သုံးမတ်ခန့် ပျံသန်းမိကြသောအခါ မော်ဂင်သည် ပီတာဆင်၏ပခုံးကို ပုတ်လျက် အချက်ပေးလေ၏။ ထိုအခါ၌ကား လေယာဉ်ပျံသည် မြေပေါ်နှင့် ပေပေါင်း ၃ ထောင်ကျော်ခန့် မြင့်လျက်ရှိရာ မိုးမှောင်ကျ သော ညဥ့်ဖြစ်သောကြောင့် ကောင်းကင်၌ ကြယ်လည်းမမြင်၊ လ လည်း မမြင်၊ မြေပြင်၌ မီးရောင်ဟူ၍လည်း တစ်စွန်းတစ်စမျှ မမြင်ရ ချေ။ ထူးခြားသော အခြင်းအရာတစ်ခုမှာ မော်ဂင်သည် လေယာဉ်ပျံ ဟူ၍ တစ်ခါမှ မစီးဖူးပါဘဲလျက် ပေ ၃ ထောင် အမြင့်မှ ခုန်ချရန် အကြံပြုဝံ့ခြင်းပင် ဖြစ်ပေသည်။

မော်ဂင်သည် ကိရိယာတန်ဆာများကို အင်္ကျီအိတ်တွင်ထည့်၍ လေထီးထုပ်ကို ကျောပေါ်၌ပိုးလျက် မှောင်အတိပြီးသော ကောင်းကင် ခရီးမှ ချရန် ပြင်ဆင်လေရာ လေယာဉ်ပျံကို နေအိမ်သဖွယ် မှတ်ထင် နေသော ပီတာဆ ‌င်ပင်လျှင် သူ့အစား ကျောချမ်းမိသေးသည် ဆို၏။

မော်ဂင်သည် ပီတာဆင်အား နှုတ်ဆက်ပြီးနောက် ပေ ၃

ထောင်ကျော်မြင့်သော ကောင်းကင်ထက်မှ ဘာမျှ မမြင်ရသော မှောင်ရိပ်ကြီးထဲသို့ လေထီးထုပ်ကို ကျောပိုးလျက် ခုန်ဆင်းလိုက်လေ၏။ လေထီးမပွင့်မီ ခဲလုံးကို ပစ်ချလိုက်ဘိသကဲ့သို့ တစ်ဟုန်တည်း ထိုးကျသွားပြီးနောက် တစ်ကိုယ်လုံး ပတ်ဆိုင်း၍ထားသော သားရေကြိုးများသည် မော်ဂင်၏တစ်ကိုယ်လုံးကို ဆောင့်၍ ထုတ်လိုက်ဘိသကဲ့သို့ ကျိုးကျိုးကျိုကျို မြည်သွားလေ၏။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ လေထီးပွင့်သွားသောကြောင့်ပေတည်း။

လေထီးပွင့်ကြောင်း သိရသည်နှင့် တစ်ပြိုင်နက် မော်ဂင်မှာ တုန်လှုပ်ဖွယ် အကောင်းဆုံးသော အချိန်အပိုင်းအခြားကို ကျော်လွန်ခဲ့ရာ ရှေ့အဖို့၌မူကား တအိအိ လျှောကျနေသော လေထီးအောက်မှ ခိုလျက် လိုက်ရုံမျှရှိတော့၏။ မော်ဂင်သည် မီးရောင်တစ်ခုတလေမျှ မမြင်မတွေ့ရသောကြောင့် မြေကြီးသို့ ချဉ်းကပ်လာသော်လည်း နီးကပ်လာကြောင်း မသိရဘဲရှိရာ ခြေထောက်နှင့် မြေကြီးထိ၍ ဒူးနှစ်ဖက်က မေးစေ့ကို ဆောင့်မိသောအခါမှသာလျှင် အောက်သို့ ရောက်လာကြောင်း သိရှိရလေ၏။

ပီတာဆင်မှာမူ ကောင်းကင်၌ တစ်ပတ်နှစ်ပတ် ပျံဝဲပြီးနောက် မိမိ၏ သူငယ်ချင်း ချောမောစွာ ရောက်ပါစေဟူ၍ ဆုတောင်းရုံမျှ တောင်းပြီးလျှင် အင်္ဂလိပ်စစ်တပ်ဘက်သို့ ပျံသန်းသွားလေ၏။

မော်ဂင်သည် မြေပြင်သို့ ဆိုက်ရောက်ပြီးနောက် အရှေ့မျက်နှာမှ ထွက်လာသော ရောင်နီ၏အရောင်တွင် မိမိရောက်ရာ ဌာနကို စုံစမ်းကြည့်ရှုရာ ကံအားလျော်စွာ ထွန်ယက်ပြီးစ လယ်ကွက်တစ်ခု၏ အလယ်သို့ ရောက်နေကြောင်း တွေ့ရှိရလေ၏။ လင်းသည်ထက် အနည်းငယ် လင်းအောင် စောင့်ဆိုင်းပြီးနောက် မော်ဂင်သည် လေထီးကို အထုပ်ဖြစ်အောင် ခေါက်သိမ်းကာ ကျောပေါ်တွင်ပိုးလျက် မနီး

မဝေးတွင် တွေ့မြင်ရသော ပေါင်းကူးတံတားကလေးဆီသို့ လျှောက်လာ၍ တံတားအောက်မှ ချောင်းထဲတွင် လေထီးထုပ်ကို ဝှက်ထားခဲ့၏။ မော်ဂင်သည် လေထီးကို တစ်ဖန်အသုံးပြုရန် အလုပ်မရှိသော်လည်း လယ်ပြင်ထဲ၌ လေထီးကြီးတစ်စင်းကို ဂျာမန်တို့ မြင်တွေ့ခဲ့လျှင် သင်္ကာမကင်း ဖြစ်မည်စိုးသောကြောင့် ဝှက်ထားရခြင်း ဖြစ်လေသည်။

ငင်းနောက် မော်ဂင်သည် တောလမ်းကလေးတစ်လျှောက် လျှောက်လာ၍ လမ်းဆုံသို့ ရောက်သောအခါ လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့မြင်ရလေ၏။ ငင်းနယ်ပယ်၏မြေပုံကို နေ့ရက်များစွာ လေ့ကျက်မှတ်သားလာခဲ့သော မော်ဂင်အဖို့မူကား ငင်းဆိုင်းဘုတ်ကို မြင်ကာမျှနှင့်ပင် မိမိ ဘယ်နေရာသို့ ရောက်နေကြောင်းကို တစ်ခါတည်း သိနိုင်လေ၏။

ထိုအချိန်၌မူကား ကြဲကြဲကြီးလင်း၍ နေထွက်လုနီးလေပြီ။ မော်ဂင်သည် ယခင်က တောသားအဘိုးကြီး၏ အဝတ်အစားအတိုင်း တောသားဟန်ပါပါ လျှောက်လာစဉ် ဂျာမန်စစ်သားတစ်ယောက်နှင့် ရင်ဆိုင်တွေ့လေ၏။

(ဤနေရာ၌ ရှင်းလင်းရန် တစ်ခုလို၏။ ထိုစဉ်အခါက ဂျာမန်တို့သည် ဘယ်လ်ဂျီယံကိုဖြတ်ကျော်လျက် ပြင်သစ်ပြည်ဘက်သို့ ချီတက်နေဆဲဖြစ်ရာ သာမန်စစ်တပ်ကြီး စစ်စခန်းချထားသောနေရာမှာ ဘယ်လ်ဂျီယံပြည်နယ် နိမိတ်အတွင်းဖြစ်၍ မော်ဂင်ရောက်နေသော နေရာမှာလည်း ဘယ်လ်ဂျီယံ နယ်နိမိတ်အတွင်းပင် ဖြစ်လေသည်။ မော်ဂင်နှင့် အင်္ဂလိပ်စစ်တပ်ကြီးအကြားတွင် ဂျာမန်စစ်တပ်ကြီးတစ်ခုလုံး ခြားလျက်ရှိကြောင်းကို ဖတ်ရှုသူများကို သိရှိပြီး ဖြစ်လိမ့်မည်။)

ဂျာမန်တို့သည် မိမိတို့ချီတက်လာခဲ့သော ဘယ်လ်ဂျီယံပြည်

အတွင်းမှ ဘယ်လ်ဂျီယံ တောသားများအပေါ်တွင် ဘယ်ကဲ့သို့ သဘောထားကြသည်ဟု မော်ဂင် မသိရသေးသောကြောင့် ဂျာမန် စစ်သားနှင့် ရင်ဆိုင်အတွေ့တွင် အတော်ကလေး စိုးရိမ်မိ၏။ ဂျာမန် စစ်သားက စော်စော်ကားကားနှင့် နိုင်လိုမင်းထက် ပြုကျင့်ခဲ့ပါမူ မော်ဂင်မှာ မိမိ၏ အကြံကြီး ပျက်စီးသွားမည် စိုးသောကြောင့် မနည်းပင် အောင့်အည်း သည်းခံရပေလိမ့်မည်။ သို့ရာတွင် ကံအားလျော်စွာ ဂျာမန်စစ်သားသည် တောသားအဘိုးကြီးအသွင် ဝတ်ဆင်ထားသော မော်ဂင်အား အလျဉ်းပင် ဂရုမစိုက် ပမာမပြုဘဲ လျှောက်မြဲတိုင်း လျှောက်သွားသောကြောင့် မော်ဂင်မှာ တော်ပါသေး၏ဟု အသက်ရှူ ချောင်သွားလေ၏။ ၎င်းနောက် ဂျာမန်မြင်းတပ်စစ်သား၊ အမြောက် တပ် စစ်သား၊ ခြေလျင်တပ်စစ်သားများနှင့် တွေ့ပြန်သော်လည်း မည်သူကမျှ မော်ဂင်အား ဂရုမစိုက်ကြချေ။

၎င်းနေ့ မွန်းတည့်အချိန်ခန့်တွင် မော်ဂင်လည်း တော်နေမြို့သို့ ဆိုက်ရောက်လာလေ၏။ မော်ဂင်အဖို့ ကံကောင်းသော အချက်တစ်ခု မှာ စစ်မဖြစ်သေးမီလွန်ခဲ့သော ၃ နှစ်ခန့်အခါက မော်ဂင်သည် ၎င်း မြို့သို့ အလည်အပတ် ရောက်ခဲ့ဖူး၍ ထမင်းဆိုင်ရှင် မုဆိုးမကြီးတစ် ယောက်နှင့် သိကျွမ်းခဲ့ဖူး၏။ ၎င်း မုဆိုးမကြီးသည် ပြင်သစ်နှင့် အင်္ဂလိပ်ဘက်သို့ မေတ္တာထားကြောင်းကိုလည်း မော်ဂင်သိ၏။ သို့ ဖြစ်၍ မော်ဂင်၏အကြံမှာ မုဆိုးမကြီး၏အိမ်၌ တည်းခိုပြီးလျှင် အကယ်၍ အရေးအကြောင်း တစ်စုံတစ်ရာ ဖြစ်ပေါ်လာကာ မိမိအား နိုင်ငံခြားမှ ပြန်ရောက်လာသော ၎င်း၏ မောင်တစ်ယောက်ဖြစ်သည်ဟု ဝန်ခံစေရန် သွန်သင်မှာကြားထားဖို့ ဖြစ်လေသည်။

မော်ဂင်သည် မုဆိုးမကြီး၏ ထမင်းဆိုင်သို့ရောက်၍ အခွင့်သာ သည်နှင့် တစ်ပြိုင်နက် အဖြစ်အပျက်ကို မုဆိုးမကြီးအား ပြောပြလေရာ

မုဆိုးမကြီးမှာ ဂျာမန်စစ်သားတို့၏ လက်ချက်ကြောင့် တူတစ်ယောက် သေဆုံးထားဖူးသူ ဖြစ်လေရကား မော်ဂင်၏အကြံကို လိုက်နာရန် စိတ်အားထက်သန်စွာနှင့် သဘောတူညီလေ၏။ အကယ်၍ အလိမ် ပေါ်ခဲ့လျှင် အသတ်ခံရမည့်အကြောင်းကို မုဆိုးမကြီး သိသော်လည်း ကူညီ၍ လိမ်ပေးလိုခြင်းကိုထောက်သဖြင့် ဂျာမန်များအပေါ်၌ မည်မျှ လောက် မုန်းထားလျက်ရှိကြောင်း ထင်ရှားပေ၏။

မော်ဂင်၏အကြံအစည်ကို ကူညီထောက်ပံ့ရာရောက်သော အချက်တစ်ခုမှာ အမြောက်တင်ရထားတွဲများကို အလိုရှိရာ ထိုမှဤမှ ရွှေ့ပြောင်းပေးရန် တာဝန်ရှိသော ဂျာမန်စစ်သားတစ်စုတို့သည် မုဆိုးမ ကြီး၏ ထမင်းဆိုင် (ဟိုတယ်ကလေး) သို့ လာရောက်၍ အားလပ် သောအချိန်ကို ဘီယာသောက်ရင်း ဖြုန်းလေ့ရှိကြ၏။ ၎င်း စစ်သား တစ်စုမှာ အမြောက်များကို ထိုမှဤမှ ရွှေ့ပြောင်းပေးရသော အလုပ်မှ တစ်ပါး အခြားအလုပ် မရှိကြသောကြောင့် တော်နေမြို့၌ အမြောက် များသိုထားသည့် အခိုက်အတန့်တွင် လုံးလုံးလိုပင် အားလပ်နေကြ ရကား ၎င်းဟိုတယ်ကလေးတွင် သောက်စားမူးယစ်နေကြသူများပေ ၏။ ယင်းသို့ဖြစ်ရကား မော်ဂင်သည် မုဆိုးမကြီး၏အလုပ်ကို ကူညီ လုပ်ကိုင်ပေးရင်း အမြောက်တပ်စစ်သားများ ပြောစကားကို တစောင်းမှ အမှတ်မဲ့ နားထောင်မှတ်သားထားလေ၏။

တစ်နေ့တစ်၌ မော်ဂင်သည် မြေပုံတွင် တွေ့ထားသော တံတား ကို ကိုယ်တိုင် သွားရောက်ကြည့်ရှုလေ၏။ တံတားမှာ မော်ဂင်၏ တွက်ကိန်းအတိုင်း အစောင့်အရှောက်များရှိငြားသော်လည်း ခပ်ပေါ့ပေါ့ ဆောင်ရွက်တတ်သော ဂျာမန်စစ်သား အညံ့စားများသာ ဖြစ်ကြောင်း တွေ့ရလေ၏။ ၎င်းအလုပ်မှာ တာဝန်မကြီးလှသော အလုပ်မျိုးဖြစ် သောကြောင့် သင်ခါစ စစ်သားမျိုးထားလျှင် လုံလောက်ပြီဟု မှတ်ယူ

ဟန် ရှိပေသည်။

မော်ဂင် ဆိုက်ရောက်ပြီးနောက် တနင်္ဂနွေတစ်ပတ်ခန့် ကြာသော အခါ အမြောက်စစ်သားများ ပြောင်းရွှေ့ရမည့် သတင်းကို မော်ဂင် ကြားသိရလေ၏။ ၎င်းတို့ ပြောင်းရွှေ့လျှင် အမြောက်တွဲများလည်း ပါသွားမည့်အကြောင်း မော်ဂင် သိရှိပြီးဖြစ်ရာ၊ ပြောင်းရွှေ့မည့်အချိန်မှာ သန်းခေါင်အချိန်ဆိုသောကြောင့် မော်ဂင်၏ အကြံအစည်အတွက် တမင်ဖန်တီးပေးခြင်းနှင့် တူလှပေ၏။

သို့ဖြစ်၍ ပြောင်းရွှေ့မည် ညဥ့် ၉ နာရီအချိန်တွင် မော်ဂင်သည် ဟိုတယ်မှ ထွက်လာ၍ တံတားဆီသို့ လျှောက်သွားလေ၏။ တံတား အနီးသို့ ရောက်သောအခါ စန္ဒလီ စောင့်လျက်ရှိသော စစ်သားသည် မော်ဂင်အား ထုံးစံအတိုင်း ရပ်တန့်မေးမြန်းလေရာ မော်ဂင်ကလည်း အရက်မူးလေဟန်နှင့် မေးခပ်လေးလေး ပြန်ပြောလေ၏။ ထိုအခါ မော်ဂင်သည် ချိုင်းအောက်တွင် တစ်ဖက်တစ်ချက် ပိုက်ကာ ယူဆောင် လာခဲ့သော ဘီယာပုလင်းနှစ်လုံးကို ထုတ်၍ ငါးသေတ္တာအမြည်းများ နှင့်တကွ တိုက်ကျွေးလေရာ အစောင့်စစ်သားလည်း ချမ်းအေးသော ညဖြစ်သည့်အလျောက် ဝမ်းမြောက်ဝမ်းသာ ယူသောက်လေ၏။

စစ်သားသည် ဘီယာပုလင်းကို မော့လျက်ရှိစဉ် မော်ဂင်သည် အင်္ကျီအောက်တွင် ဝှက်ယူခဲ့သော သံပြွန်တိုတစ်ချောင်းနှင့် ကုပ်ပိုးကို တအားချလိုက်ရာ ၎င်းဘီယာသည် ထိုစစ်သားအဖို့ နောက်ဆုံးသော သောက်စားခြင်းဖြစ်ရလေ၏။ ၎င်းနောက် မော်ဂင်သည် စစ်သား၏ အဝတ်များကို လျင်မြန်စွာ ချွတ်ခွာ၍ မိမိကိုယ်တွင် ဝတ်ဆင်ပြီးလျှင် စစ်သားအလောင်းကို ချောင်းကမ်းပါးရှိ ချုံတစ်ချုံထဲသို့ လှိမ့်ချလိုက် လေ၏။ ထို့နောက်မော်ဂင်သည် စစ်သား၏သေနတ်ကို ထမ်းလျက် ၎င်း၏နေရာတွင် စန္ဒလီစောင့်၍ နေလေ၏။

အထက်တွင် ဖော်ပြပြီးသည့်အတိုင်း အစောင့်စစ်သားများသည် အညှံ့စားစစ်သားများဖြစ်လေရကား အလှည့်မကျသော စစ်သားများ သည် အိပ်ရာ၌မှေ့နေကြ၍ အလှည့်ပြီးသော စစ်သားက သွား၍ နှိုး သောအခါမှ ထလာတတ်ကြ၏။ မော်ဂင်မှာမူ မည်သူ့ကိုမျှ နှိုးမနေဘဲ ကျေနပ်စွာဆက်လက်၍ စောင့်နေမည့်အကြောင်းမှာ ယုံမှားဖွယ် မရှိ ချေ။

စိုးရိမ်ဖွယ် တစ်စုံတစ်ရာမျှ မမြင်ရသည်နှင့် တစ်ပြိုင်နက် မော်ဂင်သည် တံတားအနီးသို့ ချဉ်းကပ်၍ ဖောက်ခွဲရန် ကိရိယာ တန်ဆာများကို ရထားသံလမ်းတစ်ဖက်တွင် တပ်ဆင်လေရာ မိနစ် ၂၀ ခန့်အတွင်းတွင် အလုံးစုံတပ်ဆင်ပြီးစီးလေ၏။ မော်ဂင်သည် ဘက်ထရီလျှပ်စစ်အားဖြင့် ကိုက် ၃၀ ခန့်ခရီးမှ ရပ်နေရင်း ဓာတ်ကြိုး ဖြင့် သွယ်ကာ ဖောက်ခွဲရန် စီမံထားရာ ပေါက်ကွဲမည့်နေရာနှင့် ကိုက် ၃၀ ဝေးကွာလျှင် မိမိ အသက်အန္တရာယ်ကို ကာကွယ်ရန် လုံလောက် ပြီဟု ခန့်မှန်းထား၏။ သို့ဖြစ်၍ မော်ဂင်သည် ကိရိယာတန်ဆာများ ကို သံလမ်းတွင် တပ်ဆင်ပြီးနောက် ကိုက် ၃၀ ခရီးမှ ဘက်ထရီခလုတ် နှင့် အဆင်သင့် စောင့်နေလေ၏။

၎င်းအချိန်အပိုင်းအခြားသည်ကား မော်ဂင်အဖို့ အတုန်လှုပ်ဆုံး သော အချိန်အပိုင်းအခြားပင် ဖြစ်လေသည်။ တုန်လှုပ်ခြင်းမှာ ကြောက် ရွံ့ခြင်းကြောင့် အလျဉ်းမဟုတ်။ မိမိအကြံကြီး ထမြောက်ပါမည်လော ဟု တွေးတောစိုးရိမ်မိသောကြောင့်မျှသာ ဖြစ်လေသည်။

၁၂ နာရီထိုးပြီသည်နှင့် တစ်ပြိုင်နက် မီးရထားသည် မှောင်ကြီး မည်းမည်းကြီးတွင် မော်ဂင်ရှိရာသို့ ခပ်ဖြည်းဖြည်း ခုတ်နှင်လာလေ၏။ မော်ဂင်မှာမူကား တံတားဦးတွင် ရပ်နေလေ၏။ အနီးသို့ ရောက်လာ သောအခါ ဒရိုင်ဘာသည် မော်ဂင်အား နှုတ်ဆက်သောအားဖြင့် လက်

များကို ယမ်း၍ပြရာ မော်ဂင်ကလည်း ပြန်၍ ယမ်းပြလိုက်သေး၏။ ၎င်းနောက် မော်ဂင်သည် ဘက်ထရီခလုတ်ပေါ်တွင် လက်တင်ကာ စောင့်လျက်ရှိရာ မီးရထားခေါင်းတွဲသည် မိမိအလိုရှိသော နေရာနှင့် တည့်တည့်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မော်ဂင်သည် ခလုတ်ကို နှိပ်လိုက်လေ၏။ ထိုခဏ၌ အမြောက်ကြီး ၁၀ လက်ခန့် တစ်ပြိုင်နက် တည်းဆိုင်၍ ပစ်လိုက်ဘိသကဲ့သို့ နားကွဲမတတ် ဆူညံလှစွာသော အသံကြီးကို ကြားရပြီးနောက် မီးတောက်မီးလျှံတို့သည် ရထား ခေါင်းတွဲ၏ ရှေ့ဘီးများအောက်မှ ခုန်ပေါက်ထွက်ပေါ်လာကြကုန်၏။ ဒရိုင်ဘာမှာမူ ဘာဖြစ်မှန်းကိုမှ သိဟန်မရှိသဖြင့် ဘာကိုမှ လုပ်လိုက်ဖို့ အချိန်မရချေ။ ဒိုင်းခနဲ မြည်ဟိန်း၍ ဟုန်းခနဲမီးထတောက်ပြီးနောက် သံလမ်းတစ်ဖက် ပြုတ်ထွက်အသွားတွင် ရထားခေါင်းတွဲသည် တစ် ဖက်သို့ စောင်းငဲ့ချိုးဆင်းလျက် အောက်ခြေမှ ဘာမျှမရှိသော လေထဲ တွင် လက်ဖျစ်တစ်တွက်ခန့်မျှ တန့်ရပ်ကာ တည်သလို နေလိုက်သေး ၏။ နောက်တစ်ခဏ၌မူကား ရထားခေါင်းတွဲကြီးသည် ချောင်းထဲသို့ ဦးစိုက်ကာ ဇောက်ထိုးမိုးမျှော် ထိုးဆင်းသွားလေရာ အမြောက်တင် ရထားကြီး ၆ တွဲသည်လည်း ခေါင်းတွဲကြီးနောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားကြလေကုန်၏။ ဒ.မြောက်တွဲများ ထိုးဆင်းပြီးနောက် အမြောက်တပ်သားများ စီးနင်းလိုက်ပါသည့် နောက်ဆုံး တွဲ ၃ တွဲ သည်လည်း ရှေ့တွဲများ သွားရာလမ်းသို့ ဒလဟောကြီး ထိုးဆင်းကြ လေရာ အိပ်ရာမှ အလန့်တကြား နိုးလာ၍ ငယ်သံပါအောင် ဟစ်အော် ကြသော စစ်သားများ၏ ညည်းညူသံ ကျိန်ဆဲသံတို့မှာလည်း တဝုန်း ဝုန်း တဗုန်းဗုန်း မြည်လျက်ရှိသော ရေသံများအကြားမှ စူးစူးဝါးဝါး ပေါ်ထွက်လာသေးသည်ဟု မော်ဂင်ထင်မှတ်မိ၏။

အပြင်းအထန် ဆူညံပြီးနောက် ဖြစ်ပေါ်လာသော တိတ်ဆိတ်


ခြင်းသည် မော်ဂင်၏ နားထဲ၌ သည်းမခံနိုင်လောက်အောင် ရှိနေရကား မော်ဂင်သည် ဟိုတယ်သို့ သုတ်ခြေတင်၍ ပြန်လာခဲ့လေ၏။ ညတွင်းချင်းပင် မော်ဂင်က မုဆိုးမကြီးအား ပြောပြရာ မုဆိုးမကြီးက "ငါ့တူ သတ်တာနဲ့ ကျေကြရော" အားရဝမ်းသာ ပြောသေး၏။

မော်ဂင်သည် ကိစ္စပြီးလျှင်ပြီးချင်း တစ်ခါကည်း ပြန်လာခဲ့ပါမူ မုဆိုးမကြီးအပေါ်၌ ဂျာမန်တို့က သက်ာမကင်းရှိမည်စိုးသောကြောင့် လေးငါးရက်မျှ အခြေမပျက် ဆက်လက် နေထိုင်ရသေး၏။ ထိုရက်အတောအတွင်း ဂျာမန်အရာရှိများက တံတားကင်းစောင့်အလုပ်နှင့် ပတ်သက်သော စစ်သားဟူသမျှကို သေနတ်နှင့် ပစ်သတ်စီရင်ခြင်းများကိုလည်း မော်ဂင် တွေ့မြင်ခဲ့ရသေး၏။

၄၊ ၅ ရက်ခန့် ကြာရှိသောအခါ မော်ဂင်သည် မုဆိုးမကြီး၏ ကျေးဇူးကို မမေ့ကြောင်း ပြောဆိုနှုတ်ဆက်၍ ဒတ်ချ်နယ်စပ်သို့ ကူးလာခဲ့လေ၏။ လမ်းခရီး၌ ဘယ်လ်ဂျီယံ ရွာကလေးများတွင် တည်းခိုစဉ် တံတားကြီးပြိုကျသည့် အတ္ထုပ္ပတ္တိကို မျက်မြင်ကိုယ်တွေ့တစ်ဦး အနေဖြင့် ပြန်ပြောင်းပြောပြခြင်းအားဖြင့် စားအိမ်မရှား၊ သောက်အိမ်မရှား ဖြစ်ခဲ့သေး၏။ နောက်ဆုံး၌ ဒတ်ချ်သင်္ဘောကြုံတစ်စင်းနှင့် အင်္ဂလန်ပြည်သို့ ပြန်လာခဲ့ရာ မကြာမီအတွင်း အင်္ဂလိပ် စစ်မှုထမ်းများ အထူးမြတ်နိုးလှသော ဗွီစီဘွဲ့ထူးဖြင့် ချီးမြှင့်ခြင်း ခံရလေတည်း။

သူရိယမဂ္ဂဇင်း၊ အတွဲ(၂၁)၊ အမှတ်(၈)၊ အောက်တိုဘာ၊ ၁၉၃၇

❑



# မာနကြီး

မောင်ဘမြိုင်သည် ကုန်သည်လမ်းတစ်လျှောက် လျှောက်သွားစဉ် ၎င်းအား တွေ့မြင်ရသော သူတို့သည် ထူးခြားသော အခြင်းအရာ တစ်စုံတစ်ရာမျှ တွေ့ရှိသတိပြုမိကြသည် မဟုတ်ချေ။ မောင်ဘမြိုင်၏ ရုပ်အင်္ကျီမှာ ဖြူစင်စွာရှိ၍ မန္တလေးလုံချည်နှင့် သက္ကလတ်အင်္ကျီတို့မှာလည်း သပ်ရပ်စွာ ခေါက်သိမ်းထားရာမှ ဝတ်လာခဲ့ဟန် လက္ခဏာ ရှိပေ၏။ မောင်ဘမြိုင်၏ လမ်းလျှောက်ပုံမှာ မိမိ၏အချိန်ကို မိမိအစိုးသော လူတစ်ယောက်အနေဖြင့် ခပ်အေးအေး ခပ်မှန်မှန် ရှိချေ၏။

အဝတ်အစားတို့မှာ သာမညဖြစ်သော်လည်း မောင်ဘမြိုင်၏ မျက်နှာမှာမူကား သာမညမဟုတ်ချေ။ တည်ငြိမ်စွာ ကြည့်တတ်၍ ရှုးစိုက်ကြည်လင်သော မျက်လုံးများနှင့် ပေါ်လွင်ဖြောင့်စင်းသော နှာတံ၊ အဆင်ပြေလှသော မျက်နှာပေါက်နှင့် မည်းနက်ဖြောင့်တန်းသော မျက်ခုံးများ ရှိလေရကား မောင်ဘမြိုင်အား စေ့စေ့ကြည့်၍ အကဲခတ်သောသူတို့သည် ဤသူကား တစ်စုံတစ်ခု၌ စိတ်ပြဌာန်းပြီးခဲ့လျှင် အထမမြောက်မချင်း မနေမနား စိတ်အားထက်သန်စွာနှင့်

ဆုံးခန်းတိုင်မြောက်၊ ပေါက်ရောက်အောင် ဆောင်ရွက်မည့် လူပေ တည်းဟု ဆုံးဖြတ်ကြရမည် ဖြစ်လေသည်။ သို့ရာတွင် ထိုအချိန်အခါ၌ မောင်ဘမြိုင်၏ ပါးများနှင့် မျက်လုံးများသည် ပြည့်ဖြိုးဖောင်းမောက် သင့်သလောက် မဖောင်းမောက်ဘဲ တစ်စုံတစ်ခုသော အကြောင်း ကြောင့် ချိုင့်ခွက်ပိန်ဟောက်လျက်ရှိ၏။ မောင်ဘမြိုင်သည် နားထဲ၌ တဇီဇီ တဝီဝီမြည်သံကို ကြားရ၍ ၎င်း၏ဒူးများသည်လည်း ရုံဖန်ရုံခါ ညွတ်ကွေးတော့မည်ကဲ့သို့ ဖြစ်သွား၏။ ဘုရင်မပန်းခြံထောင့်သို့ ရောက်သောအခါ မောင်ဘမြိုင်သည် ခေတ္တဝင်ရောက် နားနေလိုက် သော်လည်း ဂျူဒါအီစကယ်လမ်းသို့ မရောက်မချင်း မနားမူ၍ အားခဲ လျက်ပင် လျှောက်သွား၏။

ပန်းဆိုးတန်းလမ်းထောင့်သို့ ရောက်သောအခါ မော်တော်ကား များသည် လမ်းပေါ်၌ ပိတ်ကျပ်လျက်ရှိနေသဖြင့် လမ်းစောင့်ပုလိပ် သည် အရှေ့နှင့်အနောက်သွားသော ခရီးသည်များကို တားဆီးထား၍ တောင်နှင့်မြောက်သွားသော ခရီးသည်များကိုသာ သွားခွင့်ပြုသဖြင့် မောင်ဘမြိုင်သည် လမ်းပေါ်၌ တန့်ရပ်လျက်ရှိသော မော်တော်ကား သစ်ကြီးတစ်စင်းအနီးမှ ရပ်လျက်စောင့်နေရာ ကားသစ်ကြီးပေါ်၌ကား ဘိုဆန်ဆန်ဝတ်ဆင်ထားသော မိန်းမတစ်ယောက်သည် ဒရိုင်ဘာ နေရာ၌ထိုင်လျက် ၎င်းထက်အသက်နှစ်နှစ်ခန့်ငယ်၍ နှစ်ဆယ်ခန့် အရွယ်မျှရှိသော လူငယ်တစ်ယောက်သည် မိန်းမ၏အနီး၌ ထိုင်လျက် ရှိ၏။ မောင်ဘမြိုင်သည် မောင်နှမနှင့်တူသော ထိုသူနှစ်ယောက်ကို စောင့်ရင်းကြည့်မိရာ ၎င်းလူငယ်ကိုကား မြင်ဖူးသလိုလိုရှိသည်ဟု ထင်မှတ် မိ၏။ ထိုခဏ၌ အထုပ်ကြီးတစ်ထုပ် ထမ်းလာသော ဂေါ်ရင်ဂျီကုလား ကူလီတစ်ယောက်သည် မောင်ဘမြိုင်ကို ဝင်တိုးမိသဖြင့် မောင်ဘမြိုင် မှာ လဲတော့မလိုဖြစ်သွား၍ ကားသစ်ကြီးကို လှမ်း၍ကိုင်လိုက်၏။

ကားပေါ်၌ထိုင်နေသော သူငယ်သည် အူယားဖားယား ဝမ်းမြောက် ဝမ်းသာရှိသော အမူအရာနှင့် မောင်ဘမြိုင်၏ လက်မောင်းကိုဆွဲလျက် "ဟယ်လို ကိုဘမြိုင်၊ ခင်ဗျား ဘယ်နေ့က ရောက်နေသလဲ။ ဝမ်းသာ လိုက်တာဗျာ။ ဒါကတော့ အစ်မ မစိန်ညွှန့်လေ" ဟု အားရသော မျက်နှာထားနှင့် နှုတ်ဆက်လေ၏။

မောင်ဘမြိုင်သည် ကျောင်းနေဖက်သူငယ်ချင်းမောင်တင့်ဆွေ ၏ အစ်မကို တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ဖူးသည်နှင့် ဘိုဆန်သော ကောလိပ်ကျောင်းသားတို့၏ထုံးစံအတိုင်း ဦးခေါင်းညွှတ်ကာ အသိ အမှတ်ပြုလေရာ မစိန်ညွှန့်လည်း ကွန်ဗင့်ကျောင်းထွက်ဖြစ်သဖြင့် ဦးခေါင်းညွှတ်ကာပင် ပြန်လည်၍ အသိအမှတ်ပြုကာ မောင်ဘမြိုင် အားကြည့်လျက် အကဲခတ်လေ၏။

ညွှန့်။ ။(ခပ်ပြုံးပြုံးမျက်နှာနှင့်) "ကျွန်မ မောင်က သူ့သူငယ် ချင်းကိုဘမြိုင်၊ ကိုဘမြိုင်နှင့် ခဏခဏပြောလွန်းလို့ ကျွန်မတို့မှာ လူကို မမြင်ဖူးဘဲနှင့် မြင်ဖူးတွေ့ဖူးသလောက် သိနေပါပြီရှင်"

ရှေးခေတ်အခါကမူ မောင်နှင့်နှမတို့မည်သည်မှာ ကားပေါ်၌ ဖြစ်စေ၊ ရထားပေါ်၌ဖြစ်စေ တွဲလျက်ထိုင်ကြသည် မရှိသော်လည်း ကောလိပ်ကျောင်းထွက် ကွန်ဗင့်ကျောင်းထွက်များလှသော ယခုခေတ် ကြီး၌မူ ထိုသို့သော အပြုအမူကို ကဲ့ရဲ့ဖွယ်ရာတစ်ခုဟူ၍ မမှတ်ထင်ကြ တော့ချေ။

ဆွေ။ ။"လာဗျာ၊ ကိုဘမြိုင်၊ တက်ဗျာ။ ဘုံဘောရဲစ်တော့ရင်း သွားပြီး စားချေရအောင် မောင်းတော့လေ မမ၊ လမ်းပိတ်ဆို့မှုနဲ့ ဖမ်း သွားဦးမယ်"

မြိုင်။ ။"မလိုက်ပါရစေနဲ့ မောင်တင့်ဆွေ။ ကျုပ်မှာ ကိစ္စကလေး တစ်ခု အရေးကြီးနေသေးလို့ပါ"

ဆွေ။ ။ "ခင်ဗျားကိစ္စက ဘယ်သွားရမယ့် ကိစ္စလဲ"
မြိုင်။ ။ "ဂျူဒါအီစကယ်လမ်းမှာ"
ဆွေ။ ။ "ခုချက်ချင်း သွားမှာပဲလား"
မြိုင်။ ။ "ချက်ချင်းသွားမှ အချိန်မီမယ်"
ဆွေ။ ။ "ဟိုမှာ ဘယ်လောက်ကြာမလဲ"
မြိုင်။ ။ "ကြာတော့ မကြာပါဘူး"
ဆွေ။ ။ "ကိုင်း ဒါဖြင့် ခင်ဗျားကိစ္စရှိရာ ကျုပ်တို့လိုက်ပို့မယ်။ ပြီးပြီးချင်း ထွက်လာခဲ့။ ကျုပ်တို့ အပြင်က စောင့်နေမယ်။ ဂျူဒါအီစကယ်လမ်းကို မောင်းပေတော့ မမ"

မောင်ဘမြိုင်သည်ကား နောက်ပိုင်းမှထိုင်လျက် လန်ချား၊ မော်တော်ကား မြင်းရထားစသည်များကို ကျင်လည်စွာ တိမ်းရှောင်မောင်းနှင်လျက်ရှိသော မစိန်ညွှန့်အား လှမ်းကြည့်ရင်း ကူရှင်ပေါ်သို့ ခပ်မှိုမှိုထိုင်၍လိုက်စဉ် ၎င်း၏စိတ်ထဲ၌ ငါသည် မော်တော်ကားအသစ်ကြီးတစ်စီးပေါ်၌ ထိုင်လျက်လိုက်ပါနေသည်ဟူ၍ အိပ်မက်မြင်မက်ခြင်းဖြစ်လေသလောဟူ၍ပင် တွေးတောမိ၏။ ၎င်းနောက် မိမိ၏အခြေအနေကို သတိရမိပြန်သဖြင့် မောင်ဘမြိုင်သည် တစ်ယောက်တည်းပြုံးရယ်မိသေး၏။ မောင်တင့်ဆွေက "နံပါတ် ဘယ်လောက်လဲ ကိုဘမြိုင်"ဟု မေးလိုက်သောအခါမှ မောင်ဘမြိုင်သည် ကယောင်ကတမ်းနှင့်ထထိုင်၍ အင်္ကျီအိတ်ထဲမှ စာရွက်ငယ်တစ်ခုကို ထုတ်ယူကြည့်ရှုပြီးလျှင် "နံပါတ် ၄၅၀ မှာ ရပ်ပေတော့၊ ဟောဟိုတိုက်ပဲ" ဟု ပြောရာတွင် မော်တော်ကားလည်း တိုက်ရှေ့၌ ဆိုက်ရပ်လေ၏။

ဆွေ။ ။ "မြန်မြန်လုပ်ဗျာ ကိုဘမြိုင်။ ကျုပ်တော့ ဆာလှပြီ"
မောင်ဘမြိုင်သည် ကားပေါ်မှဆင်း၍ တိုက်ကြီးထဲသို့ ဝင်သွားလေ၏။ မောင်နှမနှစ်ယောက်တည်း ကားပေါ်၌

ကျန်ရစ်ခဲ့သောအခါ

ဆွေ။ ။(စီးကရက်တစ်လိပ်ကို မီးညှိရင်း) "မထင်ဘဲနှင့်လာပြီး တွေ့ရတယ် မမရယ်၊ ကျောင်းက ထွက်သွားကတည်းက ဒီလူနှင့် တစ်ခါမှ မတွေ့ရဘူး"

ညွန့်။ ။"မင်းပြောတော့ တောင်ငူသားဆို၊ ရန်ကုန်မှာ သူဘာလုပ်နေသလဲ"

ဆွေ။ ။"ဘယ်သိဦးမှာလဲ မမရယ်။ ကျောင်းတုန်းက အင်မတန်တော်တဲ့လူတစ်ယောက်ပဲ။ ခုလောက်ရှိရင် သူဌေးဖြစ်မည်ဆိုဖြစ်လောက်ကရောပေါ့"

ညွန့်။ ။"သူဌေးဖြစ်မယ့်လူကလည်း အဝတ်အစားများတယ်ပြီး မပြောင်ရောင်ပါကလား"

ဆွေ။ ။"အဝတ်အစား မပြောင်ရောင်လို့ သူ့ခေါ်ခဲ့တာ မမက ရှက်သလား၊ မန္တလေးလုံချည်တစ်ပတ်နွမ်း ဖြစ်ရင်ကော ဘာပြုတတ်သလဲ။ ဒီလူက ကျွန်တော့်အသက်ကို ကယ်ဆယ်ခဲ့ဖူးတဲ့အဖြစ်ကို အပထားပြီး ဒီလူက မတစ်ထောင် တစ်ကောင်ဖွား ရှာမှရှားတဲ့လူမျိုး မမရဲ့။ သူ့အဝတ်အစားက နံ့လို့ မမ မလိုက်ချင်ရင် နေလေ။ သူနှင့် ကျွန်တော် နှစ်ယောက်တည်း သွားစားမယ်။ မမ ပြန်နှင့်ပေတော့"

ညွန့်။ ။(မောင်၏ မျက်နှာကို စေ့စေ့ကြည့်လျက်) "မောင်တင့်ဆွေ မင်းတယ်မိုက်တဲ့ လူပါကလား၊ ဘယ်ဒင်းက အရေးကြီးတယ်၊ ဘယ်ဒင်းဟာ အရေးမကြီးဘူးဆိုတာ ငါမသိတတ်ဘူးလို့ မင်းထင်သလား"

ဆွေ။ ။"သိသိ မသိသိလေ။ မမ လိုက်မလား မလိုက်ဘူးလား။ ဒါကိုသာ ပြောပါ"

ညွန့်။ ။"ငါမလိုက်ချင်ဘူးလို့ ဘယ်တုန်းက ပြောဖူးလို့လဲ။ ဒါ့ထက်

မင်းသူငယ်ချင်းဟာ တော်တော်မာနကြီးတဲ့ လူတစ်ယောက်
နှင့် တူတယ်”

ဆွေ။ ။ “ဘာကို အကဲခတ်မိသလဲ မမ”

ညွန့်။ ။ “သူ့မျက်လုံးကို ကြည့်စမ်းပါလား”

ဆွေ။ ။ “မာနကြီးတယ်ဆိုပေမဲ့ အခြောက်တိုက် စိတ်ကြီးဝင်ပြီး
ဟန်ကြီးပန်ကြီး အထဲက မဟုတ်ဘူး မမရဲ့”

ညွန့်။ ။ “ဒီသူငယ် တယ်ခက်နေပါပြီ။ ဒီလောက်ဟာကို ငါ မသိဘူး
လို့ မင်းထင်နေသလား။ ငါဆိုလိုတာက”

ထိုခဏ၌ မောင်ဘမြိုင်သည် တိုက်ထဲမှထွက်၍ ကားဆီသို့
လျှောက်လာလေ၏။

ဆွေ။ ။ “ကိစ္စပြီးခဲ့ပြီလား ကိုဘမြိုင်”

မြိုင်။ ။ (ခပ်ပြုံးပြုံးနှင့်) “ပြီးခဲ့ပါပြီဗျာ”

ဆွေ။ ။ “ကိုင်း ဒါဖြင့် တက်ဗျာ။ ဘုံဘေရဲစ်တောရင့်ကို မောင်းပေ
တော့မမ”

ဘုံဘေရဲစ်တောရင့်သို့ ရောက်ကြသောအခါ မစိန်ညွန့်သည် ကားကို နံ့ဘေးတွင် ဆိုက်ကပ်၍ “သွားစမ်း မောင်တင့်ဆွေ၊ ချောင်ကျကျ အခန်းတစ်ခန်း သွားရှာစမ်းချေ။ မရရင် ပြန်လာခဲ့။ ဆဗွိုင်း ဟိုတယ်သွားမယ်” ဟု ပြောဆိုစေလွှတ်လိုက်သဖြင့် မောင်တင့်ဆွေ ဆင်းသွား၍ ကားပေါ်၌ နှစ်ယောက်တည်း ကျန်နေရစ်ကြရာတွင် –

ညွန့်။ ။ (ကားပေါ်မှ နောက်ပြန်လှည့်လျက်) “မောင်တင့်ဆွေကဖြင့်
ဖေဖေနှင့် ကျွန်မကို သူ့သူငယ်ချင်း ကိုဘမြိုင်အကြောင်း
ပြောလွန်းလို့ နားငြီးမတတ်ပါပဲရှင်”

မြိုင်။ ။ “မောင်တင့်ဆွေက တစ်ဆိတ်ကို တစ်အိတ်ဖြစ်အောင် ပြော
တတ်တဲ့ လူတစ်ယောက်ပဲ”

ညွှန့်။ ။ "ကိုယ့်အသက်ကို ကယ်ဆယ်ဖူးတဲ့ ကျေးဇူးရှင်ဆိုတာ ကြားရတဲ့လူများက ငြီးစေကာမူ ပြောရတဲ့လူက မငြီးနိုင်ဘူးဆိုတာ ဟုတ်လည်း ဟုတ်ပါလိမ့်မယ် ထင်ပါရဲ့"

မြိုင်။ ။ "အရေးမကြီးလှပါဘူး၊ သူ့နေရာမှာ ကျွန်တော် ရောက်နေခဲ့လို့ ရှိရင်လည်း သူက ဒီလိုပဲ ကယ်ဆယ်မှာ မုချပါပဲ"

ထိုခဏ၌ မောင်ဘမြိုင်သည် နားထဲ၌ တဒီဒီမြည်သော အသံကို ရှေးကထက် ကျယ်လောင်စွာ ကြားရပြန်၍ မိုက်ခနဲဖြစ်သွားသည်နှင့် ရှေ့တန်းမှ နောက်မှီကို လက်ဖြင့် ဆွဲလိုက်မိ၏။ ၎င်းနောက် ထိုအခြင်းအရာကို မစိန်ညွှန့်မြင်လေသလောဟု မျက်နှာကို လှမ်းကြည့်လိုက်ရာ မြင်တဲ့လက္ခဏာမရှိသည်နှင့် တော်သေးရဲ့ဟု မောင်ဘမြိုင် အောက်မေ့မိ၏။ အကယ်၍ မစိန်ညွှန့်က နေထိုင်မကောင်းပါသလောဟု မေးမြန်းပါမူ မောင်ဘမြိုင်မှာ ရှက်လွန်းလှသည်နှင့် ထိုင်ရာမှပင် ထပြေးကောင်း ထပြေးချေမည်ဖြစ်၏။ ထိုအချိန်၌ မောင်တင့်ဆွေ ထွက်လာ၍ -

ဆွေ။ ။ "ထောင့်ထဲက အခန်းကို ရပါတယ် မမ။ ကြွကြပါတော့ ဆာလှပါပြီ။ စားဖို့သောက်ဖို့ မှာခဲ့ပါပြီ"

ကားပေါ်မှဆင်းလာကြ၍ ထောင့်ခန်းတစ်ခန်း၌ ထိုင်မိကြသောအခါ-

ညွှန့်။ ။ "စားစရာ ဘာများ မှာထားသလဲ မောင်တင့်ဆွေ"

ဆွေ။ ။ "ကက်တလိတ်သုံးပွဲနှင့် အိုက်စ်ကရင်သုံးပွဲ"

ညွှန့်။ ။ "ငါ့ကို မမေးဘဲနှင့် ဘာပြုလို့ မှာရသလဲ။ ငါ အင်မတန်ဆာတယ်။ ဒီလောက်နှင့် မဝဘူး။ ငါ့အတွက် ဒံပေါက်ထမင်းတစ်ပွဲနှင့် ကြက်ကလေးတစ်ကောင် ရို့စ်မှာပေးဦး၊ မင်းတို့ ;တော့ မင်းတို့သဘောနှင့် မင်းတို့ ဘာပဲမှာမှာ"

ဆွေ။ ။ "မမကလည်း လွန်လှချေကလား၊ နေ့လယ်စာ စားတဲ့ဥစ္စာပဲ၊

ဒံပေါက်နှင့် ကြက်ကလေးတစ်ကောင်တောင် ကုန်နိုင်ပါမလား"

ညွန့်။ ။ "စကားမရှည်နှင့်ကွယ်၊ မှာဆိုတာ မှာပေးပါ။ ကိုဘမြိုင်ကော ဒီဟိုတယ်က ဒံပေါက် ကောင်းတယ်ရှင့်။ ကြက်ကလေးရို့စ်နှင့် အင်မတန်လိုက်တယ်။ စားကြည့်စမ်း"

မြိုင်။ ။ "စားကြည့်ရတာပေါ့ဗျာ"

ညွန့်။ ။ "ကိုင်း ငါမပြောဘူးလား။ မြန်မြန်မှာကွယ် မောင်တင့်ဆွေ။ ဒံပေါက်နှစ်ပွဲ၊ ကြက်ကလေးရို့စ်နှစ်ကောင်၊ ကက်တလိတ်သုံးပွဲ၊ အိုက်စ်ကရင်သုံးပွဲ"

ထိုအခါ မောင်တင့်ဆွေသည် မည်သည့်အခါမှ အစားမကြီးသော မိမိ၏အစ်မမျက်နှာကို လှမ်းကြည့်ပြီးနောက် ဘွိုင်ကုလားကိုခေါ်၍ အထက်ပါအတိုင်း စားစရာများကို မှာလေ၏။ ထို့နောက် မောင်တင့်ဆွေသည် မနေနိုင်သော ကိစ္စကလေးအတွက် အခန်းတွင်းမှ ထွက်သွားလေရာ မစိန်ညွန့်သည် လက်ဆွဲသားရေအိတ်ငယ်ကို ဖွင့်ကြည့်လျက် –

ညွန့်။ ။ "ဟော ကျန်နေရစ်ခဲ့ပြီ။ အကြွေတစ်ပြားမှ မပါခဲ့ဘူး။ ကိုဘမြိုင်မှာ ဆယ်တန်လဲစရာ အကြွေများ မပါဘူးလား"

မြိုင်။ ။ "အကြွေတော့ ကျွန်တော့်အိတ်ထဲမှာ"

ညွန့်။ ။ "ဩော်... နေပေစေတော့။ ဒီမှာ လဲနိုင်သားပဲ"

မောင်ဘမြိုင်မှာမူ သက်ပြင်းချလျက်ရှိ၏။ ၎င်းနောက် မောင်ဘမြိုင်သည် စကားရောဖောရောနှင့် အချို့သောသူတို့၏ သတိမေ့တတ်ခြင်းအကြောင်းများကို ရယ်ရွှင်ဖွယ်ရာဖြစ်အောင် ပြောလေရာ များစွာအထမမြောက်ခဲ့ချေ။ ထိုခဏ၌ မောင်တင့်ဆွေဝင်လာသဖြင့်–

ညွန့်။ ။ "ဘယ့်နှယ်လဲကွဲ့။ မရသေးဘူးလား။ ဆာလှပါပြီ ဆိုနေမှပဲ"

ဆွေ။ ။ "ကြော်ရလှော်ရသေးတယ် ခင်ဗျားကြီးရဲ့။ အစိမ်းစားမလား မမ။ ခင်ဗျားတို့ မှာထားတာတွေ ခင်ဗျားတို့ ကုန်အောင် စားရင် စားပိုးနင့်မသေတော့ ကျုပ်ပြောချင်တိုင်း ပြော"

မောင်တင့်ဆွေသည် မိမိ၏အစ်မအား ကြည့်လိုက်သောအခါ အခါတိုင်းကဲ့သို့ နှုတ်သွက်အာသွက်မရှိတော့ဘဲ ခပ်ဆိတ်ဆိတ် ရှိနေသည်ကိုတွေ့ရသဖြင့် အနည်းငယ်မကျေမနပ် ရှိနေ၏။ မောင်တင့်ဆွေ၏ စိတ်၌မူကား မိမိချစ်ခင်လှစွာသော ကျောင်းနေဖက်သူငယ်ချင်းနှင့် တွေ့ဆုံရသောအခါတွင် မိမိ၏အစ်မအား နှုတ်လျှာသွက်သွက်နှင့် ဧည့်ခံစကားပြောစေလို၏။ ယင်းသို့ရှိသည်အတွင်း မောင်တင့်ဆွေသည် ကုလားထိုင်၌ ခပ်ကုပ်ကုပ်ထိုင်၍ မိမိနောက်စေ့ကို မိမိပွတ်သပ်လျက်ရှိသော မောင်ဘမြိုင်၏ ရုပ်အင်္ကျီလက်တို့မှာ အစွန်းအဖျားတို့၌ ခပ်ဖွာဖွာရှိနေသည်ကို မြင်လိုက်ရသဖြင့် အံ့ဩမိ၏။ မောင်တင့်ဆွေသည် တစ်နေရာရာ၌ တစ်စုံတစ်ခု ချွတ်ယွင်းနေသည့်အဖြစ်ကို ရိပ်မိသည်နှင့် စကားစ မပြတ်စေဘဲ ထွေရာလေးပါးစကားမျိုးတို့ကို ကရားရေသွန်ပြောလေရာ စားသောက်ကြသော သူတို့မှာ ဒံပေါက်တစ်ပွဲစီနှင့် ကြက်ကလေးရို့စ်တစ်ကောင်စီကို တစ်ဝက်နီးပါးမျှ ကုန်ခန်းနှင့်လေပြီ။ ထိုအခါ၌မူကား မောင်ဘမြိုင်မှာ မျက်နှာရွှင်ပျပျဖြစ်လာ၍ ရှေးက မိမိသိကျွမ်းဖူးသောမောင်ဘမြိုင်အတိုင်း ဖြစ်လာပြီးလျှင် ရယ်ရွှင်ဖွယ်ရာပုံတိုပတ်စများကို လက်ဟန်ခြေဟန်ကျနစွာနှင့် ပြောပြလျက်ရှိကြောင်း မောင်တင့်ဆွေ တွေ့မြင်ရလေ၏။ ထိုအခါမှ မောင်တင့်ဆွေ၏ စိတ်ထဲ၌ မောင်ဘမြိုင်သည် နေ့လယ်စာ မစားရမီအခါက ခပ်ကုပ်ကုပ် ခပ်နွမ်းနွမ်း ရှိနေသည့်အဖြစ်ကို စဉ်းစားမိ၏။

ဆွေ။ ။ "(မိမိ၏ ကက်တလိတ်ကို စားရာမှ လှမ်းကြည့်လျက်)" ဘယ့်နှယ်လဲမမ လွန်လှချေကလား။ ဒံပေါက်တစ်ပွဲကြီး ကုန်

သွားပြီ။ ကြက်တစ်ကောင်လည်း ကျွတ်တော့မယ်။ စားနိုင်ပါပေ့ဗျာ။ ဒါထက် ကိုဘမြိုင်ကော ဘယ်မှာ လုပ်နေသလဲ။ မေးတောင် မမေးမိသေးပါဘူးဗျာ။ ခင်ဗျားကြည့်ရတာ သိပ် ပင်ပင်ပန်းပန်းကြီး အလုပ်လုပ်ထားတယ် မှတ်တယ်။ သိပ်ပြီးတော့လည်း အပင်ပန်းမခံနှင့်လေဗျာ။ မှန်မှန်လုပ်မှပေါ့။ ဒါထက် ကျွန်တော်တို့အိမ်ကို အလည်လိုက်ခဲ့ပါဦးလား။ ဘတော်ကြီးက ခင်ဗျားကို သိပ်တွေ့ချင်တယ်"

မောင်ဘမြိုင်သည် မိမိအား အလုပ်သိပ်မလုပ်ရန် သတိပေးသည်ကို ကြားရသောအခါတွင် ရယ်မောချင်လှသဖြင့် ပြုံးမိသေး၏။ မစိန်ညွှန့်က ဒံပေါက်ထမင်းနှင့် ကြက်သားရို့စ်ကို မှာထားရန် စိတ်ကူးရခြင်းအတွက်လည်း မောင်ဘမြိုင်သည် ကျေးဇူးတင်မိ၏။ မောင်တင့်ဆွေ ဖိတ်ကြားသည့်အတိုင်း အလည်လိုက်၍ သွားခဲ့သော် သုံးလေးရက်တန်သည်ဖြင့် ထမင်းဝဝစားရဖို့ စိတ်ချရမည်ဖြစ်၍ လိုက်လိုသည်မှန်သော်လည်း ခါးကအဝတ်မှတစ်ပါး အားလုံးသော အဝတ်ကောင်းများမှာ အပေါင်ဆိုင်သို့ ရောက်နေသည်ဖြစ်သောကြောင့် လိုက်ရန် မဖြစ်နိုင်ချေ။

မြိုင်။ ။ "အခုတော့ မလိုက်နိုင်သေးပါဘူး မောင်တင့်ဆွေ။ နောက်ဖြည်းဖြည်းတော့ လာလည်ရသေးတာပေါ့"

ညွှန့်။ ။ "တစ်ညနေလောက်ကလေးပဲရှင်၊ ရှင့်အလုပ်တွေက ဒီလောက်မှ မဆိုင်းနိုင်ဘူးလား၊ အပြန်တော့ ကားနှင့် မောင်တင့်ဆွေ လိုက်ပို့မှာပေါ့"

မောင်ဘမြိုင်သည် ဂျူဒါအီစကယ်လမ်း၌ အလုပ်ဝင်၍လျှောက်ခဲ့စဉ်က တိုက်အုပ်ဘိုကြီးက "မရှိဘူး၊ လစ်လပ်တဲ့နေရာမှာ လူသစ်ခန့်လိုက်ပြီ သွား၊ သွား၊ မြန်မြန်ထွက်" ဟု ငေါက်ငမ်းထုတ်လိုက်ခြင်း ခံရသည့်အဖြစ်ကို စိတ်ထဲ၌ ပေါ်လာသဖြင့် ပြုံးမိသေး၏။ ၎င်းနောက်

မောင်ဘမြိုင်သည် မစိန်ညွှန့်အား တစ်ချက်မျှ လှမ်းကြည့်လိုက်ရာတွင် မိန်းကလေး၏မျက်နှာကိုမြင်ရသဖြင့် ရင်ခုန်ခြင်းသည် တစ်ချက်မျှ တန့်ရပ်ရာမှ နောက်ခဏ၌ ရှေးကထက် ပြင်းထန်သော အဟုန်ဖြင့် တဒိန်းဒိန်းလှုပ်ခုန်လျက် ရှိလေ၏။ ထိုအခါ မောင်ဘမြိုင်မှာ တစ်နေ့ တစ်ရက်ကလေးမျှဖြစ်စေ ထိုမိန်းကလေး၏အနီးအပါးတွင် နေလို သောစိတ် ဖြစ်ပေါ်လာခဲ့၏။

မြိုင်။ ။ "ဒီတစ်ရက်လောက်တော့ လိုက်နိုင်ကောင်းပါ ထင်ပါရဲ့ဗျာ"

ဆွေ။ ။ "နေရာကျလိုက်လေဗျာ၊ သိပ်ဟန်ကျတာပဲ။ စားကြဗျာ၊ သွားကြစို့။ ဘတော်ကြီးက ကျွန်တော် ပြောထားတာနှင့် ခင်ဗျားကို သိပ်တွေ့ချင်နေတယ်"

ညွှန့်။ ။ (ငွေစက္ကူထုတ်ပေး၍) "ရော့ မောင်တင့်ဆွေ။ ဘီလ်အတွက် ရှင်းပေးလိုက်ကွယ်"

ဟိုတယ်မှ ထွက်လာကြ၍ ကားပေါ်သို့ တက်ကြသောအခါ တွင် မောင်တင့်ဆွေသည် ရှေ့မှထိုင်၍ ကားမောင်းလျက် မောင်ဘမြိုင်နှင့် မစိန့်ညွှန့်တို့သည် နောက်မှထိုင်ကြ၏။

ညွှန့်။ ။ "ကျွန်မတို့ဖေဖေက မောင်တင့်ဆွေကို အင်မတန် အလိုလိုက်၊ အင်မတန် ချစ်လေတော့ သူ့သားအသက်ကို ကယ်ဆယ်တဲ့ လူဆိုပြီး ရှင့်ကိုလည်း" ဟူ၍သာ ပြောလိုက်ပြီးနောက် မစိန်ညွှန့်သည် အပိုဒ်ဆုံးအောင်မပြောဘဲ ရှေ့သို့ မျှော်ကြည့်လျက်ရှိနေရာ မောင်ဘမြိုင် မှာမူကား ကားပေါ်၌ လက်ပိုက်ကာထိုင်လျက် လှိုင်းတံပိုးပြင်းထန်စွာ သော မြစ်ပြင်ကြီး၌ ရေကူးခဲ့ရသော ရေကူးသမားသည် လှိုင်းလေငြိမ် သက်သဖြင့် ရေစီးမှန်သောနေရာသို့ ရောက်လာသောအခါ၌ သက်သာ ခွင့်ရသည့်နည်းတူ အသက်မှန်စွာရှူလျက် ကျေနပ်ချမ်းမြေ့သော အမူ အရာနှင့် လိုက်ပါလာလေ၏။ နက်ဖြန်တိုင်ရောက်သောအခါတွင်

အလုပ်လက်မဲ့ဖြစ်၍ ကြေးငွေလက်ကိုင်မရှိသော သူတို့၏ ဆင်းရဲဒုက္ခများကို ရှေးနည်းအတူ ခံစားဦးမည်ဖြစ်သော်လည်း ဤတစ်နေ့အဖို့၌ သက်သာရာ ရချေပြီတကားဟု စိတ်ချလက်ချရှိနေလေ၏။

မော်တော်ကားသည် ဓာတ်မီးလုံးကြီးဖြင့် သားနားလှပစွာ တပ်ဆင်ထားသော ဝင်းတံခါးကြီးမှ ဝင်လာခဲ့၍ ကျယ်ဝန်းသာယာသော ဝင်းကြီးတစ်လျှောက် ဖြတ်မောင်းပြီးလျှင် ခံ့ညားကြီးကျယ်လှသော အိမ်ကြီးတစ်ဆောင်၏ရှေ့၌ ဆိုက်ရပ်လေ၏။ မောင်ဘမြိုင်သည် သပ်ရပ်စွာ ပြင်ထားသော တင်းနစ်(စ)ကုတ်နှင့် စိမ်းစိုလှပသော သစ်ပင်ပန်းမန်များကို မြင်ရသောအခါတွင် သက်ပြင်းချမိ၏။

ဖခင်ဖြစ်သည့် မြေပိုင်ရှင်နှင့် လွှစက်ပိုင်ရှင် ဦးကျော်ဟိုးသည် မိမိ၏တစ်ယောက်တည်းသော သားမောင်တင့်ဆွေ၏အသက်ကို ကယ်ဆယ်ဖူးသော မောင်ဘမြိုင်အား ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြုပြီးနောက် လေးယောက်သားတို့သည် အိမ်နံဘေးရှိ တင်းနစ်(စ)ကုတ်အနီးတွင် ကြိမ်ကုလားထိုင်များနှင့်ထိုင်လျက် လေညင်းခံရင်း ဦးကျော်ဟိုး၏ တောင်းပန်တိုက်တွန်းချက်အရ ယူနီဗာစီတီလှေအသင်း၌ မောင်ဘမြိုင်နှင့် မောင်တင့်ဆွေတို့ ပါဝင်ကြစဉ်က လှေမှောက်ရာတွင် မောင်ဘမြိုင်က မောင်တင့်ဆွေ၏အသက်ကို ကယ်ဆယ်ခဲ့ရပုံများကို မောင်ဘမြိုင်က ပြောပြရလေ၏။

ညအခါ ထမင်းစားချိန်နီးသောအခါ မောင်တင့်ဆွေသည် မောင်ဘမြိုင်အား ရေချိုးရန်အတွက် ရေချိုးခန်းသို့ လိုက်ပို့၍ ပြန်ထွက်လာရာတွင် မစိန်ညွန့်သည် မောင်တင့်ဆွေအား လက်ယပ်ခေါ်လျက် "လာစမ်း မောင်တင့်ဆွေ၊ မင်းနှင့် ဖေဖေ့ကို ငါ ပြောချင်တဲ့ စကားတစ်ခုရှိတယ်" ဟု ပြောသဖြင့် မောင်တင့်ဆွေလည်း အံ့ဩစွာနှင့် လိုက်သွားလေ၏။ ဖခင်ဦးကျော်ဟိုးမှာ အိမ်ရှေ့ဧည့်ခန်းမှ စောင့်

ဆိုင်းလျက်ရှိရာ သားအဖသုံးယောက် ဆုံမိကြသောအခါတွင် ကုလားထိုင်၌ အသီးသီး ထိုင်ကြလေ၏။

ဆွေ။ ။ "ဘာများလဲ မမရဲ့၊ ဆိုစမ်းပါဦး"

ညွန့်။ ။ "ရွှေလီချောင်းမှာ ဖေဖေ သစ်အလုပ်လုပ်တုန်းက ကျွဲသမားတစ်စုဟာ ရိက္ခာမရောက်လေတော့ ထမင်းသုံးလေးနပ် ငတ်တာကို ကျွန်မမြင်ရဖူးတယ်"

ထိုအခါ မောင်တင့်ဆွေနှင့် ဦးကျော်ဟိုးတို့သည် ကျွဲသမားတစ်စု ရှေးအခါက ထမင်းငတ်ဖူးခြင်းနှင့် မိမိတို့ ဘယ်ကဲ့သို့ ဆက်သွယ်ခြင်းရှိသည်ကို နားမလည်နိုင်သဖြင့် တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်လျက် ရှိကြ၏။

ညွန့်။ ။ "ဒီကနေ့လည်း ကျွန်မ မြင်ရပြန်ပြီ။ ဒီဟာမျိုးကို မမြင်ဖူးတဲ့လူကတော့ မသိပေဘူး။ ကျွန်မကတော့ မြင်ဖူးလို့ သိတယ်ဖေဖေ။ ဟော့ မောင်တင့်ဆွေ၊ ဒံပေါက်ထမင်းနှင့် ကြက်သားရို့စ်ကို ဘာပြုလို့ ငါမှာတယ်ထင်သလဲ။ ငါစားချင်လှလို့ မဟုတ်ဘူးကွဲ့။ ဟိုခများအတွက် ငါမှာတာ။ မင့်လူ ထမင်းမစားရတာ နှစ်ရက်ထက် မနည်းဘူး။ ငါထင်တယ် မင်းရိပ်မိရဲ့လား"

ဆွေ။ ။ (ပါးစပ်ကိုဟ၍ မျက်လုံးများပြူးလျက်) "မဟုတ်နိုင်တာ မမရယ်"

ဟိုး။ ။ "ငါ့သမီး အထင်လွဲပါလိမ့်မယ် ထင်ပါရဲ့ သမီးရယ်"

ညွန့်။ ။ "ကျွန်မ ဘယ်တော့မှ လူကဲခတ် လွဲတဲ့ကောင်မ မဟုတ်ဘူး။ ပန်းဆိုးတန်းလမ်းထောင့်မှာ သူနှင့်တွေ့တွေ့ချင်း တစ်ကြိမ် ကျွန်မ သိရတယ်။ ဂျူဒါအီကယ်လမ်းမှာ ကားပေါ်က သူဆင်းသွားပုံ မြင်လိုက်ရတော့ တစ်ကြိမ် သတိရတယ်။ ဘုံဘောရဲ့စ်တောရင့်တိုက်

ဘေးမှာ စောင့်နေကြတုန်းက တစ်ကြိမ် ကျွန်မ သေသေချာချာ သိရတယ်။ သူ့မှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး။ ကျွန်မ သိတယ်။ ဘယ်နည်းနှင့် သိသလဲတော့ မမေးကြနှင့်တော့။ မရှိတာတော့ ဧကန်ပဲ။ ဒီလူဟာ မောင်တင့်ဆွေအသက်ကို ကယ်ဆယ်ဖူးတဲ့လူဖြစ်တယ်။ ဒီတော့ သူ့အတွက် ကျွန်မတို့ ဘယ်ပုံဘယ်နည်း လုပ်ပေးကြမယ်ဆိုတာ စီမံကြစို့"

ဟိုး။ ။ "ဖြစ်ရလေကွယ်။ ဒီလိုမှန်းမှ မသိရဘဲဟာကိုးကွဲ့။ သမီးပြောတာ မှန်တယ်။ သူ့အတွက် ငါတို့ဘယ်လိုလုပ်ပြီး ကူညီရမလဲ စဉ်းစားကြစမ်းကွယ်တို့"

ဆွေ။ ။ "နေပါဦး မမရဲ့၊ မမ ထင်တာက သေချာရဲ့လား"

ညွန့်။ ။ "အို သေချာပါတယ်ကွယ်။ ငါမလွဲပါဘူး မောင်တင့်ဆွေ"

ဆွေ။ ။ "နို့ မမက အလုပ်အကြောင်းတွေ ဘာတွေ ဘာကြောင့် ပြောတာလဲ"

ညွန့်။ ။ "မင့်လူ မာနတော်တော်ကြီးတဲ့လူကွဲ့။ သူ့အဖြစ်ကို ငါတို့က ရိပ်မိလို့ ကျွေးချင်မွေးချင်လို့ ခေါ်မှန်း သူသိရင် လုံးလုံး လိုက်မယ့်လူ မဟုတ်ဘူးကွဲ့။ ဒါကြောင့် ငါက သူ့အလုပ်တွေ ဘာတွေထည့်ပြီး ပြောရတာပါ"

ဆွေ။ ။ "ဒါဖြင့် မဖြစ်ဘူး။ သူ့အတွက် အလုပ်ကောင်းကောင်းတစ်ခုတော့ ရှာပေးမှ၊ တော်တော်နဲ့ အလုပ်မရသေးခင်လည်း ဒီအိမ်မှာ နေစေရမယ်။ ဖြစ်ရလေဗျာ၊ အံ့ဩပါရဲ့။ ကိုယ့်လူနှယ် ဒီအခြေရောက်နေတာတောင်မှ ဒီအကောင်ကို မပြောဘူးဗျာ"

ညွန့်။ ။ "ငါခုနင်က ပြောတဲ့အတိုင်း မာနကြောင့်ပေါ့ကွဲ့။ သူမလိုက်ချင်တာက အလုပ်အတွက်ကြောင့် မဟုတ်ဘူး။ ဒီ့ပြင် အဝတ်

လဲစရာ သူ့မှာမရှိလို့နဲ့ တူတယ်။ တစ်ခုတော့ သတိထားကြ နော်။ သူ့ကို သနားသဖြင့် အလုပ်တစ်ခုခု ရှာပေးတယ်ဆိုတဲ့ အကြောင်းကို သူရိပ်မိလို့ရှိရင် အလုပ်ကို လက်ခံမှာ မဟုတ်ဘူး စိတ်ချတော့"

ဟိုး။ ။ "မောင်ဘသန်းကတော့ သူ့နေရာမှာ လူစားရှာထားဖို့ ငါ့ကို တစ်နေ့က ပြောတော့ ပြောဖူးတာပဲ"

ဆွေ။ ။ "ဟာ ဒါဖြင့် နေရာကျပြီဖေဖေ။ ဘယ့်နှယ်လဲ မမ၊ ကိုဘမြိုင် နှင့် ကိုဘသန်းအလုပ်နှင့် မတော်ပေဘူးလား"

ဟိုး။ ။ "နေပါဦးကွယ်။ မင်းတို့လူက တန်တွက်နည်းတွေ ဘာတွေ နားလည်ပါ့မလား"

ညွန့်။ ။ "ဒီဟာက ဘာအရေးကြီးလို့လဲ ဖေဖေ၊ မောင်တင့်ဆွေရဲ့ အသက်ကို ကယ်ဆယ်ဖူးတဲ့လူတစ်ယောက်ဟာ အလုပ် အကိုင်မရှိလို့ ရင်းနှီးစရာ ငွေကြေးမရှိဘူးဆိုတဲ့ အကြောင်းသိရရင် တော်ပြီမဟုတ်လား။ မောင်တင့်ဆွေ ဟိုတုန်းက တိမ်းပါးယိမ်းပါး ဖြစ်သွားရင် ဖေဖေရော ကျွန်မရော ဘယ်လောက်ဒုက္ခရောက်ကြမလဲ ဖေဖေ။ ဒီ့ပြင်ဟာတွေ မစဉ်းစားပါနှင့်။ ဒီဟာကိုသာ စဉ်းစားကြည့်ပါ ဖေဖေရဲ့"

ဟိုး။ ။ (ပြုံးရယ်လျက်) "ဟုတ်ပါရဲ့လေ။ ကိုင်း ဒါဖြင့် ကောင်းပြီ။ ငါ့လွှစက်မှာ မန်နေဂျာအလုပ်ကို လက်ခံမလားလို့ သူ့ကို ငါမေးကြည့်မယ်။ တန်တွက်တို့ ဘာတို့တော့ ယခု မတတ်သေးချင် နေ။ နောက်တော့ တဖြည်းဖြည်း သင်ယူတာပေါ့။ ငါ့သဘောအရ တော့ ဒီသူငယ်ဟာ လူတွေဘာတွေ စီမံအုပ်ချုပ်တဲ့နေရာမှာ တော် လိမ့်မယ် ထင်တယ်"

ဆွေ။ ။ "အတော်ဆုံးလူတစ်ယောက်ပါ ဖေဖေ၊ စိတ်ချပါ"

ညွန့်။ ။ "သို့သော် နေဦး ဖေဖေ၊ ဒီအကြောင်းကို ကျွန်မ အရင်ဆုံး

စကားဝယ်ပြီး ပြောနှင့်မယ်၊ နောက်တော့မှ ဖေဖေနှင့် မောင်တင့်ဆွေက ဝင်ပြောကြ။ ဒီလူ့သဘောကို ကျွန်မ သိတယ်။ ဖေဖေတို့ ပြောပုံမျိုးနှင့် မရဘူး။ ကျွန်မ လက်ဦး ပြောမယ်"

ဟိုး။ ။ "ကောင်းပြီ သမီးကြီးရယ်"

ညွန့်။ ။ "ဘယ်နည်းနှင့်မဆို ဒီကနေ့ညတော့ သူ့ကို ဒီမှာ အိပ်စေရမယ်။ သူလိုတာရှိရင် မောင်တင့်ဆွေက ကြည့်ပေးနိုင်တာပေါ့။ ဟော ကိုဘမြိုင်လာပြီ။ တန်ကြ၊ တန်ကြ။ ကျွန်မတို့ တိုင်ပင်တဲ့ အကြောင်းကို လေသံမှ မယပ်စေနှင့်"

ယင်းကဲ့သို့သတိပေးခဲ့ပြီးနောက် မစိန်ညွန့်သည် မောင်ဘမြိုင်အား လေ့ကားရင်းမှ ဆီးကြို၍-

ညွန့်။ ။ "ကိုဘမြိုင်၊ ဒီကနေ့ည ဒီမှာပဲ အိပ်သွားပါတော့ရှင်၊ မောင်တင့်ဆွေမှာ ကိစ္စလေးတစ်ခုရှိလို့ လိုက်မပို့အားလို့ပါ။ လိုချင်တာရှိရင် မောင်တင့်ဆွေ ပေးပါလိမ့်မယ်"

ဆွေ။ ။ "လိုတာရှိရင် ပြောနော် ကိုဘမြိုင်၊ ကျွန်တော် ပေးနိုင်ပါတယ်"

ကိုဘမြိုင်သည် စောင်ကိုအပေါင်ဆိုင်သို့ ထားပြီးသဖြင့် စောင်မရှိ၊ အိပ်ရာခင်းစုတ်နှင့် လွှမ်းထားသော မိမိ၏အိပ်ရာကို သတိရသည်နှင့် ယနေ့အဖို့၌ ထီပေါက်လေခြင်းဟူ၍ အောက်မေ့မိ၏။

မြိုင်။ ။ "ဒီကနေ့အဖို့တော့ ခင်ဗျားတို့ စီမံချင်သလို ခံပါတော့မယ်ဗျာ။ ကျွန်တော့်အလုပ်ကတော့ တစ်ရက်တလေ ကျွန်တော် မရှိပေမဲ့ ကိစ္စမရှိတန်ကောင်းပါဘူး ထင်ပါရဲ့"

မောင်ဘမြိုင်သည် ထမင်းပွဲ၌ ထမင်းစားကြစဉ် မစိန်ညွန့်ကို ကြည့်မိတိုင်း ယောကျ်ားတို့၌ ဖြစ်ပေါ်တတ်သော ထုံးစံအတိုင်း ငါသည် ငါ၏တစ်သက်တာတွင် အရေးအကြီးဆုံးဖြစ်သည့် မိန်းမကို

တွေ့ချေပြီတကားဟူသော စိတ်ကူးဖြစ်ပေါ်မိ၏။ မိန်းကလေး၏ အခြေအနေနှင့် မိမိ၏အခြေအနေမှာ မနှိုင်းယှဉ်နိုင်အောင် ကွာခြားသည်ဖြစ်၍ ၎င်းစိတ်ကူးကို ချိုးနှိမ်ဖျောက်ဖျက်ပါသော်လည်း တိုး၍ တိုး၍သာလျှင် ဖြစ်ပေါ်လာချေတော့၏။ မောင်ဘမြိုင်သည် မစိန်ညွန့်၏ ဆံထုံးနံဘေးမှ ထွက်ပြူလျက်ရှိသော ဆံပင်ကောက်ကောက်ကလေးကို စိုက်ငေး၍ ကြည့်နေမိသည်ဖြစ်သောကြောင့် မစိန်ညွန့်က လှမ်း၍ ပြောလိုက်သောစကားကို မကြားမိဘဲ ရှိနေလေ၏။

မြိုင်။ ။ (ရှက်ကိုးရှက်ကန်းနှင့်) "ဘာတဲ့ဗျာ။ စိတ်က တခြားရောက်သွားလို့ မကြားမိလို့ပါ မစိန်ညွန့်"

ညွန့်။ ။ "ကျွန်မတို့ဖေဖေ့ လွှစက်မှာ မန်နေဂျာလုပ်တဲ့ ကိုဘသန်းဆိုတဲ့ လူတစ်ယောက်က အလုပ်ထွက်ချင်လို့တဲ့။ သူ့နေရာလုပ်နိုင်တဲ့လူများကို ကိုဘမြိုင်မိတ်ဆွေထဲက မရှိဘူးလားလို့ ကျွန်မမေးပါတယ်"

ဟိုး။ ။ "မောင်ဘသန်းက အလုပ်ထွက်ဖို့ နိုးတစ်ပေးထားတယ် မောင်ဘမြိုင်။ သူ့နေရာက လခ တစ်လ ၁၅ဝိ။ အိမ်လည်းနေဖို့ရတယ်"

မောင်ဘမြိုင်၏ နားထဲ၌ "တစ်လ ၁၅ဝိ အိမ်လည်း ရတယ်။ တစ်လ ၁၅ဝိ အိမ်လည်းရတယ်" ဟု တစီစီမြည်သကဲ့သို့ ကြားလျက်ရှိ၏။ ထိုနံနက်၌ မောင်ဘမြိုင်သည် တစ်လလျှင် လခ ၈ဝိ မျှသော အလုပ်ကို လျှောက်ထားရာ၌ ငေါက်ထုတ်ခြင်းကို ခံခဲ့ရသေး၏။

ဟိုး။ ။ "အလုပ်က တယ်ပြီး ခက်ခက်ခဲခဲ မဟုတ်လှပါဘူး။ ပညာခံ အသင့်အတင့်နှင့် စိတ်သဘောကြီးကြီးထားပြီး ရိုးရိုးမတ်မတ် လုပ်သွားမယ့်လူမျိုးဆိုရင် လုပ်နိုင်တာပါပဲ"

ဆွေ။ ။ "ကိုဘမြိုင် လက်ခံနိုင်ရင်လည်း နေသာကျသာနော်။

ခင်ဗျားတို့ မြို့ထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ်နှင့်ဗျာ။ ကျွန်တော့် လိုသာများဖြင့် ချောင်ချောင်ချိချိနှင့်နေရာ နေမှာပေါ့ဗျာ"
ဟို။ ။ (မောင်ဘမြိုင်အား အကဲခတ်သော မျက်နှာထားမျိုးနှင့် ကြည့်
လျက်)

"မောင်ဘမြိုင်ကိုယ်တိုင်တော့ လက်ခံပါ့မလား မဆိုနိုင်ဘူးပေါ့ လေ။ သို့သော် သူကများ လက်ခံမယ်ဆိုရင်တော့ ကိုယ့်သားအသက်ကို ကယ်ဖူးတဲ့ လူကပဲ။ ဘာပြောစရာ ရှိလိမ့်မလဲ။ သဘောကျပြီးပေါ့"

မောင်ဘမြိုင်မှာမူ မည်သို့မျှ ပြန်၍မပြောဘဲ ရှေ့တည့်တည့်သို့ စိုက်ငေးလျက် စဉ်းစားစိတ်ကူးဟန်နှင့် ရှိနေ၏။ ၎င်းနောက် မောင် ဘမြိုင်သည် မစိန်ညွန့်အား လှမ်း၍ကြည့်လိုက်ရာ မစိန်ညွန့်သည် မိမိအား စိတ်အားထက်သန်သော အမူအရာနှင့် စိုက်၍ကြည့်နေ သည်ကို တွေ့မြင်ရ၏။ မောင်တင့်ဆွေအား ကြည့်လိုက်ပြန်သော် ထိုသူငယ်သည် စီးကရက်တစ်လိပ်ကို မီးညှိလျက်ရှိ၏။ မောင်ဘမြိုင် မှာ ထိုအလုပ်ကို မိမိလုပ်လိုက ချက်ချင်းထားမည်အကြောင်းကို သိရှိ သော်လည်း ဆိုင်းလင့်နှောင့်နှေးခြင်း ဖြစ်လျက်ရှိ၏။ မောင်ဘမြိုင်နား ထဲ၌ တစ်ခုသော အသံက "လက်ခံလေ၊ ဘာနှောင့်နှေးစရာ ရှိသလဲ။ လက်ခံလိုက်ပါတော့လား။ နောင်ခါကျတော့ ရယ်သလို မောသလို ကိုယ့်အဖြစ်အပျက်ကို ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောချင်ပြောသေးတာပေါ့။ လက်ခံလိုက်ပါ။ စဉ်းစားမနေပါနှင့်" ဟု ပြောသံကို ကြားရလေရာ အခြားသော အသံတစ်သံကမူ "မင့်ကိုယ်ကို သူတစ်ပါးအထင်မှား လေအောင် ဟန်တစ်လုံးပန်တစ်လုံးနဲ့နေတဲ့အတွက် ဒီအလုပ်ကို ပေးခြင်းဖြစ်တယ်။ သူတို့လည်း မင်းကို ကိုယ့်အလုပ်အကိုင်ကြီးနှင့် နေနိုင်တယ်ထင်လို့ ဒီအလုပ်ကို ပေးခြင်းဖြစ်တယ်။ ဒီအလုပ်ကို မင်းက ဒီအတိုင်း လက်ခံလို့ရှိရင် မင်းဟာ လိမ်လည်လှည့်ဖြားရာ ရောက်တာ

ပေါ့”စသည်ဖြင့် မနေမနားပြောလျက် မောင်ဘမြိုင်သည် အတန်ကြာအောင် တစ်စုံတစ်ရာမျှ မပြောဘဲ စဉ်းစားစိတ်ကူးနေပြီးနောက် ဦးကျော်ဟိုး၏ဘက်သို့ လှည့်လျက် တည်ကြည်ပြတ်သားသော အသံဖြင့် ပြန်ပြောလေ၏။

မြိုင်။ ။ “ဦးက ကျွန်တော့်ကို အလွန်သင့်လျော်ကောင်းမွန်လှတဲ့ အလုပ်တစ်ခုကို ချီးမြှင့်ပေးကမ်းခြင်း မှန်ပါတယ်။ သို့သော် ဦးသည် ကျွန်တော့်အခြေအနေ အဖြစ်အပျက်ကို လုံးလုံးကြီး မသိရဘဲနှင့် ချီးမြှင့်ခြင်းဖြစ်ပါတယ်။ ဒီကနေ့ မနက် မောင်တင့်ဆွေ၊ မစိန်ညွန့်တို့နဲ့ တွေ့ရစဉ်က ကျွန်တော်ဟာ တစ်လ ၈၀ စား အလုပ်ကို လျှောက်ထားမယ်လို့ သွားဆဲဖြစ်ပါတယ်။ ဟိုရောက်တော့ ဒီနေရာကို လျှောက်တဲ့လူပေါင်း ၁၂၀ ယောက်အနက် တစ်ယောက်သောလူကို ရွေးချယ်ခန့်ထားပြီးဖြစ်ကြောင်း ကျွန်တော် သိခဲ့ရပါတယ်။ ကျွန်တော်ဟာ ရန်ကုန်မြို့ရောက်တာ ငါးလရှိပါပြီ။ ဒီအတောအတွင်း ဟိုတိုက်မှာလျှောက်၊ ဒီရုံးမှာလျှောက်၊ ဘယ်တိုက် ဘယ်ရုံးမှာမှ အလုပ်မရခဲ့တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒီငါးလအတွင်း ပါလာသမျှ ငွေကလေးရော၊ အဝတ်အစားရော နောက်ဆုံးမှာ စောင်ကလေး တစ်ထည်တောင် ချန်မထားနိုင်ဘဲ အားလုံးကုန်ရောင်းလိုရောင်း၊ ပေါင်လိုပေါင် ပြုလုပ်စားသောက်ခဲ့ရပါတယ်။ မှန်တဲ့အတိုင်း ပြောပြရင် ထမင်းနဲ့ ဟင်းနဲ့ ရယ်လို့ မစားရတာဟာ ငါးရက်ထက်နည်းမည် မထင်ပါ။ နောက်ဆုံးစားသောက်ရတဲ့ အာဟာရမှာ မနေ့နံနက် ဟိန္ဒူဆိုင်မှ ဝယ်ရတဲ့ ပူတီနှစ်ပြားဖိုးဟာ နောက်ဆုံးစားရခြင်း ဖြစ်ပါတယ်။ ဒီကနေ့နံနက် ဝမ်းထဲက ဆာဆာနဲ့ အလုပ်လျှောက်ဖို့ အသွားမှာ မောင်တင့်ဆွေတို့နဲ့ တွေ့လေတော့ သူတို့ကျွေးမွေးတဲ့ အစားအစာကို နွားငတ်ရေကျဆိုသလို မဟားတရားကြီး မရှိလွန်းအောင် ဟန်ဆောင်ပြီး စားခဲ့ရပါတယ်။

မောင်တင့်ဆွေက ခေါ်တော့ အလုပ်အကိုင်ပဲ ရှိနေသလိုလို ဟန်လုပ်ပြီး ငြင်းမိပါတယ်။ စင်စစ်မှာတော့ ကျွန်တော့်မှာ ဘာအလုပ်မှ မရသေးတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒီလိုဟန်လုပ်ပြီးပြောစဉ်ကတော့ ခုလို ကိစ္စမျိုး ဖြစ်ပေါ်လာလိမ့်မယ်လို့ မတွေးမိတာလည်း မှန်ပါတယ်။ ယခုမှာတော့ ကျွန်တော့်ကို ဦးက တကကယ့်တကယ် လူတစ်လုံး သူတစ်လုံးမှတ်ပြီး မန်နေဂျာအလုပ်ကို ပေးခြင်းဖြစ်ပါတယ်။ ဒီအတိုင်း ကျွန်တော် လက်ခံခဲ့လို့ရှိရင် လိမ်ညာလှည့်ဖြားရာ ရောက်ပါလိမ့်မယ်။ မူလကတည်းက မှန်တဲ့အတိုင်း မပြောမိတဲ့အတွက် လိမ်လည် လှည့်ဖြားမိတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်။ သို့သော် နောက်ဆုံး ကျွန်တော်ပြောလိုတာကတော့ ယခုလို ကျွန်တော်ဒုက္ခတွေ့ရ ခြင်းဟာ မရိုးမသား မဖြောင့်မတ်လို့ မဟုတ်ရပါဘူးဦးခင်ဗျာ။ ထူတဲ့ အတဲ့အတွက် အိမ်ကပါလာခဲ့တဲ့ ငွေကလေးကို လူလိမ်ခံရတဲ့အတွက် ဒီလိုဆင်းရဲဒုက္ခမျိုးနဲ့ ကျွန်တော် တွေ့ရခြင်းဖြစ်ပါတယ်ဦး ခင်ဗျာ။

ဆွေ။ ။ (စားပွဲကို လက်သီးနှင့်ထုလျက်) "ခင်ဗျားကို ကျုပ်တို့ မသိ ဘဲ နေပါ့မလားဗျ။ ဒီဟာတွေအားလုံး လျှောက်ပြီးပြောနေဖို့ ဘာလို သလဲဗျ။ အဲ့ဩပါရဲ့ ကိုဘမြိုင်ရယ်။ ဒါနဲ့များတောင် ကျုပ်တစ်ယောက် လုံးကို ခင်ဗျားသတိမရတာ အံ့ဩပါရဲ့ဗျာ"

မြိုင်။ ။ (ပြုံးလျက်) "ကျုပ်ဝါသနာက သူတစ်ပါးဆီမှာ အသနားမခံ တတ်ဘူး မောင်တင့်ဆွေရဲ့။ ကရုဏာနဲ့ကျွေးတဲ့ထမင်းကို မျိုလို့မကျဘူး မောင်တင့်ဆွေ" ဟု ပြော၍ မောင်ဘမြိုင်သည် မစိန်ညွန့် အား လှမ်း၍ကြည့်လိုက်ရာ မစိန်ညွန့်မှာမူ ပြတင်းပေါက်သို့သွား၍ အပြင်သို့ ငေးမျှော်လျက်ရှိနှင့်လေပြီ။ ထိုအခါ ဦးကျော်ဟိုးက -

ဟိုး။ ။ "ဦးလည်း မောင်တင့်ဆွေရဲ့ ဖခင်ပါမောင်ရယ်။ ဦးစကားကို လည်း လက်ခံပါဦး။ မောင့်မှာ လူလိမ်ခံရတာနဲ့ ဦးပေးတဲ့

အလုပ်နဲ့ ဘာဆိုင်ပါသလဲ မောင်ရယ်"

မြိုင်။ ။ "ဦးက ကျွန်တော့်ကို လူတစ်လုံးသူတစ်လုံးထင်ပြီး ဒီအလုပ်ကို ပေးတာကိုး ဦးရဲ့"

ဆွေ။ ။ "မထင်ပါဘူးဗျာ၊ မထင်ပါဘူး" ဟု ပြောပြီးမှ မောင်တင့်ဆွေသည် မိမိ၏အမှားကို မိမိမြင်သဖြင့် ပြောမိသောစကားအတွက် လျှာကိုဖြတ်လှီး၍ ပစ်လို၏။ သို့ရာတွင် မောင်ဘမြိုင်သည် ရိပ်မိခဲ့လေပြီ။

မြိုင်။ ။ "သြော် ဒါဖြင့် ခင်ဗျားတို့က အစကတည်းက ရိပ်မိပြီးသားလား။ လက်စသတ်တော့ ကရုဏာ သဘောကိုးဗျ။ ကျွန်တော့်ကို သနားကြလို့ ချီးမြှင့်မယ်လို့ စီမံကြတာကိုး" ဟု ပြော၍ ထိုင်ရာမှ ထလေ၏။ ထိုအခါ မစိန်ညွန့်သည် ပြတင်းပေါက်အနီးမှ ပြန်လာ၍ တည်ငြိမ်သောအသံဖြင့် –

ညွန့်။ ။ "ကိုဘမြိုင် စွပ်စွဲခြင်းဟာ နည်းလမ်းမကျဘူးလို့ ကျွန်မထင်ပါတယ်။ ကျွန်မတို့ဖေဖေ သိပြီးတာတော့ မှန်ပါတယ်။ ကျွန်မကပဲ အားလုံးပြောပြလိုက်ပါတယ်။ ရှင့်မျက်နှာနဲ့ ရှင် လမ်းလျှောက်ပုံကို ကျွန်မမြင်လိုက်ရကတည်းက ရှင့်အခြေအနေကို ကျွန်မရိပ်မိပါတယ်။ ထမင်းမစားရဘဲ ရက်ပေါင်းများစွာနေရတဲ့လူမျိုးကို လူတိုင်း မမြင်ဖူးပါဘူး။ ကျွန်မ မြင်ဖူးပါတယ်။ ဒါကြောင့် ကျွန်မသိပါတယ်။သို့သော်လည်း ဖေဖေဟာ ကရုဏာသဘောသက်သက်နဲ့ ရှင့်ကို ဒီအလုပ်မှာ ခန့်ထားလိုခြင်း ဖြစ်တယ်လို့ စွပ်စွဲခြင်းဟာကတော့ ရှင့်ကိုယ်ကိုယ်လည်း ရှင်နှိပ်ဖွဲ့အောင် ပြုလုပ်ရာရောက်ပါတယ်။ ကျွန်မတို့ကိုလည်း နှိပ်ဖွဲ့အောင် ပြုလုပ်ရာ ရောက်ပါတယ်။ ရှင်က ဟိုလူဒီလူတွေဆီမှာ အလုပ်လျှောက်ခဲ့တယ် ဟုတ်စ။ အကယ်၍ ဟိုလူများက ရှင့်ကို ရွေးချယ်ခန့်ထားခဲ့လို့ရှိရင် ကရုဏာသဘောအလျောက်

ခန့်ထားခြင်း ဖြစ်တယ်လို့ ရှင်စွပ်စွဲနိုင်မလား။ ဒါနဲ့တောင် ကျွန်မတို့ ဖေဖေက ထိုက်တန်တယ်ထင်လို့၊ သင့်တော်တယ်ထင်လို့၊ လုပ်နိုင်မယ် ထင်လို့၊ ရှင့်ကို ဒီအလုပ်ပေးတော့ ရှင်က ယုန်ထင်ကြောင်ထင် ထင်ပြီး လက်မခံဘူး လုပ်နေတယ်။ ဒီအလုပ်ကို ရှင်က သေးနုပ်တယ် ထင်လို့၊ လက်မခံရင်တော့ ကျွန်မ မပြောတတ်ပေဘူးပေါ့ရှင်"

ထိုခဏ၌ မောင်ဘမြိုင်၏နောက်မှ တံခါးပိတ်သံလိုလို ကြားရသော်လည်း မောင်ဘမြိုင်သည် လှည့်၍မကြည့်ချေ။

မြိုင်။ ။ "မဟုတ်ရပါဘူး မစိန်ညွှန့်ရာ။ ဒီလိုတော့ မထင်လိုက်ပါနဲ့၊ သည်းခံပါ။ မစိန်ညွှန့်တို့ဖေဖေ ပေးတဲ့အလုပ်ကို ကျုပ် ဒီလို ထင်ဝံ့ပါ့မလားဗျာ။ တော်နိုင်ပါမလားဗျာ"

ညွှန့်။ ။ "ရှင်က ဘယ်လိုထင်တာမထင်တာ ကျွန်မ အရေးမကြီးပါဘူး။ သို့သော်လည်း ကျွန်မ သိရသလောက်မှာတော့ ဖေဖေက ရှင့်ကို အကြံတစ်ခုပေးတယ်။ ရှင်က ဒီအကြံကို ကရုဏာသဘောလေး၊ ဘာလေးနဲ့ ပြောတယ်။ ဒါပဲ ကျွန်မ သိတယ်။ ရှင်ထင်တာက ဒီလို မဟုတ်ဘူးဆိုရင် ရှင့်ဟာရှင် ရှင်းလင်းအောင် တစ်ခါပြန်ပြီး ပြောဦး"

ထိုအခါ ရက်ပေါင်းအတော်ကြာကာ အာဟာရမမှီဝဲခဲ့ရသော မောင်ဘမြိုင်မှာ ဦးခေါင်းထဲ၌ ရှုပ်ထွေးမူးနောက်ခြင်း ဖြစ်သည်နှင့် မည်သို့မျှ တုံ့ပြန်ချေဆိုခြင်း မပြုနိုင်တော့ဘဲ ကလားထိုင်ပေါ်သို့ ပြန်ထိုင်၍ လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကို အုပ်ပြီးလျှင် ကလေးသူငယ်ကဲ့သို့ ရှိုက်ကြီးတငင် ငိုကြွေးလေ၏။ မစိန်ညွှန့်မှာမူ ကြင်နာသနားခြင်းကြီးလှသော မျက်နှာထားနှင့် မောင်ဘမြိုင်အား ကြည့်လျက် ရှိလေ၏။

ထိုခဏ၌ မောင်တင့်ဆွေ၏မျက်နှာသည် ပြတင်းပေါက်မှ ပြူ

ကြည့်လိုက်ရာ မစိန်ညွန့်က လက်ပြ၍ နှင်လိုက်၏။ မစိန်ညွန့်သည် လူမှုလူရေးကို နားလည်ကျွမ်းကျင်သူတစ်ယောက်ဖြစ်သည့်အတိုင်း မည်သို့မျှ မပြောဘဲ ဆိတ်ဆိတ်သာလျှင် ကြည့်နေရာ မောင်ဘမြိုင် သည် ငိုယို၍ အားရသောအခါတွင် လက်ဝါးများကို ဖယ်ရှား မော့ကြည့်လိုက်၏။

မြိုင်။ ။ "မခိန်ညွန့်က ဒါကြောင့်မို့လို့ ဒံပေါက်တွေ၊ ကြက်သားရိုးစ်တွေ မှာခိုင်းတယ်လား"

ညွန့်။ ။ "ဒါကြောင့်ပေါ့ရှင်၊ ကောင်းလည်း ကောင်းတဲ့ဒံပေါက်ပါ ပေရှင်၊ မကောင်းဘူးလား"

မောင်ဘမြိုင်သည် ထိုင်ရာမှထ၍ မစိန်ညွန့်ဘက်သို့လှည့်လျက် တည်ငြိမ်သောအသံဖြင့် -

မြိုင်။ ။ "ကိုယ်မိုက်တဲ့အတွက်ကိုတော့ ဆင်ခြေမပေးလိုတော့ပါဘူး ခင်ဗျာ။ ဒီပြင်လူလိုဆိုရင် ဆင်ခြေပေးမိပါသေးရဲ့။ မစိန်ညွန့် ကိုတော့ ဆင်ခြေမပေးတော့ပါဘူး။ မစိန်ညွန့်လို မိန်းမကိုလည်း တစ်ခါမှ မတွေ့ဖူးဘူး။ မှန်ပါတယ်။ တကယ့်ကို တော်ပါပေတယ်။ ချီးမွမ်းပါရဲ့။ တကယ်တော်တဲ့ မိန်းမတစ်ယောက်ဖြစ်သည့်အတွက် ကျွန်တော်ပြောပြမယ့် စကားများကိုလည်း နားလည်ပါလိမ့်မယ်။ မစိန်ညွန့်တို့ဖေဖေက ပေးတဲ့အလုပ်ကို ဒီက လက်မခံခြင်းဟာ တခြား အကြောင်းကြောင့် မဟုတ်ပါဘူး။ မစိန်ညွန့်။ မှန်တဲ့အတိုင်း ပြောရ မယ်ဆိုရင် မစိန်ညွန့်ကို မြင်ရတဲ့ အချိန်ကစပြီး အခြားဘယ်မိန်းမ အပေါ်၌မှ မဖြစ်ပေါ်ခဲ့ဖူးတဲ့ စိတ်ထားမျိုး ဖြစ်ပေါ်လာခဲ့သည်အတွက် ဦးပေးတဲ့အလုပ်ကို ငြင်းပယ်ရခြင်းဖြစ်ပါတယ်။ ဦးကိုတော့ ဒီအကြောင်းကို မပြောဘူးပလေ။ သို့သော် မစိန်ညွန့်ကိုတော့ ဟုတ်မှန် တဲ့အတိုင်း သိပါစေလို့ သဘောထားပြီး ပြောရခြင်းဖြစ်ပါတယ်။ ဒီက

အတွက် ဒီကနေ့ မစိန်ညွှန့် ဆောင်ရွက်ပုံတွေဟာ ကျေးဇူးတင်လို့ မဆုံးနိုင်ပါဘူး။ မေ့လည်း မမေ့နိုင်ပါဘူး မစိန်ညွှန့်"

ထိုစကားကို နားထောင်လျက်ရှိသည့် မစိန်ညွှန့်သည် အချို့သော မိန်းကလေးများကဲ့သို့ မျက်နှာကို အောက်သို့ချခြင်းမရှိဘဲ မျက်နှာကို စေ့စေ့ကြည့်လျက်ပင် နားထောင်လျက်ရှိ၏။

ညွှန့်။ ။ "ဒါဖြင့် ကိုဘမြိုင် နက်ဖြန် ပြန်မယ်ပလေ"

မြိုင်။ ။ "မီးရထားခ မပါခဲ့လေတော့ မစိန်ညွှန့်တို့ မောင်နှမ ကားနဲ့ လိုက်ပို့ရင်ဖြင့် ပြန်နိုင်ဖို့ ရှိပါတယ်"

ညွှန့်။ ။ "မီးရထားခလည်း မရှိဘူး၊ ကျွန်မအတွက် ဆရာဝန်ခပေးဖို့လည်း မရှိဘူး ဆိုပါတော့"

မောင်ဘမြိုင်သည် နားမလည်သော မျက်နှာထားနှင့် ငေး၍ ကြည့်နေ၏။

ညွှန့်။ ။ "တယ်ထူတဲ့ လူတစ်ယောက်ပဲ။ ရှင်နဲ့ ရန်ကုန်လိုက်ပြီး နေ့တိုင်း နေ့တိုင်း ဒံပေါက်တစ်ပွဲနဲ့ ကြက်တစ်ကောင်စားနေရလို့ရှိရင် အစာမကြေတာနဲ့ ဆရာဝန်ခေါ်လို့ လောက်နိုင်ပါတော့မလား ရှင့်။ လိုက်လည်း မလိုက်ချင်ပါဘူး။ ဒီတော့ ကျွန်မ ဘယ့်နှယ်လုပ်မလဲ ရှင်သိလား။ ဖေဖေ့ကို ခေါ်ပြီး မန်နေဂျာအလုပ် ရှင်လက်ခံပါပြီလို့ ပြောလိုက်မယ်။ တယ်ထူတဲ့ အတဲ့လူပဲ။ ဟိုတယ်မှာတုန်းက ရှင့်ဆီမှာ အကြွေမရှိဘူးလားလို့မေးတော့ ရှင့်မျက်နှာထားဖြစ်သွားပုံကို ကျွန်မ မြင်ရကတည်းက ကျွန်မစိတ်ထဲမှာ ဘယ်လိုဖြစ်သွားတယ်ဆိုတာ ရှင်မသိတာ မမြင်တာများ အံ့ဩပါရဲ့ရှင်" ဟု ပြော၍ မစိန်ညွှန့်သည် ကြောင်တောင်ကြီး ငေးကြည့်နေသော မောင်ဘမြိုင်ကို ထားခဲ့ပြီး လျှင် တံခါးရှိရာသို့ သွား၍–

"ဖေဖေ ကိုဘမြိုင်က ဟိုအလုပ်ကို လက်ခံပါ့မယ်တဲ့"

ဟိုး။ ။ "ကောင်းပါ့လေ သမီးရယ် ကောင်းပါလေ့။ ဒီ့ထက်ကောင်းတာ မရသေးခင် လက်ခံမယ်ဆိုပါတော့"

ညွန့်။ ။ (ခပ်ပြုံးပြုံးနှင့် မောင်ဘမြိုင်အားကြည့်လျက်) "ဒီ့ထက်ကောင်းတာ မရသေးခင် လက်ခံမယ်တဲ့။ ဒီအတိုင်းပဲ မဟုတ်လား ကိုဘမြိုင်"

သူရိယမဂ္ဂဇင်း၊ အတွဲ(၂၀)၊ အမှတ်(၁)၊ မတ်၊ ၁၉၃၆

❑



# မင်းတုန်းမင်း၏ ရွှေဖလား

ကျွန်တော်နှင့် ဒဂုံတင့်သည် ဆူးလေဘုရားလမ်းနှင့် ဖရေဇာလမ်းထောင့်ရှိ လေးထပ်တိုက်ကြီး၌ အခန်းတစ်ခန်းငှား၍ ဒဂုံတင့်က လူနာအဖြစ်ဖြင့်လည်းကောင်း၊ ကျွန်တော်က လူနာပြုစုစောင့်ရှောက်သူအဖြစ် လည်းကောင်း နေထိုင်ကြကြောင်းကို လွန်ခဲ့သောအပတ်တွင် ဖတ်ရှုမိကြပေလိမ့်မည်။ ဒဂုံတင့်ကို ကုသသော ဆရာဝန်မှာ လက်ထပ်ခြင်းကိစ္စအတွက် အထက်မြန်မာပြည်သို့ ခေတ္တသွားရောက်လျက်ရှိစဉ် ကျွန်တော်တို့နှစ်ယောက်သည် တိုက်ခန်းအတွင်း၌ လွတ်လပ်စွာ တိုင်ပင်ပြောဆိုလျက် ရှိကြ၏။

ဂုံ။ ။ "ကျုပ်တော့ဖြင့် စေ့စေ့တွေးတော့ ရေးရေးထင်ဆိုတဲ့ စကားလို တွေးမိတိုင်း တွေးမိတိုင်း စိန်တို့၊ ကျောက်တို့၊ ရတနာသိုက်တို့ ဆိုတဲ့ ပစ္စည်းမျိုးတွေကို ကြံစည်ရတာ စိတ်ကုန်ပါပြီဗျာ ခိုးရာပါ ပစ္စည်းဆိုပြီး ဝယ်တဲ့လူများက သိပ်နှိမ်ချကြတယ်ဗျ။ ဟို မဂိုလမ်းတုန်းက စိန်ဘာဘူတိုက်ဖောက်လို့ရတဲ့ ပစ္စည်းတွေ၊ ဟိုတစ်လောက စိန်ဘာဘူဆီက လိမ်ယူ

လိုက်တဲ့ လက်ဝတ်လက်စားတွေဟာ ရောင်းလိုက်တော့ ဘာ ရသလဲဗျ ၂၀၀ဝိ တန်လို့လည်း ၁၀ဝိ မပေးချင်၊ ၃၀ဝိ တန်လို့ မှလည်း ၁၀ဝိ မပေးချင် ဆုံးရှုံးရတဲ့လူမှာတော့ ဒီ ကျပ်၊ ကျုပ်တို့ရတော့ တစ်မူး တစ်ပဲဆိုသလို ဖြစ်နေတော့ ဒီက ရှေ့လျှောက်ဖြင့် ရတနာဆိုလျှင် လက်ဖျားနဲ့တောင် မထိ တော့ဘဲ၊ အလွန်ဆုံး ရွှေထည် ငွေထည်လောက်ပဲ ကြံစည် တော့မယ်လို့ အောက်မေ့တယ်။ အရဲစွန့်ပြီး ခိုးရတဲ့သူခိုးက တစ်ကျပ်သား အကျိုးခံစားရပြီး အိမ်က ဒူးနန့်နေတဲ့ သူခိုး လက်ခံက နှစ်ကျပ်သား အကျိုးခံစားချင်ကြတော့ ဘယ်မှာ တရားမလဲဗျ..."

မန်း။ ။ "သူတို့ကတော့ သူတို့လည်း စွန့်ပြီး လက်ခံရတာပဲလို့ ဆိုချင် ကြတယ်"

ဝုံ။ ။ "သူတို့စွန့်ရတာက ကျုပ်တို့ စွန့်ရတာနဲ့ နှိုင်းလိုက်လျှင် တူနိုင် မလားဗျ။ သူတို့ဟာက အလွန်ဆုံးမှ ထောင်ဒဏ်လောက် ရှိတာပဲ။ ကျုပ်တို့အလုပ်က လက်ပူးလက်ကြပ်မိသွားလျှင် သေနတ်နဲ့လည်း အပစ်ခံရနိုင်တယ်။ ဓားနဲ့ ထိုး၊ တုတ်နဲ့ ရိုက် လုပ်နိုင်သလို လုပ်တာ ခံရနိုင်တယ်။ မသကာလျှင် သူတို့နဲ့ ကျုပ်တို့ အချိုးအစားအတူတူလောက် ယူကြဖို့ ကောင်းတယ်။ အခုတော့ သူတို့ တစ်ကျပ်သားအကျိုးရှိမှ ကျုပ်တို့ကို တစ်မတ်သားလောက် ပေးချင်ကြတယ်။ ၁၀၀ဝိ ဆိုတဲ့ လက်ကောက်ဟာ ၂၅ဝိ တည်းနှင့် ရောင်းရတာ တွက် ကြည့်တော့လေဗျာ။ ကြံရည်ဖန်ရည်ရှိတဲ့ သူခိုးကြီးတစ် ယောက်က သူခိုး၊ ဓားပြ၊ ကတ်ကြေးကိုက်များအသင်း ဖွဲ့ ထားပြီး အသင်းသားတွေ မှန်မှန်ကန်ကန်နဲ့ ထိုက်တန်

သလောက် အကျိုးခံစားရအောင် စီမံပေးနိုင်လျှင်တော့ ကောင်းမှာပဲဗျာ"

မန်း။ ။ "ဒါဖြင့် ခင်ဗျားကိုယ်တိုင် ရှေ့ဆောင်ပြီး လုပ်ပါတော့လား ဗျ"

ဂုံ။ ။ "မလုပ်ဘူး မထင်နဲ့ဗျ၊ တစ်နေ့သဉ္ဇတော့ ကျုပ် လုပ်ချင် လုပ်ထားမှာ'

မန်း။ ။ ဒီလိုဆိုလျှင် ခင်ဗျားက စိန်တွေ ကျောက်တွေကို မယူတော့ ဘဲ ရွှေထည်ငွေထည်တွေမှ ယူတော့မယ်ပေါ့လေ'

ဂုံ။ ။ "ခုဖြင့် ဒီလိုပဲ အောက်မေ့တော့တယ်"

မန်း။ ။ "ဒီလိုအောက်မေ့ပုံကတော့ အကြံအစည်တစ်ခုခုရှိဟန် တူ တယ်"

ဂုံ။ ။ "အဟမ်း... ဟုတ်ကဲ့၊ မနေ့က သတင်းစာထဲမှာ ကြော်ငြာ တစ်ခု တွေ့လိုက်ရလို့ ဒီအကြံပေါ်ပေါက်လာတယ် ဆိုပါ တော့ဗျာ"

မန်း။ ။ "ဘယ်ကြော်ငြာလဲဗျ"

ဂုံ။ ။ "ဂျူဗလီဟောအခွဲပွဲကြီးမှာ ရွှေထည် ငွေထည်တွေကို လက်မှု ပညာပြိုင်ပွဲအဖြစ်နဲ့ ပြသကြရာမှာ ဆွေတော်မျိုးတော်ကြီး တစ်ဦးက သီပေါဘုရင်မင်းမြတ် အသုံးပြုတော်မူခဲ့တဲ့ ရွှေဖလား၊ ရွှေကြုတ်၊ ရွှေသင်ဖြူး၊ ငွေသင်ဖြူး အစရှိတဲ့ မင်းသုံးမင်းဆောင် ပစ္စည်းများကို အများပြည်သူတို့ မြင်ကြ ရ၍ ဗဟုသုတဖြစ်စေဖို့ တင်ပြထားတယ်လို့ တွေ့လိုက်ရ တယ်။ တချို့ပစ္စည်းတွေဟာ အလောင်းမင်းတြားကြီး ဦးအောင်ဇေယျလက်ထက်ကတည်းက ပန်းထိမ်တော်များ လုပ်ထားခဲ့တဲ့ လက်ရာတွေ ဆိုကိုးဗျ"

မန်း။ ။ "ဒီလိုဆိုလျှင် အင်္ဂလန်ပြည်လို အဟောင်းအမြင်းစုဆောင်းတဲ့ ပုဂ္ဂိုလ်များမြင်ကြလျှင် သွားရည်ကျလောက်မှာပဲဗျို့။ သူတို့အဖို့ဆိုလျှင် တန်ဖိုးမဖြတ်နိုင်အောင် ရှိမှာပဲ"

ဂုံ။ ။ "ကျုပ်တို့ကတော့ သူတို့မျက်စိမျိုး မဟုတ်ဘူးပေါ့ဗျာ၊ ရွှေချိန်ဘယ်လောက်သား ရှိသလဲ ကြပ်ကြပ်အချိန်စီးလျှင် ကြပ်ကြပ် သဘောကျတာပဲ၊ သင်ဖြူးတစ်လိပ်ဆိုလျှင် အချိန်နည်းမှာ မဟုတ်ဘူးဗျ"

မန်း။ ။ "သင်ဖြူးအလိုက်ဆိုရင် အဖိုးငွေ အများကြီးနေလို့မ်မယ်။ ရွှေဖိုးဘက်ရာဇဝင်သဘောနဲ့ အဟောင်းအမြင်းသဘောပါ ထည့်တွက်လိုက်လျှင် တက်တက်စင်အဖိုးတွေ နေမှာပဲ"

ဂုံ။ ။ "နားမလည်ဘူးလေ ကျုပ်တို့ကတော့ အရည်ကျိုရောင်းမှာပဲ"

မန်း။ ။ "ရောင်းတာက ဟုတ်ပါပြီ၊ ရအောင်ကော ဘယ်လိုလုပ်မှာလဲဗျ"

ဂုံ။ ။ "ဂျူဗလီဟောထဲမှာ တစ်ညလုံးအောင်းနေပြီး ဖွင့်ချိန်ကျတော့မှ ပရိသတ်နဲ့ ရောထွက်ခဲ့ဖို့ပေါ့ဗျာ"

မန်း။ ။ "တစ်ညလုံး ကြိုက်တာတွေ ရွေးယူမယ်ပေါ့လေ... သို့သော်ခင်ဗျား ကြံစည်သလို တစ်ညလုံးအောင်းနေဖို့ ဖြစ်နိုင်ပါ့မလားဗျ"

ဂုံ။ ။ "ပြပွဲက ၇ ရက်တိတိ ဖွင့်မယ်ဆိုတော့ အချိန်ရှိသားပဲဗျ၊ ဖြစ်နိုင် မဖြစ်နိုင်တာကို ကိုယ်တိုင်သွားပြီး စုံစမ်းကြမှာပေါ့ဗျ"

မန်း။ ။ "ဘယ်တော့လဲဗျ"

ဂုံ။ ။ "နက်ဖြန်နံနက်တော့ သွားကြည့်ကြမယ်ဗျာ"

မန်း။ ။ "ကြည့်ရုံပဲလားဗျ"
ဂုံ။ ။ "ဒီတစ်ခေါက်တော့ ကြည့်ရုံလောက် တတ်နိုင်ဦးမှာပေါ့
ပြီးတော့ ပုံတော်သလို ကြည့်စီမံကြတာပေါ့"

* * *

နောက်တစ်နေ့နံနက် (၉) နာရီခွဲအချိန်တွင် ကျွန်တော်နှင့် ဒ
တင့်တို့သည် ဂျူဗလီဟောရုံကြီးသို့ သွားကြ၍ လူတစ်ယောက်လျှ
(၈) ပဲစီနှင့် ရုံတွင်းသို့ ဝင်သွားကြသောအခါ ထိုအချိန်မှာ ဖွင့်ခါစဖြ
သည်နှင့် ပရိသတ်များမရှိသေးဘဲ၊ ဤနေရာ ထိုနေရာ စသည်တို
နှစ်ယောက်တစ်တွဲ၊ သုံး ယောက်တစ်တွဲ စသည်တို့ဖြင့် လေးငါးတွဲ
ခန့်သာ ရောက်ကြသေး၏။ ကျွန်တော်တို့သည် စားပွဲကြီးများပေါ်
တသီးတသန့်စီ တင်ထားသော ယွန်းထည်၊ သစ်သားပန်းပုထ
စသည်တို့ကို ကြည့်ရှုကြ၍ ရွှေထည်၊ ငွေထည်အပိုင်းသို့ ရောက်ရှိ
သောအခါ ခေတ်ကာလပန်းထိမ်ဆရာများ ပြုလုပ်ထားသည့်
ဖလား၊ ငွေစီးကရက်ဘူးစသော ပစ္စည်းများကို တသီးတခြား တ
ထား၍ သီပေါဘုရင်၏အသုံးအဆောင်ဆိုသော ရွှေသင်ဖြူး၊
သင်ဖြူး၊ ရွှေဖလား၊ မိုးကြိုး ကွမ်းအစ် စသည့် ပစ္စည်းများကို တသ
တခြားတင်ထားကြောင်း တွေ့ရ၏။ ရွှေသင်ဖြူးနှင့် ငွေသင်ဖြူးတို့မှ
ရွှေ ငွေတို့ကို နန်းပြားဖြစ်အောင် ပြုလုပ်ပြီးမှ သင်ဖြူးရက်လုပ်သ
အတိုင်း ရက်ထားသည်ဖြစ်သောကြောင့် မမြင်ဖူးသေးသည့် ခေ
လူများအတွက် တအံ့တသြရှိနေပေတော့သည်။ ထိုင်၍ ကောင်းမ
မကောင်းမည် မပြောနိုင်သော်လည်း ငွေသင်ဖြူးမှာ ဖွေးဖွေးဖြူ
ရွှေသင်ဖြူးမှာ ဝင်းဝင်းဝါလျက် ရှိသောကြောင့် အလွန်တရာ လှပ
ပါပေ၏။

တစ်ခုသောထောင့်၌ လေးထောင့်မှန်သေတ္တာတစ်လုံးဖြင့် ထည့်ထားသော ရွှေဖလားမှာ မင်းတုန်းဘုရင်လက်ထက်မှ အသုံးအဆောင်ဖြစ်သည်ဟု စာရေးထားသည့်ပြင် အလွန်သေးငယ်သော်လည်း အလွန်ပီသထင်ရှားသော ရုပ်လုံးကလေးများဖြင့် အလောင်းတော် တေမိမင်းသားကို အလိုစမ်းသည့် ဇာတ်လမ်းအတ္ထုပ္ပတ္တိ ထွင်းထုပါရှိသည်ဖြစ်သောကြောင့် ဒဂုံတင့်သည် ၎င်းရေသောက်ဖလားကို မြင်လျှင်မြင်ချင်း မျက်စိကျလျက်ရှိ၏။ အလေးချိန် မည်မျှစီးမည် မသိသော်လည်း ၎င်းဖလားဖြင့် ဘီယာထည့်၍ သောက်ရလျှင် သပျော်နေပျော်ရှိသည် ဟူ၍ပင် ပြက်ရယ်ပြု၍ ပြောသေး၏။ ၎င်းရွှေဖလားမှာမူ အလွယ်တကူ မထားဘဲ မှန်သေတ္တာတစ်လုံးဖြင့် သီးသန့်ထားသည့်ပြင် အဖုံးတွင် သော့ခတ်လျက် ပိတ်ထားလေသည်။

ဒဂုံတင့်သည် ရွှေဖလားထည့်ထားသော မှန်သေတ္တာအနီး၌ တရစ်ဝဲဝဲ လုပ်နေစဉ် ၎င်း၏မျက်နှာထားကို ကြည့်ရခြင်းအားဖြင့် ရွှေဖလား၏တန်ဖိုးထက် ၎င်းကိုထုလုပ်သည့် ရွှေပန်းထိမ်ဆရာ၏ လက်ရာနှင့် တောက်ပြောင်ဝင်းဝါသောအဆင်းကို နှစ်သက်သဘောကျဟန်တူ၍ ၎င်းရွှေဖလားဖြင့် ဘီယာထည့်၍ သောက်စမ်းချင်သည်ဆိုသော စကားမှာ ပြက်ရယ်မဟုတ်ဘဲ အကယ်ပြောခြင်းဖြစ်ဟန် တူသည်ဟု ကျွန်တော် စဉ်းစားမိ၏။

ဂုံ။ ။ "ဟုတ်တယ် မန်းတင့်ရဲ့၊ သူတို့အင်္ဂလိပ်တွေက ဘီယာကို 'ပြုကာ' ခွက်နဲ့ သောက်ကြတယ်ဆိုလို့ ပြုကာခွက်တစ်လုံးကို ၂၅ ကျပ်ပေးပြီး ကျုပ် ဝယ်သောက်ကြည့်တယ်၊ ဒီလောက် မနိပ်လှပေါင်ဗျာ။ ဒီလို ရွှေဖလားနဲ့များ ထည့်သောက်လိုက်ရ လူဖြစ်ကျိုးနပ်တာပဲလို့တောင် ကျုပ် အောက်မေ့နေတယ်ဗျာ"

မန်း။ ။ "ခင်ဗျားနယ်ဗျာ ဘီယာကို ရွှေခွက်နဲ့ ထည့်သောက်တာနဲ့ အရသာထူးဦးမှာလားဗျာ"

ဂုံ။ ။ "ခံတွင်းမှာတော့ မထူးပေဘူးဗျာ၊ သို့သော် မင်းတုန်းမင်း ဘုရင်သောက်တဲ့ ဖလားလည်း ဖြစ်ပြန်၊ ရွှေဖလားလည်း ဖြစ်ပြန်တော့ ကျုပ် စိတ်ထဲမှာ သိပ်ထူးမှာပဲဗျ။ ကျုပ်စိတ်ကို ခင်ဗျား နားမလည်ဘူးနော်၊ ဒီဟာမျိုးဟာ တယ်ခက်တာပဲ၊ သို့သော် ခင်ဗျားနားလည်အောင် ကျုပ်က ဥပမာဆောင်ပြမယ်၊ ကျုပ်တို့ယောကျ်ားတွေဟာ မိန်းမချောချောလှလှကို ဘာပြုလို့ ကြိုက်ချင်ကြသလဲဗျ၊ ဒီကိစ္စဟာ ဖောဋ္ဌဗ္ဗာရုံဆို မဟုတ်လား၊ ကောင်းပြီ ဖောဋ္ဌဗ္ဗာရုံဆိုလျှင် လှချင်လှ၊ မလှ ချင်နေ၊ အရုပ်ဆိုးချင်ဆိုး၊ အတူတူချည်းပဲ မဟုတ်ဘူးလား။ ကိုင်း... ဒါဖြင့် ဘယ့်နှယ်ကြောင့် ချောချောလှလှနောက် လိုက်ကြသလဲဗျာ၊ အတူတူချင်းဆိုလျှင် ဘာကြောင့်မို့ ဒီလောက် ရုပ်ကလေးကို ရွေးချယ်နေကြသလဲ၊ ဒီဟာတော့ ခင်ဗျား နားလည်မှာပေါ့၊ ကျုပ်မှာလည်း ဒီလိုပဲဗျ၊ ဘီယာ သောက်ရချင်း တူပေမဲ့ ဒီလို ရွှေဖလားနဲ့ ထည့်သောက်လိုက် ရရင် အရသာ အများကြီးပိုလာနိုင်တယ် မန်းတင့်ရဲ့"

မန်း။ ။ "မိန်းမတော့ နားလည်ပါရဲ့ဗျာ၊ ဘီယာတော့ဖြင့် အရသာ ထူးတယ်လို့ ကျုပ် သဘောမပေါက်ပါဘူး"

ဂုံ။ ။ "မပေါက်ဘူးဆိုတာလည်း ဟုတ်မှာပဲ၊ နှိုင်းယှဉ်ကြည့်ဖို့ လောက်သာ ကျုပ်က ဥပမာပြနေတာပ၊ တချို့လူကတော့ မိန်းမမှာရော အတူတူပါပဲလို့ ပြောလိမ့်ဦးမယ်၊ သူ့အဖို့တော့ ဟုတ်ချင် ဟုတ်ပေမယ်၊ သို့သော် လူမှာ ယဉ်ကျေးမှုအဆင့် အတန်းအမျိုးမျိုး ရှိကြတာကိုးဗျ"

မန်း။ ။ "ရွှေဖလားနဲ့ ဘီယာထည့်သောက်ချင်တာက ယဉ်ကျေးတဲ့ လူရဲ့ အာသာဆန္ဒလားဗျာ"

ဂုံ။ ။ "ကိုယ့်လူနှယ် ဒုံးဝေးလိုက်တာဗျာ၊ ကြည့်ရတဲ့ အရုပ်ကား တစ်ကားကို ငွေလေးငါးသိန်းပေးဝယ်ကြတာ ဘယ့်နှယ် လုပ်မလဲဗျာ"

မန်း။ ။ "ဖြန်းတာတော့ မှန်ပါတယ်။ သို့သော် သူ့အဖို့မှာ အရသာ တစ်မျိုးမျိုးရှိလို့သာပေါ့ဗျ"

မန်း။ ။ "ပတ်ဝန်းကျင်ရှိတဲ့ လူတွေအပေါ်မှာ မင်းတို့ ငါ့လို ဝယ်နိုင် ရဲ့လားလို့ အသားယူခြင်းဟာလည်း အရသာတစ်မျိုးပေ ပေါ့"

ဂုံ။ ။ "ဟုတ်ကဲ့ အဲဒါလည်း တစ်မျိုးပါပဲ၊ သို့သော် အဟုတ် တကယ် နားလည်တဲ့ တချို့ လူအနည်းငယ် ရှိသေးတယ်ဗျ။ လှပတဲ့ ရုပ်အဆင်းသို့မဟုတ် သဘာဝကျတဲ့ ပန်းချီကား သို့မဟုတ် ပန်းပုရုပ်ကို မြင်တဲ့အခါမှာ အရသာတစ်မျိုး ဖြစ်ပေါ်လာတယ်။ အဲဒါ ရူပရာဂခေါ်မလား မသိနိုင်ဘူး။ သို့သော် စာတတ်ပုဂ္ဂိုလ်တွေကတော့ ဗြဟ္မာများမှာမှ ရူပရာဂ ရှိတယ်လို့ ဆိုကြလိမ့်မယ်။ ပုထုဇဉ်များမှာ အရိယာပုဂ္ဂိုလ်ရဲ့ မဂ်စိတ်ဖိုလ်စိတ်မှတစ်ပါး လောကီစိတ်အားလုံးရှိနိုင်တယ်ဆို တာ သတိမပြုမိကြဘူး၊ ရူပရာဂဆိုတာ ဈာန်စိတ်လည်း မဟုတ်ဘူးဗျ။ အတ်ထ (Art) ဆိုတာ ကာမနဲ့ ပတ်သက်လို့ လည်း မဆိုနိုင်ဘူးဗျ။ လိင်ဆိုတဲ့စိတ်ကူးဆီ မရောက်ဘဲနဲ့ အဆင်းသက်သက်ကို တပ်မက်တယ်လို့ ရှိနိုင်သေးတာကိုး ဗျ"

မန်း။ ။ "ပြောတတ်ပါဘူးဗျာ၊ ကျုပ်တို့တော့ ဉာဏ်မရှိလို့လား မဆို

နိုင်ဘူး၊ ဘီယာကို ရွှေခွက်နဲ့ ထည့်သောက်ချင်အောင် တမ်
တမ်းစွဲတော့ မဖြစ်မိပါဘူးဗျာ"

ဂုံ။ ။ "တမ်းတမ်းစွဲရယ်လို့တော့ ဘယ်ဟုတ်မလဲဗျာ၊ ဒါမျိုးက
အဖိုနဲ့ အမ နှစ်သက်ကြတဲ့အခါကျမှ တမ်းတမ်းစွဲဖြစ်တတ်
တာကိုး၊ ကျုပ်တော့ ဒီဖလားကို ရချင်နေပြီဗျို့"

"ရချင်ရင် ယူကြည့်စမ်းလေ" ဟု နောကမှ တစ်ယောက်က
ပြောလိုက်သဖြင့် လှည့်ကြည့်လိုက်ကြသည်တွင် နံပါတ်တုတ်ကိုင်
လျက် ရပ်နေသော ရဲအရာရှိတစ်ယောက်ကို တွေ့ကြရလေ၏။ ရဲအရာ
ရှိသည် နှုတ်ခမ်းမွှေးသပ်လျက် ခက်ထန်တင်းမာသော မျက်နှာထားနှင့်
ဒဂုံတင့်အား ကြည့်နေရာ ဒဂုံတင့်က ရွှင်ပျသော မျက်နှာထားနှင့် ရဲ
အရာရှိကို ပြန်ကြည့်လေ၏။

ဂုံ။ ။ "ရချင်တယ် ပြောမိတာနဲ့ ကျုပ်ကို ဆွဲချင်တယ် မှတ်တယ်

ရဲ။ ။ "ဆွဲချင်တယ်လို့တော့ ပြောတာ မဟုတ်ပါဘူး၊ ပစ္စည်းတွေ
အနှံ့အပြားထားတဲ့ အခံ့ပွဲထဲမှာ ခင်ဗျားလိုလူတစ်ယောက်က
ဒီလို စကားမျိုးပြောတော့ ထူးဆန်းတာပေါ့ဗျ"

ဂုံ။ ။ "ထူးဆန်းတယ်လား... အလွန်လှပတဲ့ ရွှေဖလားတစ်လုံး
ကို မြင်လေတော့ ကိုယ့်မိတ်ဆွေကို ကိုယ်ရချင်ကြောင်း
ပြောတာဟာ ထူးဆန်းတယ်လား ရချင်ပါ့ဗျာ၊ တကယ့်ကို
ရချင်ပါတယ်။ ဘုရားကို စူးစေ့ရချင်တယ်။ ကြားချင်တဲ့လူ
ကြား၊ ကျုပ် အော်ပြောဝံ့တယ်၊ ဘယ့်နှယ်များ ဒီလောက်လှ
ပတဲ့ ပစ္စည်းတစ်ခုကို မရချင်တဲ့လူ ဘယ်မှာရှိမလဲဗျ"

ထိုအခါ ရဲအရာရှိ၏ မျက်နှာထားမှာ အလွန်တင်းရာမှ အတန်
ပျော့ကျလာပြီးလျှင် နောက်ဆုံးတွင် ရယ်မောရလေတော့၏။

ရဲ။ ။ "ဟုတ်ပါရဲ့လေ မရချင်တဲ့လူ ရှိမှာတော့ မဟုတ်ပါဘူး၊

ကျွန်တော်တောင် ရချင်သေးရဲ့ ဟား... ဟား... ဟား..."

ဂုံ။ ။ "ဟုတ်တာပေါ့ဗျ၊ ခင်ဗျားတို့က ရချင်သော်လည်း ထုတ်ဖော်မပြောဘူး၊ ကျုပ်ကတော့ ထုတ်ဖော်ပြောတယ်၊ ဒါလောက်ကွာကြတာပဲ၊ ဒါကလေး မေးပါရစေဦး၊ ဌာနာအုပ်မင်း ခင်ဗျား ဒီလောက် အဖိုးတန်တဲ့ပစ္စည်းတွေကို ယခုလို အစောင့်အရှောက်မရှိဘဲ ထားလို့ စိတ်ချရပါ့မလားခင်ဗျာ..."

ရဲ။ ။ "ကျွန်တော့်လို လူတစ်ယောက် စောင့်နေတော့ စိတ်ချရပါတယ်"

ရဲအရာရှိအား အထက်ပါစကားကို အတည်တစ်ပိုင်း အရွှန်းတစ်ပိုင်း ပြောလိုက်ခြင်းဖြစ်ရာ ဒဂုံတင့်နှင့် ရဲအရာရှိတို့သည် တစ်ယောက်၏မျက်နှာကို တစ်ယောက် အကဲခတ်လျက်ရှိကြသည်နှင့် ကျွန်တော်ကလည်း ၎င်းတို့နှစ်ယောက်လုံး၏ အမူအရာကို သတိနှင့် ကြည့်နေလေ၏။ ကျွန်တော်ကမူ မည်သို့မျှ စွက်ဖက်ပြောဆိုခြင်း မပြုချေ။

ဂုံ။ ။ "ခင်ဗျားတစ်ယောက်တည်းနဲ့ စိတ်ချရရဲ့လားဗျာ၊ ဒီလို ထားလို့ တော်ပါ့မလား"

ဒဂုံတင့်သည် အဖိုးတန်ပစ္စည်းတစ်ခု မတော်တဆ ပျောက်ဆုံးသွားမည်ကို စိုးရိမ်သော အမူအရာနှင့် ပြောလိုက်ခြင်း ဖြစ်၏။ စင်စစ်မှာ ထိုအခိုက်အတန့်တွင် အနီးအပါး၌ ပရိသတ်ရှင်းလျက်ရှိရာ ကျွန်တော်တို့ ဝင်လာစအခါက တွေ့ရသော လူနှစ်စု သုံးစုတို့သည် ထိုအချိန်၌ ထွက်သွားကြလေပြီ။

ရဲ။ ။ "ခင်ဗျားတို့က တစ်ယောက်တည်း ထင်လို့လား၊ ဟုတ်ရိုးလားဗျာ၊ အပေါက်ဝမှာ ထိုင်နေတဲ့ လူတစ်ယောက် မတွေ့ခဲ့ကြဘူးလား"

ဂုံ။ ။ "ဒါဖြင့် သူ အခု ဘယ်မှာလဲဗျ"

ရဲ။ ။ "ပြင်ဘက်က စောင့်တဲ့လူနဲ့ စကားပြောနေတယ်၊ မကြားဘူးလား သူတို့စကားပြောနေကြတဲ့အသံကို..."

ကျွန်တော်တို့သည် နားထောင်ကြသောအခါ စကားပြောကြသော အသံများ အခန်းဝ၌ ကပ်လျက်မဟုတ်ဘဲ လှေကားအတက်ဆီမှ ပြောနေကြခြင်း ဖြစ်သည်ကို ကြားကြရ၏။

ဂုံ။ ။ "အဖိုးတန်ပစ္စည်းတွေ စောင့်နေရပြီး ခင်ဗျားတို့လက်နက်ကလည်း နံပါတ်တုတ်ပဲလားဗျာ၊ ဒီလိုဖြင့် ဘယ်ဖြစ်မလဲ... ရန်ကုန်ဂေဇက်ထဲမှာ သတိပေးနှိုးဆော်တဲ့ ဆောင်းပါးတစ်စောင်တောင် ရေးထည့်လိုက်ဦးမှ တော်မယ်။ အနည်းဆုံး ခြောက်လုံးပြူးလက်နက်လောက်တော့ ကိုင်ကြမှပေါ့ဗျ"

ရဲ။ ။ "ကိစ္စမရှိပါဘူးခင်ဗျာ၊ ဒီအတိုင်းပဲ လုံလောက်ပါတယ်"

ဂုံ။ ။ "ဘယ်က လုံလောက်မှာလဲဗျ၊ နံပါတ်တုတ်လောက်ကို ဘယ်သူက ကြောက်လိမ့်မှာလဲ"

ရဲ။ ။ "ခါတိုင်းတော့ ဒီလောက် လူမပြတ်ပါဘူး၊ စောသေးလို့ပါ ခဏကလေးနေလျှင် ပရိသတ်တွေ ရောက်လာကြမှာပါ၊ အစောင့်အရှောက်နည်းပေမဲ့ ပရိသတ်များတော့ ဘယ်သူကမှ မကြံစည်ဝံ့ပါဘူး ခင်ဗျ"

ဂုံ။ ။ "သြော်... တော်တော်ကြာတော့ ပရိသတ်တွေ ရောက်လာကြလိမ့်မယ်လား"

ရဲ။ ။ "ရောက်ကြတော့မှာပါ မကြာခင်ပေါ့"

ဂုံ။ ။ "သြော်"

ရဲ။ ။ "ခါတိုင်းဆို ဒီအချိန်မှာ စည်လှပြီး ဒီကနေ့တော့ မြင်းပွဲနဲ့ ဆိုင်နေလို့ ထင်ပါရဲ့"

ဂုံ။ ။ "လူတွေ မရောက်မီအတွင်း ကျုပ်တို့နှစ်ယောက်က ခင်ဗျား ကို အနိုင်ကျင့်ပြီး လုယူရင်ကော ဘယ့်နှယ်လုပ်မလဲ"

ရဲ။ ။ "ဘာရမလဲဗျာ လူတွေ ဝိုင်းလာကြကုန်မှာပေါ့"

ဂုံ။ ။ "ဘာပြောပြော ကျုပ်ကတော့ ရန်ကုန်ဂေဇက်ထဲ ရေးထည့် လိုက်မှာပဲ၊ ကျုပ်က လက်မှုပညာနဲ့ ပတ်သက်တဲ့ ဝတ္ထု ပစ္စည်းမျိုး၊ ရာဇဝင်နဲ့ ပတ်သက်တဲ့ ဝတ္ထုပစ္စည်းမျိုးဆိုတာ တော့ သိပ်မြတ်နိုးတာပဲ။ ဒီပစ္စည်းတွေထဲက တစ်ခုခုပျောက် ဆုံးသွားမယ်ဆိုရင် နောင်လာနောင်သားတွေ လက်မှုပညာ မျက်စိကန်းမသွားဘူးလားဗျ၊ ခင်ဗျားက အပြင်မှာ အစောင့် တစ်ယောက်ရှိတယ်လို့ ပြောတယ်၊ သူ့အသံကြားရပုံတော့ အဝေးကြီးရောက်နေပါကောလားဗျ၊ မဖြစ်ဘူး ဒီကနေ့ ထည့်လိုက်မယ်"

ကျွန်တော်တို့သည် အပြင်၌ရှိသည်ဆိုသော အစောင့်နှစ် ယောက်တို့၏ စကားသံကို နားစိုက်၍ ထောင်ကြရာ ဒဂုံတင့်ပြောသည့် အတိုင်း အတော်ဝေးလံနေသည်ဟု သိရှိရ၏။ နောက်တစ်ခဏ၌ ကျွန်တော့်မှာ နှစ်ခုသောအဖြစ်အပျက်ကို တစ်ပြိုင်နက်တည်းကဲ့သို့ မြင်လိုက်ရ၏။ ဒဂုံတင့်သည် နောက်သို့ အနည်းငယ်ဆုတ်ခွာ၍ လက် နှစ်ဖက်ဖြင့် ဟန်ပြင်လျက်ရှိစဉ် မျက်နှာထားတစ်မျိုး ပြောင်းလဲသွား ရာ၊ ရဲအရာရှိ၏ မျက်နှာမှာလည်း တစ်မျိုးတစ်မည် ဖြစ်သွား၏။

ဂုံ။ ။ "နော့ကောက်ပဲဗျို့ မန်းတင့်၊ ကိုင်း... မြန်မြန် ဆရာရေ့၊ အပေါက်ဝသွားပြီး အစောင့်တွေ ကြားသွားသလားလို့ ကြည့် လိုက်စမ်းဗျာ။ သူတို့လာကြရင် မလာနိုင်အောင် ခင်ဗျားက ကြံဖန်တားထားပေတော့ ကိုင်း... သွား"

ကျွန်တော့်မှာ ဒဂုံတင့်ပြောသောစကား၏ အဓိပ္ပာယ်ကို နား

လည်သော်လည်း လုံးဝ ပြင်ဆင်မထားရသဖြင့် အလွန်အံ့သြလှသည်နှင့် ယောင်တီးယောင်ကန်းဖြင့် သွားရောက်ကြည့်ရှုလေရာ အစောင့်နှစ်ယောက်တို့မှာ စကားလက်ဆုံကျနေကြသည့် လက္ခဏာနှင့် ကျွန်တော်တို့ဘက်သို့မျှ မကြည့်ဘဲ လက်မထောင်ကာ ရင်ကော့ကာဖြင့် စကားပြောလျက် ရှိကြ၏။ ကျွန်တော်သည် တံခါးဝမှ ရပ်၍ အခြေမပျက် စောင့်ကြည့်နေရာ အကယ်၍ တစ်ယောက်ယောက် ဝင်လာခဲ့လျှင် ခုခံရန် မတတ်နိုင်စေကာမူ ဒဂုံတင့်အား အချက်ပေးဖို့ စိတ်ကူးထားလေ၏။

ထိုလမှာ ဖေဖော်ဝါရီ (တပို့တွဲလ) ဖြစ်၍ ထိုအချိန်တွင် အတော်ပင် အေးချမ်းလျက် ရှိသော်လည်း ကျွန်တော့်မှာ တစ်ကိုယ်လုံးတွင် ချွေးများရွှဲလျက် ရှိ၏။ တင်တင်ကူးကူး ပြောထားခဲ့ပါမူ ကျွန်တော့်မှာ အထိုက်အလျောက် အကျင့်ရပြီးဖြစ်၍ ဟန်မပျက်အောင် နေတတ်ရမည်ဖြစ်သော်လည်း ယခုမှာအလျဉ်း ကြိုတင်ပြင်ဆင်ရခြင်း မရှိသောကြောင့် ရင်ထဲ၌ တဒိန်းဒိန်းလှုပ်ခုန်လျက် မျက်နှာလည်း ပျက်နေရမည်ဖြစ်ရာ အစောင့်များက ကျွန်တော့်ဘက်သို့ လှည့်၍ မကြည့်မိကြသောကြောင့်သာလျှင် မရိပ်မိကြခြင်း ဖြစ်လေသည်။ ထိုအခြင်းအရာမှာ ကံကောင်းခြင်းသက်သက်ဖြစ်ပေရာ ထိုနေ့အဖို့၌ ကျွန်တော်တို့အဖို့ တစ်လျှောက်လုံး ကံကောင်းသည့် လက္ခဏာရှိ၏။ ဒဂုံတင့်၏ ရမ်းပုံအတိုင်းဆိုလျှင် တစ်ကြိမ်မက ဆယ်ကြိမ်မျှပင် မိလိုက်ချေသေး၏။ အမှန်မှာ ကျွန်တော်၏ မျက်နှာကို မှန်တံခါးတွင် အရိပ်မြင်လိုက်ရသဖြင့် ပြူးတူးပြဲတဲ ဖြစ်နေသည်ကိုပင် တွေ့လိုက်ရ၏။

ထိုခဏ၌ ဒဂုံတင့်သည် လေကလေးချွန်ကာ အလွန်အေးဆေးသော ဟန်အမူအရာနှင့် ခြေလှမ်းမှန်မှန်လျှောက်လာလေရာ ကျွန်တော်မှာ သူ၏ လက်ထဲ၌ လည်းကောင်း၊ အိတ်ထဲ၌လည်းကောင်း၊ မည်

သည့်ဝတ္ထုပစ္စည်းကိုမျှ မမြင်ရသည်နှင့် အကြောင်းမဲ့သက်သက် မိမိကိုယ်မိမိ ဒုက္ခရှာသော လူတစ်ယောက်ဟူ၍ စိတ်ထဲ၌ အကြီးအကျယ် ဒေါပွမိ၏။ သို့ရာတွင် ထိုအခိုက်၌ စကားကောင်းနေကြသော အစောင့်နှစ်ယောက်တို့က ဒဂုံတင့်၏ လေချွန်သံကြားသဖြင့် လှည့်၍ ကြည့်လိုက်ကြသောကြောင့် ကျွန်တော့်မှာ ဒဂုံတင့်အား ဒေါပွသလောက် အော်ငေါက်ခွင့်မရတော့ဘဲ ၎င်းနှင့်အတူ အပြင်သို့ ထွက်လိုက်လာခဲ့ရလေ၏။ အစောင့်များအနီးသို့ရောက်သောအခါ ဒဂုံတင့်သည် တောက်လျှောက်မသွားသေးဘဲ မည်သည့်အချိန်၌ ပရိသတ်အများဆုံးလာတတ်သည်ကိုပင် အစောင့်များအား မေးလိုက်ချေသေး၏။

"ဒီကနေ့ သိပ်လူနည်းတယ် ဆရာ၊ ခါတိုင်းဆိုရင် ဒီလိုအချိန်မှာ ကျိတ်ကျိတ်တိုးနေကြပြီ၊ ဒီကနေ့တော့ မြင်းပွဲကြောင့် ထင်ပါရဲ့ ဆရာ၊ တစ်မနက်လုံးမှာမှ လူသုံးလေးဆယ်လောက် လာကြတာ မြင်မိပါသေးတယ်"

"မြင်းပွဲကလည်း ဘုရင်ခံဖလားပွဲဆိုတော့ သိပ်စည်ဟန်တူတယ်ဗျ"

အစောင့်နှစ်ယောက်တို့ကို ကျော်လွန်လာကြသောအခါ ကျွန်တော့်မှာ ဂျူဗလီဟောဝင်းအတွင်းမှ ထွက်ပြီးသားဖြစ်၍ ဝေးချင်လှပြီဖြစ်သောကြောင့် ခြေလှမ်းခပ်သုတ်သုတ်နှင်မိသည်တွင် "ဖြည်းဖြည်းဗျ မန်းတင့်၊ ဖြည်းဖြည်းလုပ်ပါ။ ခင်ဗျား ခြေလှမ်းသုတ်ပုံနဲ့ဆိုရင် ဟိုငနဲတွေက မသင်္ကာလို့ လိုက်ကြည့်မှဖြင့် အကျိုးနည်းကုန်လိမ့်မယ်" ဟု ဒဂုံတင့်က ပြောသေး၏။

မန်း။ ။ "ကိုယ့်လူတော့ ရူးနေပြီ ထင်တယ်၊ ဘယ့်နှယ်လုပ်တာလဲဗျ"

ဂုံ။ ။ "ဆိုနိုင်ဘူးဗျို့ ခုနင်ကတုန်းကတော့ ရူးသွားသလား မပြောတတ်ဘူး၊ ခုတော့ မရူးပါဘူးဗျာ စဉ်းစားနိုင်ပါပြီ။ ဒါကြောင့်

ဖြည်းဖြည်းလျှောက်ပါလို့ ကျုပ်ပြောတာပေါ့၊ ဝင်းပေါက်
ကလည်း ဝေးလိုက်တာနော် ရောက်ပဲ မရောက်နိုင်ဘူး"

ထိုခဏ၌ ဝင်းတံခါးအနီးတွင် တက္ကစီတစ်စီးဆိုက်၍ လူများဆင်းလာကြလျှင် ကျွန်တော်တို့သည် တက္ကစီပေါ်သို့ တက်ကြလေ၏။ "ရွှေတိဂုံဘုရား မောင်းစမ်းဟေ့" ဟု ဒဂုံတင့်က အသံကျယ်စွာနှင့် ပြော၍ အတန်ငယ်မောင်းနှင်မိသည်တွင်၊ ဒဂုံတင့်သည် ဘုရားဘက်သို့ သွားသောလမ်းအတိုင်း မလိုက်စေဘဲ လက်ယာဘက်လမ်းသို့ ချိုးစေပြီးလျှင် လျင်မြန်စွာ မောင်းနှင်ရန် တိုက်တွန်းလေ၏။

ကျွန်တော်တို့သည် ဖရေဇာလမ်းထောင့်၌ ရပ်၍ တိုက်ပေါ်သို့ ကောင်းမွန်ချောမောစွာ ဆိုက်ရောက်သောအခါ ကျွန်တော်သည် ဒဂုံတင့်အား ဤမျှလောက် တင်းတင်းမာမာပြောဆိုဖူးသည် မရှိဘဲ၊ ၎င်း၏အချည်းနှီး မိုက်မဲသောအဖြစ်ကို ပြင်းထန်စွာ ကဲ့ရဲ့ရှုတ်ချပြောဆိုလေ၏။ ဒဂုံတင့်သည် ကျွန်တော်၏ဒေါသကို ရိပ်မိ၍ မည်သို့မျှ ပြန်မပြောဘဲ ကုလားထိုင်ပေါ်တွင် မျက်လုံးကလေး ပုတ်ခတ် ပုတ်ခတ်နှင့် ငေးကြည့်နေလေ၏။ ကျွန်တော်က အကျိုးရှိမည့်အလုပ်ဆိုလျှင် အသက်ကိုပင်စွန့်ဖို့ အသင့်ရှိသော်လည်း အရည်မရ အဖတ်မရ ရဲသားကို အကြောင်းမဲ့ လက်သီးနှင့်ထိုး၍၊ လက်သီးလေ့ကျင့်ခြင်းအလုပ်ကိုမူ မည်သည့်နည်းနှင့်မျှ ထောက်ခံအားပေးခြင်း ပြုနိုင်မည်မဟုတ်ကြောင်းနှင့် မြည်တွန်ရေရွတ်သောအခါ ဒဂုံတင့်သည် မျက်ခုံးချီလျက် စကားပြောမည်ပြုသော်လည်း ကျွန်တော်က ပြောခွင့်မပြုဘဲ ကရားရေသွန် မြည်တွန်တောက်တီးလေ၏။

မန်း။ ။ "ခင်ဗျားလုပ်လိုက်မှဖြင့် ဒါမျိုးချည်းပဲ၊ ပြောတော့တစ်မျိုး
လုပ်တော့တစ်မျိုး၊ လူတစ်ဖက်သားကို တင်ကြိုပြီး ဘယ်
တော့မှ အသိ ပေးမထားဘူး၊ တန်ပါပြီဗျာ နောက်တော့

ခင်ဗျားနဲ့ အလုပ် မလုပ်ဝံ့တော့ပါဘူးဗျာ..."

ဂုံ။ ။ "ဒီကနေ့တော့ ဒီလို မလုပ်ရပါဘူးဗျာ၊ ဘုရားကို စူးပါစေ"

မန်း။ ။ "ဒါဖြင့် ခင်ဗျားက ဒီကနေ့အဖို့မှာ ပုန်းအောင်းဖို့နေရာ စုံစမ်းရုံ အကြံအစည်လောက်နဲ့ သွားပါတယ်လို့ ဆိုချင်တာပေါ့လေ"

ဂုံ။ ။ "မှန်ပါတယ်ဗျာ ဒီအတိုင်းပါပဲ"

မန်း။ ။ "ဘယ်လိုနေရာမှာ ပုန်းနေရင် လုံခြုံလောက်ပါရဲ့လို့ စုံစမ်းရုံလောက်ပေါ့လေ..."

ဂုံ။ ။ "ဟုတ်ပါတယ် မန်းတင့်ရယ်"

မန်း။ ။ "ဒါဖြင့် ဘယ့်နှယ်ကြောင့် ဟိုလူကို အကြောင်းမဲ့သက်သက် သွားထိုးရတာလဲဗျာ..."

ဂုံ။ ။ "အကြောင်းမဲ့တော့ မဟုတ်ပါဘူး မန်းတင့်ရယ်၊ ကျုပ်အဖို့တော့ ကောင်းကောင်းကြီး လုံလောက်တဲ့အကြောင်း ရှိပါတယ်။ ငနဲက ကျုပ်ကို စိုက်ကြည့်နေတော့ ရွှေဖလားကို ကျုပ်ကြည့်ပုံဟာ မရိုးဘူး၊ လိုချင် ရချင်တဲ့စိတ်ရှိရုံသာမက ခိုးယူဖို့ အကြံအစည်ရှိတယ် ဆိုတာကို သူ ရိပ်မိတယ်။ သူ ရိပ်မိတဲ့အဖြစ်ကို ကျုပ်က သိတယ်။ ဒါကြောင့်မို့လို့ မူလက ကြံရွယ်ချက်မရှိဘဲနဲ့ သူ့ကို ကျုပ်က ရုတ်တရက် လက်သီးနဲ့ ထိုးလိုက်မိတယ်။ သို့သော် ပါးချိတ်ကို လက်သီးနဲ့ ထိုးရုံလောက်နဲ့တော့ ကိစ္စမရှိတန်ကောင်းပါဘူးဗျာ..."

မန်း။ ။ "ဘယ့်နှယ်ဗျာ ခိုးယူဖို့ အကြံအစည်ရှိတယ်ဆိုပါဦးတော့၊ ကြံစည်ရုံနဲ့ ခင်ဗျားကို ဖမ်းပြီး တရားစွဲနိုင်လို့လားဗျ"

ဂုံ။ ။ "တရားတော့ မစွဲနိုင်ပေဘူးပေါ့။ သို့သော် အခွင့်ကောင်း တစ်ခုကြုံနေတာကို လက်လွှတ်ပစ်ရမယ်ဆိုရင်လည်း သေ

လိုက်ဖို့ ကောင်းတာပဲဗျ။ ဂျူဗလီဟောရဲ့ အခဲ့ပွဲကို တစ်နေ့မှာ ဆယ်ခေါက်သွားစောင့်ချေ။ ဒီကနေ့မနက်လို အခွင့်ကောင်း မျိုးတော့ ကြုံလိမ့်မယ် မထင်ဘူး။ ဧည့်သည်တွေကလည်း ပြတ်လတ်နေတယ်။ အစောင့်နှစ်ယောက်ရှိတာကလည်း အပြင်ဘက်ထွက်ပြီး ရုတ်တရက် မကြားနိုင်လောက်တဲ့ နေရာမှာ စကားပြောနေကြတယ်။ ဒီလို အခွင့်ကောင်းမျိုးနဲ့ ကြုံလို့မှ ဒီအတိုင်း ပြန်ထွက်လာကြမယ်ဆိုရင် ကျုပ်ထက် မိုက်မဲတဲ့လူ ဘယ်မှာ ရှိဦးမှာလဲဗျ"

မန်း။ ။ "ဒါနဲ့များတောင် ဘာမှ မယူခဲ့ဘဲနဲ့ လက်ချည်းပဲ လာခဲ့ပါ ပေ့ဗျာ"

ထိုအခါ ဒဂုံတင့်သည် အလွန်ထူးဆန်းသော ပြုံးခြင်းမျိုးဖြင့် ကျွန်တော်၏မျက်နှာကို ပြုံးကြည့်ပြီးလျှင် ဦးခေါင်းထက်၌ ခပ်စောင်း စောင်း ဆောင်းထားသော ဦးထုပ်ကို ချွတ်လိုက်သည်တွင် ရွှေဖလား ပေါ်ထွက်လာလေ၏။

နောက်တစ်နေ့ထုတ် သတင်းစာများတွင် မင်းတုန်းဘုရင်၏ ရေသောက်ဖလား ပျောက်ဆုံးသွားပုံအခြင်းအရာကို အကျယ်တဝင့် ထည့်သွင်းဖော်ပြကြလေရာ ရဲကို လက်သီးနှင့်ထိုးသောလူမှာ ဖျတ် လတ် သွက်လက်သော လူချောလူလှတစ်ယောက် ဖြစ်ကြောင်း၊ ၎င်း၏အဖော်မှာ ထုံထုံထိုင်းထိုင်းရှိ၍ အလိုတူ အလိုပါမဟုတ်ဘဲ နောက်လိုက်တပည့်မျှသာ ဖြစ်ဟန်တူကြောင်း၊ လက်သီးထိုးခံရသော ရဲအရာရှိမှာ သတိရ၍ ထကြည့်လိုက်သောအခါ၌ လူဆိုးနှစ်ယောက် တို့မှာ ဂျူဗလီဟောရဲ့ကြီး၌ မရှိကြတော့ဘဲ အခြားဧည့်သည်များ ရောက်နေကြသည်ကိုသာ တွေ့ရကြောင်း စသည်ဖြင့် ဖတ်ရှုရလေ၏။ ထို့ပြင် ၎င်းအမှု၌ နာမည်ကျော်စုံထောက်ကြီးတစ်ဦးကို အထူးစေလွှတ်

စုံစမ်းစေသည်ဖြစ်ကြောင်း မကြာမီအတွင်းပေါ်ပေါက်ဖို့ မျှော်လင့်ကြောင်းများနှင့်လည်း ဖော်ပြပါရှိလေသည်။

ဒဂုံတင့်မှာမူ လက်ထဲသို့ ရွှေဖလားရောက်သောအချိန်မှ စ၍ ဘီယာပုလင်းကို တစ်ပုလင်းပြီး တစ်ပုလင်း ဖွင့်ကာ သောက်နေလေရာ တစ်ခွက်သောက်ပြီးနောက် နှုတ်ခမ်းကို လျှာဖြင့်လျက်ကာ အရသာခံနေပုံကို ထောက်ခြင်းအားဖြင့် သောက်နေကျဖြစ်သော ဘီယာသည်ပင် လျှင် ရွှေဖလားအတွက်ကြောင့် အရသာထူးထွက်ပေါ်လာလေဟန် မှတ်ထင်ရပေတော့သည်။ ထိုနေ့များအဖို့၌ ဒဂုံတင့်သည် ဝီစကီ၊ ဘရန်ဒီ စသော အရက်များကို လုံးဝ မသောက်တော့ဘဲ သော့တံဆိပ် ဘီယာတစ်မျိုးတည်းကိုသာ တစ်ပုလင်းပြီး တစ်ပုလင်း သောက်နေလေရာ အားလပ်သောအချိန်များတွင်လည်း ရွှေဖလား၌ ထုထားသော တေမိဇာတ်ကွက်ရုပ်ပုံကလေးများကို မှန်ဘီလူးကလေးနှင့် သေချာစွာကြည့်နေလေ၏။

"မြည်းကြည့်စမ်းပါဦးဗျ မန်းတင့်ရဲ့..."

"တော်စမ်းပါဗျာ ကျုပ်က ခင်ဗျားလို စိတ်ကူးယဉ်တတ်တဲ့လူ မဟုတ်ပါဘူး၊ ဖန်ခွက်နဲ့ သောက်ရင်လည်း အတူတူကောင်းတာပါပဲ။ ကျုပ်အဖို့ကတော့ ရွှေခွက်ကို မလိုချင်ပါဘူး၊ ရွှေခွက်ရဲ့တန်ဖိုးကိုသာ လိုချင်ပါတယ်။ ဒါထက် ကျုပ်တစ်ခုပြောမယ်နော်၊ ခင်ဗျားခံနိုင်ပါ့မလား"

"ပြောသာ ပြောပါဗျာ၊ ဟိုတစ်နေ့က ပြောတာထက်တော့ ပြင်းပြင်း ထန်ထန် ပြောစရာစကား မရှိနိုင်တော့ပါဘူး"

"ဒီလိုလေဗျာ ဒဂုံတင့်ရဲ့၊ ဘုန်းတို့ သမ္မာတို့ဆိုတာ ခင်ဗျားယုံကြည်သလား"

"ဆိုစမ်းပါဦးဗျ"

"လူဆိုတာ ဘုန်းရှင် သမ္ဘာရှင်ရယ်လို့ ရှိတတ်တယ်ဗျ။ လူအားလုံးအတူတူချည်း မဟုတ်နိုင်ဘူး"

"တူတဲ့နေရာမှာ တူတယ်၊ မတူတဲ့နေရာမျိုးလည်း ရှိမှာပေါ့ဗျာ"

"ကျုပ်ပြောချင်တာက ခင်ဗျား အခုသုံးနေတဲ့ ရွှေဖလားဟာ မင်းတုန်းဘုရင်ရဲ့ သောက်တော်ရေဖလားဆို မဟုတ်လားဗျ"

"ဒီလို ဆိုတာပဲ"

"ရှင်ဘုရင်ဆိုတာ လောကသမုတိနတ်လို့ အသိအမှတ်ပြုကြတယ်ဗျ"

"ဒီတော့ ဘာဖြစ်သလဲ"

"သူတို့သုံးတဲ့ခွက်ကို ခင်ဗျားက သုံးနေတယ်။ ပြီးတော့ ရေရိုးရိုးတောင်မှ မဟုတ်လိုက်သေးဘူး၊ ဘီယာထည့်ပြီး သောက်နေတယ်"

"ဒါ ဘာဖြစ်သလဲ"

"ဘုန်းရှင် သမ္ဘာရှင်တစ်ဦးတစ်ယောက် သုံးစွဲခဲ့တဲ့ ပစ္စည်းတစ်ခုကို ခင်ဗျားက ဆက်လက်သုံးလို့ ခင်ဗျားမှာ သူတို့လို ဘုန်းသမ္ဘာရှင်တစ်ဦး မဟုတ်ခဲ့လို့ရှိရင် ဘုန်းပိတတ်တယ်လို့ ပြောကြတယ်"

"ဒါက ဟိုရှေးက အယူအဆတွေပါဗျာ၊ လောကဝစနံ သစ္စံပိ၊ အသစ္စံပိတဲ့ မှန်ချင်လည်း မှန်မယ်၊ မမှန်ချင်လည်း နေမပေါ့ဗျာ"

"မတော်တဆ မှန်နေရင် ဘယ့်နှယ်လုပ်မလဲဗျာ..."

"ဟုတ်တယ်ဗျို့ မှန်ချင် မှန်နိုင်တယ်ဆိုတာ တစ်ချက်တော့ ရှိပေတယ်၊ နေဦးဗျာ ကျုပ် စဉ်းစားဦးမယ်"

နောက်တစ်နေ့ နံနက်စောစောတွင် ဒဂုံတင့်သည် ကျွန်တော့်ကို အိပ်ရာမှ နှိုး၍...

"ကျုပ်တို့ မနေ့က ပြောတဲ့စကားအတွက် အဖြေရပြီဗျို့"

"ဘယ်စကားလဲဗျ"

"ရွှေဖလားအကြောင်းဟာလေ၊ ခင်ဗျားကိုတောင် ကျုပ် မပြောမိသေးဘူး၊ ကျုပ်ဟာ တစ်စုံတစ်ခု အကြီးအကျယ်ဆောင်ရွက်မယ်ဆိုတိုင်း အိပ်မက်ယူယူပြီး အိပ်တတ်တဲ့ဝါသနာ ရှိတယ်။ လုပ်သင့်မလုပ်သင့် အိပ်မက်ပေးတိုင်း နားထောင်လျှင် ထောင် နားမထောင်လို့ ဖွတ်လုပ်မိတိုင်း ဒုက္ခတွေ့ရတာချည်းပဲ၊ ဒီရွှေဖလားကိုလည်း ကျုပ်မသုံးဖို့ အိပ်မက်ပေးနေပြန်ပြီဗျ"

"ကောင်းပါလေ့ဗျာ ဘယ်လိုများ အိပ်မက်မက်လို့လဲဗျ..."

"အိပ်မက်ထဲမှာ ကျုပ်အဖေဝတ်တဲ့ ပုဆိုးရှည်ကြီးကို ယူဝတ်မိလို့ ပုဆိုးစကို နင်းမိပြီး လှေကားပေါ်က ကျွမ်းပြန်ကျလိုက်တာဗျာ..၊ ဒီတော့ အမေက ကိုယ်နဲ့ မတော်တဲ့ပစ္စည်းကို ယူသုံးတဲ့ ကောင်ကလေး မှတ်ကရောတဲ့ ပြောလိုက်သေးဗျ"

"ခင်ဗျားအိပ်မက်က တိုက်ရိုက်ပဲကိုး၊ ဒါဖြင့် ဘယ့်နှယ်လုပ်ပ"

"ကျုပ်သဘောကတော့ တပင်တပန်း ခိုးယူထားရတာမို့ အကျိုးမခံစားရဘဲ လွှင့်ပစ်လိုက်ရမှာ နှမြောတာပေါ့ဗျ၊ ဒီဟာကို ထုချေပြီးရောင်းသုံးပြန်ရင် အလွန်လှပတဲ့ ရှေးက လက်ရာတစ်ခု ကွယ်ပျောက်သွားမှာကို မကြည့်ရက်ဘူးဗျ"

"ဒီတော့ကို ဘယ်လိုလဲ ပြန်ပို့မလား"

"ပြန်ပို့ပြန်ရင်လည်း ခြေရာလက်ရာတွေကောက်ပြီး စုံထောက်အဖို့ သဲလွန်စတစ်ခုဖော်ပေးသလို ဖြစ်နေဦးမယ်၊ ဒီတော့ ဒီလို လုပ်ပေတော့၊ မုန့်သေတ္တာအကြီးစားတစ်လုံး ဝယ်စမ်းချေဗျာ"

ကျွန်တော်သည် မုန့်သေတ္တာတစ်လုံးကို ဝယ်ယူ၍ ဒဂုံတင့်သို့ပေးအပ်သောအခါ ဒဂုံတင့်သည် အတွင်း၌ရှိသော မုန့်များကို သွန်ချ၍ စက္ကူအထပ်ထပ်ခံပြီးလျှင် ရွှေဖလားကို စာတစ်စောင်နှင့်အတူ သေတ္တာထဲသို့ ထည့်ပြီးမှ၊ စက္ကူထူများနှင့် သေချာသပ်ရပ်စွာ ရစ်ပတ်လေ၏။

ဋင်းနောက် စက္ကူပေါ်၌ လိပ်တပ်လေ၏။

လိပ်မှာကား...

**အိန္ဒိယပြည် မဒရပ်နယ်**

**ရတနာဂီရိမြို့၊**

**သီပေါဘုရင်၏ အပါးတော်မြဲထံသို့။**

ဟူ၍ အင်္ဂလိပ်စာဖြင့် ရေးသားလေ၏။

အတွင်း၌ ထည့်လိုက်သော စာမှာကား...

**ဘုန်းတော်ကြီးဘုရားထံသို့ လျှောက်ထား အသနားခံပါသည် ဘုရား**

**ခမည်းတော်ဘုရား အသုံးပြုတော်မူခဲ့သော ဤ သောက်တော်ရေဖလားမှာ ဘုန်းသမ္ဘာရှင် မဟုတ်သော ကျွန်တော်မျိုး၏လက်ဝယ်သို့ ကံအားလျော်စွာ ရောက် ရှိလာပါ၍ မထိုက်တန်သောပစ္စည်းကို သုံးစွဲခြင်းငှာ မဝံ့သည်က တစ်ကြောင်း၊ တိုင်းတစ်ပါး၌ ရောက်ရှိနေ တော်မူသော ဘုန်းတော်ကြီးဘုရားအား သတိရသော အထိမ်းအမှတ်ပြုလိုသည်က တစ်ကြောင်း၊ ခမည်းတော် ဘုရား၏ အသုံးအဆောင်ပစ္စည်းတစ်ခုကို အရှင့်သား တော်သည်သာလျှင် ဆက်ခံအသုံးပြုသင့်သည်ဟု ယူဆ သည်က တစ်ကြောင်းကြောင့် စာတိုက်မှ တင်ပို့ဆက်သ လိုက်ရပါသည် ဘုရား။ ကျွန်တော်မျိုး၏လက်ဝယ်သို့ ဤဖလားရောက်ရှိလာပုံ အခြင်းအရာများမှာ အင်္ဂလိပ် အစိုးရတို့က ထောက်လှမ်းစုံစမ်းလျက် ရှိသည်ဟု ကြား သိရပါသောကြောင့်၊ ဤပါဆယ်ထုပ် လက်ခံရရှိသည့် အခြင်းအရာနှင့် ပတ်သက်၍ အခြားသူတို့အား မိန့်**

**တော်မမူဘဲ ဆိတ်ဆိတ်နေတော်မူပါက မကြာခဏ စုံစမ်းမေးမြန်းခြင်းခံရသည့် ဒုက္ခမှ လွတ်ငြိမ်းချမ်းသာ ခွင့် ရနိုင်မည်ဖြစ်ပါကြောင်း ရိုသေလေးမြတ်စွာဖြင့် လျှောက်ထား အကြံပေးရပါတော့သည်ဘုရား။**

**ဘုန်းတော်ကြီးဘုရား၏ သစ္စာတော်ခံ ကျေးကျွန်တစ်ဦး၏ အဆက်အနွယ်တစ်ယောက်။**

"သစ္စာတော်ခံ ကျေးကျွန်ဆိုတာက ဘာအဓိပ္ပာယ်လဲဗျ"

"ကျုပ်တို့အဘိုးက သီပေါဘုရင်လက်ထက်တော်မှာ အထက်တန်း အရာရှိပေါ့ဗျာ"

"ဒါဖြင့် ခင်ဗျားက မြန်မာမင်း အရာရှိမျိုးနွယ်ပေါ့"

"အစစ်ပဲ၊ ကျုပ်တို့အဖေကို အင်္ဂလိပ်မင်းရောက်ခါစက ရာထူး တစ်ခု ချီးမြှင့်ဖူးတယ်၊ ကျုပ်တို့အဖေက ကုလားဖြူလက်အောက်မှာ အမှုမထမ်းဘူး၊ ငါတို့ဘုရင် မကြာခင် ပြန်လာလိမ့်မယ်ဆိုပြီး တမျှော်တည်း မျှော်လာခဲ့တယ်။ ကျုပ်တို့အဖေလို မြန်မာဘုရင်ကို မျှော်လင့်နေကြတဲ့ပုဂ္ဂိုလ်တွေဟာ ဟိုခေတ်တုန်းက အများကြီးပဲဗျ၊ ကျုပ်တို့ အင်္ဂလိပ်သင်ဖို့ ကိစ္စဟာတောင်၊ ကျုပ်တို့ဘွားဘွား ကွယ်လွန်တဲ့နောက်မှ အင်္ဂလိပ်ကျောင်းကို အဖေက ပို့တော့တယ်။ သို့သော် အင်္ဂလိပ် အစိုးရလက်အောက်မှာ အမှုထမ်းဖို့ဆိုတာတော့ အဖေက လုံးဝ စိတ်ကူး မထည့်ဘူး။ ကျုပ်ကလည်း အင်္ဂလိပ်ကျောင်းမှာနေတုန်းက ရှေ့ဘင်ဟု ဝတ္ထုတို့၊ ဖရန်ဆစ်ဒရိတ်ရာဇဝင်တို့ကို အားကြီးဖတ်ပြီး ကျုပ်စိတ်ထဲမှာ ကိုယ့်ဘုရင်နဲ့ ကိုယ်မနေရသမျှ ကာလပတ်လုံး နိုင်ငံခြား အစိုးရကို တတ်နိုင်သမျှ အနှောင့်အယှက်ပေးလိုတဲ့ ဆန္ဒတွေ မကြာမကြာ ဖြစ်ပေါ်နေတယ်။ အဲဒါကြောင့် ကျောင်းကထွက်ပြီးတဲ့

အချိန်ကစပြီး ခင်ဗျားသိတဲ့အတိုင်း ဒီလို မဟုတ်တရုတ်အလုပ်တွေကို တောက်လျှောက် လုပ်လာခဲ့တာကိုးဗျ၊ တစ်နေ့နေ့တော့ ခပ်ဖိုင့်ဖိုင့် ကလေးရရင် တောနယ်တစ်နယ် သွားပြီး လယ်ကလေး ဘာလေးဝယ်၊ နွားကလေး မြင်းကလေးမွေး၊ ခပ်အေးအေးနေမယ်လို့ စိတ်ကူးထား တာပဲဗျာ"

"နို့ဗျာ အိမ်ထောင်မပြုတော့ဘူးလား ဒဂုံတင့်ရဲ့"

"ဖြစ်ပါဘူးဗျာ ကျုပ်ကြိုက်တဲ့မိန်းမက သေရှာပြီဗျာ၊ သို့သော် အဲဒီအဖြစ်အပျက်ကလေးကို နောက်များတော့ ပြောပြရသေးတာပေါ့"

"ဘယ်တုန်းက ကြုံခဲ့တဲ့ အဖြစ်အပျက်လဲဗျ"

"သဘော်ာပေါ်က ခုန်ဆင်းထွက်ပြေးပြီး လေးငါးနှစ်လောက် ကျုပ်ပျောက်နေခဲ့တယ် မဟုတ်လား၊ အဲဒီတုန်းက တွေ့ခဲ့ရတဲ့ သူငယ်မ ပေါ့"

"သဘော်ာပေါ်က ဘိုကပြားမလေး မဟုတ်သေးဘူးလား"

"ဟုတ်ပါဘူးဗျာ... အဲဒါက ယာယီကိစ္စပါ..."

❑